# ကြေးမုံ

**The Mirror Daily**

Established in 1957


**အမြဲတည်ခြင်းသည် မရှိချေ**

အရိုးစု ၃၀၀ တို့ဖြင့် ဖွဲ့စည်းထားအပ်သော ဤခန္ဓာကိုယ်သည် အဆန်းတကြယ်ပြုလုပ်အပ်သော အရုပ်နှင့်တူ၏။ နာကျင်တတ်သောသဘောရှိ၏။ ယင်းခန္ဓာကိုယ်သည် ကုန်ဆုံးပျက်စီးခြင်းသို့ ရောက်ရ၏။ အမြဲတည်ခြင်းသည် မရှိချေ။ (ခန္ဓာကိုယ်သည် ကုန်ဆုံးပျက်စီး၍ အတည်မဲ့သောသဘောရှိသဖြင့် မစွဲလမ်း မနှစ်သက်အပ်ချေ။)

ဇရာဝဂ်(ဓမ္မပဒ-၁၄၇)


၁၃၈၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက်၊ အင်္ဂါနေ့။ Tuesday, 1 December 2020 ၁၀၂၁၃


# လွှတ်တော်အသီးသီး၏ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲဆိုင်ရာ စာရင်းဇယားများနှင့် ရာခိုင်နှုန်းများကို ထုတ်ပြန်ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကြေညာချက်အမှတ် ( ၂၆၈ / ၂၀၂၀ )

၁၃၈၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်

(၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၃၀ ရက်)

## လွှတ်တော်အသီးသီး၏ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲဆိုင်ရာ စာရင်းဇယားများနှင့် ရာခိုင်နှုန်းများကို ထုတ်ပြန်ကြေညာခြင်း

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ပြည်ထောင်စုတစ်ဝန်းလုံး၌ တစ်ပြိုင်တည်း ကျင်းပခဲ့ပါသည်။ ကျင်းပခဲ့သည့် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ၃၁၅ နယ်၊ အမျိုးသားလွှတ်တော်မဲဆန္ဒနယ် ၁၆၁ နယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ် (တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် ၂၉ ခုအပါအဝင်) ၆၄၁ နယ်တို့တွင် လွှတ်တော်အလိုက် မဲဆန္ဒနယ်အသီးသီးအတွက် ရွေးကောက်တင်မြှောက်ခံရသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ အမည်များကို ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။

၂။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများအရ ၂၀၂၀ ပြည့်နှစ်၊ အထွေထွေရွေးကောက်ပွဲကျင်းပပြီးစီးမှုအခြေအနေကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၁၀၆ (ခ) အရ ရွေးကောက်ပွဲကျင်းပပြီးသည့်နေ့မှ ၄၅ ရက်အတွင်း အစီရင်ခံစာ ထုတ်ပြန်ကြေညာရန် စီစဉ် ဆောင်ရွက်လျက်ရှိပါသည်။

၃။ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ရွေးကောက်ပွဲဆိုင်ရာ စာရင်းဇယားများနှင့် ရာခိုင်နှုန်းများကို အများပြည်သူသိရှိနိုင်ရန် အောက်ပါအတိုင်း ထုတ်ပြန်ကြေညာလိုက်သည် -


စာမျက်နှာ ၃ ကော်လံ ၁ သို့ ❒




# မြန်မာ-ကိုရီးယားချစ်ကြည်ရေး ဒလတံတားစီမံကိန်း ၂၀ ရာခိုင်နှုန်းပြီးစီး

**ရန်ကုန် နိုဝင်ဘာ ၃၀**

ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ်နှင့် ဒလမြို့နယ်တို့သို့ ရန်ကုန်မြစ်ကို ဖြတ်သန်းကာ ဆက်သွယ်တည်ဆောက်နေသည့် မြန်မာ – ကိုရီးယားချစ်ကြည်ရေး (ဒလ) တံတားစီမံကိန်းကို အပိုင်း သုံးပိုင်းခွဲကာ တည်ဆောက်နေပြီး ယခုအခါတွင် လုပ်ငန်းအားလုံး၏ ၂၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း တံတားတည်ဆောက်ရေးအဖွဲ့ စီမံကိန်းရုံးမှ သိရသည်။

"အခုကတော့ ဒလတံတားစီမံကိန်းက အပိုင်းသုံးပိုင်းစလုံး ပြန်လည်စတင်နေပြီဖြစ်ပါတယ်။ ပင်မတံတားအနေနဲ့ဆိုရင် နိုဝင်ဘာလနောက်ဆုံးပတ်က ဘိုးပိုင်တစ်လုံးက အားလုံးပြီးစီး၍ ကွန်ကရစ်လောင်းတာတွေ လုပ်ကိုင်ပြီးဖြစ်ပါတယ်။ ပင်မတံတားမှာ စုစုပေါင်း ဘိုးပိုင် ၄၆ လုံးရှိတဲ့နေရာမှာ ၂၇ လုံးပြီးစီးလို့ ကွန်ကရစ်လောင်းပြီးဖြစ်ပါတယ်။ ဒီတံတားကြီးကို ကိုရီးယားနိုင်ငံရဲ့ တည်ဆောက်ရေး Quality Control အတိုင်း အရည်အသွေးမီ၍ ခိုင်ခံ့ကောင်းမွန်သော တံတားကြီးတစ်စင်း ပေါ်ပေါက်လာဖို့ ဆောင်ရွက်နေပါတယ်။ ဒ့ါအပြင် လုပ်ငန်းဆောင်ရွက်တဲ့နေရာမှာလည်း တည်ဆောက်ရေးလုပ်ငန်းမှာ ပါဝင်နေတဲ့ လုပ်သားတွေ Safety ကို လုံခြုံစိတ်ချစွာ ဆောင်ရွက်နိုင်ဖို့ ကြီးကြပ်ဆောင်ရွက်နေပါတယ်။ ကျွန်တော်တို့ ဒီတံတားကြီးကို ၂၀၂၂ ခုနှစ် အောက်တိုဘာလမှာ အားလုံးပြီးစီးအောင် ဆောင်ရွက်သွားဖို့ မျှော်မှန်းပြီး လုပ်ဆောင်နေပါတယ်"ဟု ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ကောင်းချိုက ပြောသည်။


စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ✪



ကြေးမုံ ယနေ့ ဖတ်စရာ

ပဲခူးသာလျှင် ဇေယျာဆောင်မြတ်နက်သန်တည်း — ဆောင်းပါး စာမျက်နှာ » ၆

အရှေ့အလယ်ပိုင်းဒေသ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုအခြေအနေ — စာမျက်နှာ » ၁၁

အမိတက္ကသိုလ်နှင့် ရင်သို့တိုးဝှေ့ဆဲ အမှတ်တရများစွာ ... — ဆောင်းပါး စာမျက်နှာ » ၂၀





KBZ BANK

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

# ကြေးမုံ

## နှစ်(၁၀၀)ပြည့် သမိုင်းဝင်တက္ကသိုလ်

မြန်မာနိုင်ငံ၏ဂုဏ်ဆောင် ရန်ကုန်တက္ကသိုလ်ကြီးကို တည်ထောင်ဖွင့်လှစ်ခဲ့သည်မှာ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၁ ရက်(ယနေ့)တွင် နှစ်(၁၀၀)ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ ကြုံတောင့်ကြုံခဲ တက္ကသိုလ်ရာပြည့်သဘင်ပွဲကို ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေစဉ်ကာလအတွင်း ကျန်းမာရေးဆိုင်ရာ စည်းမျဉ်းများနှင့်အညီ ဝေဝေဆာဆာ ထည်ထည်ဝါဝါ ဖော်ဆောင်နိုင်သဖြင့် ဂုဏ်ယူဝမ်းမြောက်မိသည်။

မြန်မာနိုင်ငံ၏ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်း၊ မြန်မာနိုင်ငံ၏ ပညာရေးဖြစ်ထွန်းမှုသမိုင်းကြောင်းတို့ကို ပြန်ပြောင်းလေ့လာကြည့်မည်ဆိုလျှင် ရန်ကုန်တက္ကသိုလ်ကြီးသည် အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်ခဲ့ပြီး ဂုဏ်ယူဖွယ်ရာများဖြင့် အထင်အရှားဖော်ဆောင်နိုင်ခဲ့သည့် သမိုင်းမှတ်တမ်းများစွာ ရှိခဲ့ပေသည်။ နှစ်ပေါင်း (၁၀၀) ကာလအတွင်း နိုင်ငံနှင့်လူမျိုးအကျိုးအတွက် ထိရောက်စွာ ဆောင်ကြဉ်းပေးနိုင်ခဲ့သဖြင့် ရာပြည့်ကာလ၌ ရန်ကုန်တက္ကသိုလ်ကို ထိုက်ထိုက်တန်တန် ဂုဏ်ပြုကြရမည်ဖြစ်သည်။

ရန်ကုန်တက္ကသိုလ် ရာပြည့်အထိမ်းအမှတ်ပွဲများကို ယခု ၂၀၂၀ ပြည့်နှစ် နှစ်(၁၀၀)ပြည့်ရောက်မှ ကျင်းပပြုလုပ်ကြခြင်းမဟုတ်ဘဲ ၂၀၁၆ ခုနှစ်မှစတင်၍ သက်ဆိုင်ရာကဏ္ဍအလိုက် ရန်ကုန်တက္ကသိုလ် နှစ်(၁၀၀)ပြည့် ရာပြည့်အကြိုလှုပ်ရှားမှုများကို ဖော်ဆောင်နိုင်ခဲ့သည်။ ရန်ကုန်တက္ကသိုလ် နှစ်(၁၀၀)ပြည့်ပွဲသည် တက္ကသိုလ်လောကပတ်ဝန်းကျင်နှင့် သက်ဆိုင်သည့်ပွဲဖြစ်သည်ဟုဆိုသော်လည်း မြန်မာနိုင်ငံ၏ ဂုဏ်ယူဖွယ်ရာအထိမ်းအမှတ်တစ်ခုဖြစ်၍ မြန်မာတစ်မျိုးသားလုံး၊ မြန်မာ့ပညာရပ်အားလုံးနှင့်သက်ဆိုင်သည့် အထိမ်းအမှတ် အခမ်းအနားဖြစ်သည်။

ထို့ကြောင့် ရန်ကုန်တက္ကသိုလ်၏ ကောင်းမြတ်သည့်သမိုင်းကြောင်း၊ ကြီးမားသည့်အစဉ်အလာများကို ပြန်လည်ဖော်ထုတ်ကာ ရန်ကုန်တက္ကသိုလ်ကြီး၏ နှစ်(၁၀၀)ပြည့်မြောက်သည့် ရာပြည့်အထိမ်းအမှတ်များကို တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ ရန်ကုန်တက္ကသိုလ်ကြီး၏ ထွန်းတောက်သည့် သမိုင်းကြောင်းအစဉ်အလာများနှင့် တက္ကသိုလ်ကြီး၏ မမေ့နိုင်ဖွယ်ရာများကို ကိုယ်တိုင်တွေ့ကြုံ ဖြတ်သန်းခဲ့ကြသူများက ပြန်လည်ဖော်ထုတ် မျှဝေအသိပေးနိုင်၍ အသိပညာဗဟုသုတများ များစွာ ရရှိကြမည် ဖြစ်ပါသည်။

ဂုဏ်ဒြပ်မြင့်မားသောတက္ကသိုလ်ကြီး ဖြစ်ထွန်းတည်ရှိနေခြင်းသည် နိုင်ငံတကာအလယ်တွင် ဂုဏ်တင့်တယ်စေသဖြင့် ရန်ကုန်တက္ကသိုလ်ကြီး၏ ကောင်းမြတ်သောအစဉ်အလာကောင်းများကို ပြန်လည်ဖော်ထုတ်၍ အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် တက်ညီလက်ညီ အင်နှင့်အားနှင့် ဝိုင်းဝန်းပူးပေါင်းမြှင့်တင်ဆောင်ရွက်ပေးကြရမည်ဖြစ်သည်။ ရန်ကုန်တက္ကသိုလ်ကြီး နိုင်ငံတကာအလယ်တွင် ပြန်လည်ဝင်ဆံ့လာနိုင်ရေးအတွက် ပညာရေးပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်နေပြီဖြစ်သည်။ ရန်ကုန်တက္ကသိုလ်ကို နိုင်ငံတကာအဆင့်မီတက္ကသိုလ်အဖြစ် ဖြစ်ထွန်းလာစေရန် မဟာစီမံကိန်းဖြင့် ဖော်ဆောင်နေပြီ။ မဟာစီမံကိန်းဖော်ဆောင်ရေးအတွက် ဦးစီးကော်မတီနှင့် ပညာအရည်အသွေးမြှင့်တင်ရေးကော်မတီ၊ ရုပ်ပိုင်းဆိုင်ရာဖြည့်ဆည်းရေးကော်မတီနှင့် ရန်ကုန်တက္ကသိုလ် ပဋိညာဉ်ရေးဆွဲရေးကော်မတီများ ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်။

သမိုင်းဝင်ရန်ကုန်တက္ကသိုလ်၏ ရာပြည့်ကာလကို ဖြတ်သန်းနေသောအခါတွင် ရန်ကုန်တက္ကသိုလ်၏ ထွန်းတောက်ခဲ့သည့် ဂုဏ်ဒြပ်များနှင့် မမေ့နိုင်ဖွယ်ရာများကို ပြန်လည်ထုတ်ဖော်အသိပေးနေသလို နိုင်ငံတကာအဆင့်ဝင် တင့်တယ်လာစေရေးအတွက် အစီအမံများရေးဆွဲဆောင်ရွက်နေကြောင်းသိရသဖြင့် များစွာဝမ်းမြောက်မိသည်။ ရန်ကုန်တက္ကသိုလ်နှင့်ပတ်သက်၍ ၂၀၁၉ ခုနှစ် ဇူလိုင်လ ၁၀ ရက်နေ့ ရာပြည့်သဘင်ကျင်းပရေးအစည်းအဝေးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က “တက္ကသိုလ်တစ်ခုဆိုတာ ပညာပေးတဲ့ အဆင့်မြင့်ဌာနတစ်ခုလို့ ဒီလိုပဲမြင်ပါတယ်။ ဒါပေမယ့် ပညာပေးရုံတင်မက လူငယ်တွေကနေ လူကြီးတွေဖြစ်လာတဲ့အခါမှာ ပိုပြီးပြီးပြည့်စုံတဲ့ လူသားတွေဖြစ်အောင် ပြုစုပျိုးထောင်ပေးတဲ့ ဌာနတစ်ခုဖြစ်အောင် ပြုစုပေးနိုင်အောင် လုပ်ပေးချင်ပါတယ်”ဟု ပြောကြားခဲ့သည်။

ပြီးပြည့်စုံသောလူသားများဖြစ်လာစေရန် ပညာတစ်မျိုးတည်းတတ်မြောက်ရုံဖြင့် မလုံလောက်ဘဲ ဘက်ပေါင်းစုံတွင် ပညာပြည့်ဝနှလုံးလှသည့် လူသားများဖြစ်လာရေး ဆောင်ရွက်ကြရမည်ဖြစ်သည်။ ထို့ကြောင့် ရန်ကုန်တက္ကသိုလ်ကို ပြီးပြည့်စုံသောလူသားများ မွေးထုတ်ပေးနိုင်မည့် ပညာရေးဌာနကြီး၊ အဆင့်မြင့်ပညာဌာနကြီးဖြစ်လာအောင် မျှော်မှန်းဆောင်ရွက်နေသည်ကို တွေ့ရမည်ဖြစ်သည်။ အတိတ်တစ်ချိန်က တက္ကသိုလ်၏ ပညာရပ်ဆိုင်ရာသမိုင်းမှတ်တမ်းများသည် အနာဂတ်တက္ကသိုလ်အတွက် ပြုပြင်ပြောင်းလဲဆောင်ရွက်နိုင်မည့် အထောက်အပံ့ကောင်းများပင်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံနှင့်လူမျိုးတန်ဖိုးထားရာဖြစ်သည့် သမိုင်းဝင်ရန်ကုန်တက္ကသိုလ် နှစ်(၁၀၀)ပြည့်ကာလတွင် ထွန်းတောက်ခဲ့သော မမေ့နိုင်ဖွယ်ရာတက္ကသိုလ်ကြီး၏ ဂုဏ်ရည်အင်္ဂါရပ်များကို မြင်တွေ့သိရှိကြရပြီဖြစ်ရာ အနာဂတ်တွင် ပြီးပြည့်စုံသောလူသားများ ဆက်လက်မွေးထုတ်ပေးမည့် တက္ကသိုလ်ကြီးဖြစ်လာအောင် မျက်မှောက်ကာလလူသားများက ဝိုင်းဝန်းလက်တွဲ ကြိုးပမ်းဆောင်ရွက်ပေးကြရမည်ဖြစ်ပါကြောင်း။ ။

### အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး (၁၆)ရက်တာလှုပ်ရှားမှု အထိမ်းအမှတ်အခမ်းအနား

“အမျိုးသမီးများအပေါ်အကြမ်းဖက်မှု ကာကွယ်တုံ့ပြန်ဖို့၊ သီးသန့်ရန်ပုံငွေထားရှိလို့ အချက်အလက်ကောက်ယူစို့”

“Orange the World: Fund, Respond, Prevent, Collect!”

## အင်းစိန်မြို့နယ်၌ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကာကွယ်ရေး ၁၆ ရက်တာ လှုပ်ရှားမှုပိုစတာ ဆိုင်းဘုတ်တင်ပွဲ ပြုလုပ်




**ရန်ကုန် နိုဝင်ဘာ ၃၀**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ စော်ဘွားကြီးကုန်းလမ်းဆုံ ကားမှတ်တိုင်အနီးနှင့် အင်းစိန်ပန်းခြံရှေ့တို့၌ နိုဝင်ဘာ ၃၀ ရက် နံနက်ပိုင်းတွင် “အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ကာကွယ်ဖို့ သီးသန့်ရန်ပုံငွေထားရှိလို့၊ အချက်အလက်ကောက်ယူစို့” “၁၆” ရက်တာ လှုပ်ရှားဆောင်ရွက်မှု အများပြည်သူများ သိရှိနိုင်ရေး ပိုစတာဆိုင်းဘုတ်စိုက်ထူပွဲကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ ကျင်းပသည်။

ဆိုင်းဘုတ်ထူပွဲအပြီးတွင် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ၊ တြိအမျိုးသမီးအဖွဲ့၊ စိမ်းလန်းဘဝလူမှုဖွံ့ဖြိုးမှုအဖွဲ့၊ အင်းစိန်မြို့နယ် Women's Club အဖွဲ့၊ ကရင်အမျိုးသမီးဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့တို့ ပူးပေါင်း၍ ကားမှတ်တိုင်များ၊ လမ်းသွားလမ်းလာများ၊ ဆိုက်ကားဂိတ်များ၊ ဈေးများ၊ ဈေးဆိုင်များ၊ ဘတ်စ်ကားပေါ်တို့၌ ကလေး၊ လူကြီး ပါးစပ်နှာခေါင်းစည်းများ၊ လက်သန့်ဆေးရည်များ စသည့် အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ပြီး အသိပညာပေးမှုများ ဟောပြောခဲ့ကြသည်။

အဆိုပါပိုစတာ၊ ဗီနိုင်းများ စိုက်ထူပွဲတွင် အင်းစိန်မြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် နော်လှလှစိုး၊ ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာ ကေသီကျော်တို့ တက်ရောက်ကြပြီး ရန်ကုန်မြောက်ပိုင်းခရိုင် လူမှုဝန်ထမ်းဦးစီးဌာနမှ ဝန်ထမ်းများ၊ ရန်ကုန်မြောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများ ပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဉာဏ်ဟိန်း**

## မြင်းခြံမြို့နယ်၌ ၂၀၂၁ ခုနှစ် မိုးရာသီအတွင်း ပျိုးပင် ၂၀၀၀၀ အခမဲ့ ဖြန့်ဝေသွားမည်

**မြင်းခြံ နိုဝင်ဘာ ၃၀**

မြင်းခြံမြို့သည် နွေရာသီတွင် အလွန်ပူပြင်းခြောက်သွေ့သည့်အတွက် ရာသီဥတုနှင့် သဘာဝဘေးအန္တရာယ်များကို ကာကွယ်နိုင်ရန် ၂၀၂၁ ခုနှစ် မိုးရာသီအတွင်း မြင်းခြံမြို့နယ် သစ်တောဦးစီးဌာနမှ ပျိုးပင်ပေါင်း ၂၀၀၀၀ ကို ပြည်သူများအား အခမဲ့ ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြင်းခြံမြို့နယ် သစ်တောဦးစီးဌာနအနေဖြင့် ၂၀၂၁ ခုနှစ် မိုးရာသီအတွင်း လူထုဖြန့်ပျိုးပင် ၂၀၀၀၀ ကို အခမဲ့ဖြန့်ဝေပေးနိုင်ရန် ပျိုးထောင်လျက်ရှိကြောင်း၊ ယခုချိန်မှ ပျိုးပင်ပေါင်း တစ်သောင်းသုံးထောင်ကျော် ပျိုးထောင်ထားရှိပြီးစီးပြီဖြစ်ကြောင်း မြို့နယ်သစ်တောဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်ဌေးက ပြောသည်။

အခမဲ့ ဖြန့်ဝေပေးမည့် ပျိုးပင် ၂၀၀၀၀ အပြင် ဌာနစီမံချက်ဖြင့် ဖြန့်ဝေနိုင်ရန် ဒဟတ်ပျိုးပင် ၅၀၀၀ နှင့် အပင်ကြီးပျိုးပင်ဖြစ်သည့် ပိတောက်၊ ကျွန်း၊ ပျဉ်းကတိုး၊ မဲဇလီ၊ ဗာဒံ၊ ပိန္နဲ၊ ဖျောက်ဆိပ်၊ ရင်းမာ၊ သဘော်ာကုက္ကို၊ ပင်လယ်ကဗွီး၊ တမာ စသည့် ပျိုးပင် ၁၅၀၀ စုစုပေါင်း ပျိုးပင် ၆၅၀၀ ကိုလည်း ပျိုးထောင်ထားလျက်ရှိကြောင်း သိရသည်။

**ကျော်စွာ(မြင်းခြံ)**

ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဦးစိုးစိုးနိုင် | **အငယ်တန်း** | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ |
| **စာတည်းမှူး** | - ဦးဝင်းနိုင် | **သတင်းထောက်များ** | ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ |
| **သတင်းထောက်မှူး** | - ဦးမြင့်စိုး | | ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ |
| **စာတည်းများ** | - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ | | ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး |
| | ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ | **ဓာတ်ပုံသတင်းထောက်** | - ဦးခင်မောင်ဝင်း |
| | ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | **သုတေသန** | - ဒေါ်ဇင်မာဝင့် |
| **ဘာသာပြန်စာတည်းများ** | - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော် | **စာပြင်** | - ဒေါ်မြသီတာ၊ ဒေါ်ခင်သက်မွန်နှင့်အဖွဲ့ |
| **အကြီးတန်း** | - ဦးစိုးအောင်၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - ဦးခိုင်ဝင်း၊ ဦးကျော်သူရနှင့်အဖွဲ့ |
| **သတင်းထောက်များ** | ဒေါ်နေဇာဇာထွန်း | **အီးမေးလ်နှင့် အွန်လိုင်း** | - ဒေါ်အေးအေးသင်း၊ ဒေါ်ဇာရည်မွန်နှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com

www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁

ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂

မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူသာလျှင် အဓိက

**❒ လွှတ်တော်အသီးသီးမှ**

**(က) ရွေးကောက်ပွဲကျင်းပမှုအခြေအနေ**
- (၁) ပြည်သူ့လွှတ်တော်
  - (ကက) ရွေးကောက်ပွဲကျင်းပရန် သတ်မှတ်ထားသည့်မဲဆန္ဒနယ် — ၃၃၀ နယ်
  - (ခခ) ရွေးကောက်ပွဲကျင်းပခဲ့သည့် မဲဆန္ဒနယ် — ၃၁၅ နယ်
  - (ဂဂ) ရွေးကောက်ပွဲကျင်းပနိုင်သည့် ရာခိုင်နှုန်း — ၉၅.၄၅ %
- (၂) အမျိုးသားလွှတ်တော်
  - (ကက) ရွေးကောက်ပွဲကျင်းပရန်သတ်မှတ်ထားသည့်မဲဆန္ဒနယ် — ၁၆၈နယ်
  - (ခခ) ရွေးကောက်ပွဲကျင်းပခဲ့သည့် မဲဆန္ဒနယ် — ၁၆၁နယ်
  - (ဂဂ) ရွေးကောက်ပွဲကျင်းပနိုင်သည့် ရာခိုင်နှုန်း — ၉၅.၈၃ %
- (၃) တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် (တိုင်းရင်းသားလူမျိုးအပါအဝင်)
  - (ကက) ရွေးကောက်ပွဲကျင်းပရန် သတ်မှတ်ထားသည့်မဲဆန္ဒနယ် — ၆၇၃ နယ်
  - (ခခ) ရွေးကောက်ပွဲကျင်းပခဲ့သည့် မဲဆန္ဒနယ် — ၆၄၁ နယ်
  - (ဂဂ) ရွေးကောက်ပွဲကျင်းပနိုင်သည့် ရာခိုင်နှုန်း — ၉၅.၂၅%

**(ခ) ဆန္ဒမဲပေးမှုအခြေအနေ**
- (၁) ပြည်သူ့လွှတ်တော်
  - (ကက) ဆန္ဒမဲပေးပိုင်ခွင့်ရှိသူဦးရေ — ၃၈၂၇၁၄၄၇ ဦး
  - (ခခ) ဆန္ဒမဲပေးသူဦးရေ — ၂၇၅၁၂၈၅၅ ဦး
  - (ဂဂ) ဆန္ဒမဲပေးမှုရာခိုင်နှုန်း — ၇၁.၈၉ %
- (၂) အမျိုးသားလွှတ်တော်
  - (ကက) ဆန္ဒမဲပေးပိုင်ခွင့်ရှိသူဦးရေ — ၃၈၂၇၁၄၄၇ ဦး
  - (ခခ) ဆန္ဒမဲပေးသူဦးရေ — ၂၇၄၉၅၅၅၅ ဦး
  - (ဂဂ) ဆန္ဒမဲပေးမှုရာခိုင်နှုန်း — ၇၁.၈၄ %
- (၃) တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် (တိုင်းရင်းသားလူမျိုးအပါအဝင်)
  - (ကက) ဆန္ဒမဲပေးပိုင်ခွင့်ရှိသူဦးရေ — ၄၂၈၆၆၇၄၁ ဦး
  - (ခခ) ဆန္ဒမဲပေးသူဦးရေ — ၃၀၄၅၉၁၁၃ ဦး
  - (ဂဂ) ဆန္ဒမဲပေးမှုရာခိုင်နှုန်း — ၇၁.၀၆ %

**(ဂ) ခိုင်လုံသောဆန္ဒမဲရရှိမှုအခြေအနေ**
- (၁) ပြည်သူ့လွှတ်တော်
  - (ကက) ဆန္ဒမဲပေးသူဦးရေ — ၂၇၅၁၂၈၅၅ ဦး
  - (ခခ) ရရှိသည့်ခိုင်လုံသော ဆန္ဒမဲအရေအတွက် — ၂၆၆၆၉၆၃၆ မဲ
  - (ဂဂ) ခိုင်လုံသောဆန္ဒမဲရရှိမှုရာခိုင်နှုန်း — ၉၆.၉၄ %
- (၂) အမျိုးသားလွှတ်တော်
  - (ကက) ဆန္ဒမဲပေးသူဦးရေ — ၂၇၄၉၅၅၅၅ ဦး
  - (ခခ) ရရှိသည့်ခိုင်လုံသော ဆန္ဒမဲအရေအတွက် — ၂၆၇၃၀၁၅၈ မဲ
  - (ဂဂ) ခိုင်လုံသောဆန္ဒမဲရရှိမှုရာခိုင်နှုန်း — ၉၇.၂၂ %
- (၃) တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် (တိုင်းရင်းသားလူမျိုးအပါအဝင်)
  - (ကက) ဆန္ဒမဲပေးသူဦးရေ — ၃၀၄၅၉၁၁၃ ဦး
  - (ခခ) ရရှိသည့်ခိုင်လုံသော ဆန္ဒမဲအရေအတွက် — ၂၉၇၀၄၁၅၇ မဲ
  - (ဂဂ) ခိုင်လုံသောဆန္ဒမဲရရှိမှုရာခိုင်နှုန်း — ၉၇.၅၂ %

**(ဃ) ပယ်မဲ၊ ပျောက်မဲအခြေအနေ**
- (၁) ပြည်သူ့လွှတ်တော်
  - (ကက) ဆန္ဒမဲပေးသူဦးရေ — ၂၇၅၁၂၈၅၅ ဦး
  - (ခခ) ရရှိသည့် ခိုင်လုံသောဆန္ဒမဲအရေအတွက် — ၂၆၆၆၉၆၃၆ မဲ
  - (ဂဂ) ပယ်မဲ၊ ပျောက်မဲအရေအတွက် — ၈၄၃၂၁၉ မဲ
  - (ဃဃ) ဆန္ဒမဲရရှိမှုအနက် ပယ်မဲ၊ ပျောက်မဲရာခိုင်နှုန်း — ၃.၀၆ %
- (၂) အမျိုးသားလွှတ်တော်
  - (ကက) ဆန္ဒမဲပေးသူဦးရေ — ၂၇၄၉၅၅၅၅ ဦး
  - (ခခ) ရရှိသည့် ခိုင်လုံသောဆန္ဒမဲအရေအတွက် — ၂၆၇၃၀၁၅၈ မဲ
  - (ဂဂ) ပယ်မဲ၊ ပျောက်မဲအရေအတွက် — ၇၆၅၃၉၇ မဲ
  - (ဃဃ) ဆန္ဒမဲရရှိမှုအနက် ပယ်မဲ၊ ပျောက်မဲရာခိုင်နှုန်း — ၂.၇၈ %
- (၃) တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် (တိုင်းရင်းသားလူမျိုးအပါအဝင်)
  - (ကက) ဆန္ဒမဲပေးသူဦးရေ — ၃၀၄၅၉၁၁၃ ဦး
  - (ခခ) ရရှိသည့် ခိုင်လုံသောဆန္ဒမဲအရေအတွက် — ၂၉၇၀၄၁၅၇ မဲ
  - (ဂဂ) ပယ်မဲ၊ ပျောက်မဲအရေအတွက် — ၇၅၄၉၅၆ မဲ
  - (ဃဃ) ဆန္ဒမဲရရှိမှုအနက် ပယ်မဲ၊ ပျောက်မဲရာခိုင်နှုန်း — ၂.၄၈ %

**(င) လွှတ်တော်ကိုယ်စားလှယ်လောင်းများ ယှဉ်ပြိုင်မှုအခြေအနေ**
- (၁) ပြည်သူ့လွှတ်တော်
  - (ကက) ယှဉ်ပြိုင်သည့်လွှတ်တော်ကိုယ်စားလှယ်လောင်းဦးရေ — ၁၅၆၅ ဦး
  - (ခခ) နိုင်ငံရေးပါတီများကိုယ်စားပြု ယှဉ်ပြိုင်သည့် လွှတ်တော်ကိုယ်စားလှယ်လောင်းဦးရေ — ၁၄၉၇ ဦး
  - (ဂဂ) တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်းဦးရေ — ၆၈ ဦး
  - (ဃဃ) နိုင်ငံရေးပါတီများကိုယ်စားပြု ယှဉ်ပြိုင်သည့် လွှတ်တော်ကိုယ်စားလှယ်လောင်း ရာခိုင်နှုန်း — ၉၅.၆၅ %
  - (ငင) တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်းရာခိုင်နှုန်း — ၄.၃၅ %
- (၂) အမျိုးသားလွှတ်တော်
  - (ကက) ယှဉ်ပြိုင်သည့်လွှတ်တော်ကိုယ်စားလှယ်လောင်းဦးရေ — ၇၇၉ ဦး
  - (ခခ) နိုင်ငံရေးပါတီများကိုယ်စားပြု ယှဉ်ပြိုင်သည့် လွှတ်တော်ကိုယ်စားလှယ်လောင်းဦးရေ — ၇၅၂ ဦး
  - (ဂဂ) တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်းဦးရေ — ၂၇ ဦး
  - (ဃဃ) နိုင်ငံရေးပါတီများကိုယ်စားပြု ယှဉ်ပြိုင်သည့် လွှတ်တော်ကိုယ်စားလှယ်လောင်း ရာခိုင်နှုန်း — ၉၆.၅၃ %
  - (ငင) တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်းရာခိုင်နှုန်း — ၃.၄၇ %
- (၃) တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် (တိုင်းရင်းသားလူမျိုးအပါအဝင်)
  - (ကက) ယှဉ်ပြိုင်သည့်လွှတ်တော်ကိုယ်စားလှယ်လောင်းဦးရေ — ၃၂၉၅ ဦး
  - (ခခ) နိုင်ငံရေးပါတီများကိုယ်စားပြု ယှဉ်ပြိုင်သည့် လွှတ်တော်ကိုယ်စားလှယ်လောင်းဦးရေ — ၃၁၃၀ ဦး
  - (ဂဂ) တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်းဦးရေ — ၁၆၅ ဦး
  - (ဃဃ) နိုင်ငံရေးပါတီများကိုယ်စားပြု ယှဉ်ပြိုင်သည့် လွှတ်တော်ကိုယ်စားလှယ်လောင်း ရာခိုင်နှုန်း — ၉၄.၉၉ %
  - (ငင) တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်းရာခိုင်နှုန်း — ၅.၀၁ %

**(စ) လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ ရွေးကောက်ခံရမှုအခြေအနေ (နိုင်ငံရေးပါတီ)**
- (၁) ပြည်သူ့လွှတ်တော်
  - (ကက) နိုင်ငံရေးပါတီများကိုယ်စားပြု ယှဉ်ပြိုင်သည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများဦးရေ — ၁၄၉၇ ဦး
  - (ခခ) ရွေးကောက်တင်မြှောက်ခံရသော နိုင်ငံရေးပါတီများ ကိုယ်စားပြု ယှဉ်ပြိုင်သည့် လွှတ်တော်ကိုယ်စားလှယ်များဦးရေ — ၃၁၅ ဦး
  - (ဂဂ) ရွေးကောက်တင်မြှောက်ခံရမှုရာခိုင်နှုန်း — ၂၁.၀၄ %
- (၂) အမျိုးသားလွှတ်တော်
  - (ကက) နိုင်ငံရေးပါတီများကိုယ်စားပြု ယှဉ်ပြိုင်သည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများဦးရေ — ၇၅၂ ဦး
  - (ခခ) ရွေးကောက်တင်မြှောက်ခံရသော နိုင်ငံရေးပါတီများ ကိုယ်စားပြု ယှဉ်ပြိုင်သည့် လွှတ်တော်ကိုယ်စားလှယ်များဦးရေ — ၁၆၁ ဦး
  - (ဂဂ) ရွေးကောက်တင်မြှောက်ခံရမှု ရာခိုင်နှုန်း — ၂၁.၄၁ %
- (၃) တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် (တိုင်းရင်းသားလူမျိုးအပါအဝင်)
  - (ကက) နိုင်ငံရေးပါတီများကိုယ်စားပြု ယှဉ်ပြိုင်သည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများဦးရေ — ၃၁၃၀ ဦး
  - (ခခ) ရွေးကောက်တင်မြှောက်ခံရသော နိုင်ငံရေးပါတီများ ကိုယ်စားပြု ယှဉ်ပြိုင်သည့် လွှတ်တော်ကိုယ်စားလှယ်များဦးရေ — ၆၃၇ ဦး
  - (ဂဂ) ရွေးကောက်တင်မြှောက်ခံရမှု ရာခိုင်နှုန်း — ၂၀.၃၅ %

**(ဆ) လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ ရွေးကောက်ခံရမှုအခြေအနေ (တစ်သီးပုဂ္ဂလ)**
- (၁) ပြည်သူ့လွှတ်တော်
  - (ကက) ပါဝင်ယှဉ်ပြိုင်သည့် တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းများဦးရေ — ၆၈ ဦး
  - (ခခ) ရွေးကောက်တင်မြှောက်ခံရသော တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်များ ဦးရေ — - ဦး
  - (ဂဂ) ရွေးကောက်တင်မြှောက်ခံရမှု ရာခိုင်နှုန်း — ၀.၀၀ %
- (၂) အမျိုးသားလွှတ်တော်
  - (ကက) ပါဝင်ယှဉ်ပြိုင်သည့် တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းများဦးရေ — ၂၇ ဦး
  - (ခခ) ရွေးကောက်တင်မြှောက်ခံရသော တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်များဦးရေ — - ဦး
  - (ဂဂ) ရွေးကောက်တင်မြှောက်ခံရမှု ရာခိုင်နှုန်း — ၀.၀၀ %
- (၃) တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် (တိုင်းရင်းသားလူမျိုးအပါအဝင်)
  - (ကက) ပါဝင်ယှဉ်ပြိုင်သည့် တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းများဦးရေ — ၁၆၅ ဦး
  - (ခခ) ရွေးကောက်တင်မြှောက်ခံရသော တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်များဦးရေ — ၄ ဦး
  - (ဂဂ) ရွေးကောက်တင်မြှောက်ခံရမှု ရာခိုင်နှုန်း — ၂.၄၂ %

**(လှသိန်း)**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေ(၂၀၁၉)နှင့်ပတ်သက်၍ အသိပညာပေး အွန်လိုင်းဆွေးနွေးပွဲ ကျင်းပ





**ရန်ကုန် နိုဝင်ဘာ ၃၀**
စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေ(၂၀၁၉)နှင့်ပတ်သက်၍ အသိပညာပေးဆွေးနွေးပွဲ (Overview of Copyright and Related Rights in Myanmar Webinar) ကို ယမန်နေ့ ည ၇ နာရီတွင် အွန်လိုင်းစနစ်ဖြင့် ကျင်းပသည်။

ဆွေးနွေးပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ဗီဒီယိုမက်ဆေ့ပေးပို့၍ အမှာစကားပြောကြားရာတွင် စာပေမူပိုင်ခွင့်နှင့် ပတ်သက်သည့် အသိပညာပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်နေသည်ကို အထူးပြောစရာမလိုပါကြောင်း၊ ယနေ့ ဆွေးနွေးပွဲတွင် ပါဝင်သည့်၊ ဦးဆောင်တက်ရောက်နေကြသည့် စာပေပညာရှင်များကိုယ်တိုင်လည်း အသိဖြစ်ပါကြောင်း၊ အလျဉ်းသင့်၍ ပြောကြားလိုသည်မှာ စာပေသမားများ၊ အဓိက စာပေမူပိုင်ခွင့်နှင့်ပတ်သက်သည့် စာပေဖန်တီးသူများ မိမိတို့ ရပိုင်ခွင့်ရှိသည့် အခွင့်အရေးကို Copyright ဟု ပြောပါကြောင်း၊ Related Rights သည် ပိုမိုကျယ်ပြန့်ပါကြောင်း။

**ဖန်တီးရေးသားသူတွင်ရှိ**

Copyright ကို အလွယ်တကူပြောမည်ဆိုပါက ကော်ပီရိုက်ခွင့်၊ ရေးသားထားသည့် စာတစ်ခုကို မိတ္တူအများအပြားထုတ်ဝေဖြန့်ချိခွင့်ဟု အကြမ်းဖျင်းနားလည်ပါကြောင်း၊ ထိုအခွင့်အရေးသည် ဖန်တီးရေးသားသူတွင် ရှိသည်ဟုနားလည်ပါကြောင်း၊ အဆိုပါအခွင့်အရေး မဆုံးရှုံးစေရန်၊ ရသင့်ရထိုက်သမျှ ပြည့်ပြည့်ဝဝရရန်၊ ထို့နောက် Related Rights ဟု ပြောသည့်အတိုင်း ဆက်ပြီး ဆင့်ပွားအနေဖြင့် ရုပ်ရှင်၊ e-books စသည်တို့တွင်လည်း ရသင့်ရထိုက်သည့် အခွင့်အရေးများ ပြည့်ပြည့်ဝဝရရှိရန် ကိစ္စများနှင့်ပတ်သက်၍ ယနေ့ဆွေးနွေးကြမည်ဟု နားလည်ထားပါကြောင်း။

စာပေဖန်တီးသူများအနေဖြင့် ၎င်းတို့ဖန်တီးသည့် စာပေထဲတွင်၊ အနုပညာထဲတွင် စျာန်ဝင်ပြီး ဖန်တီးသည့် အလုပ်ကို လုပ်ကိုင်နေရပါက လုပ်နိုင်သော်လည်း မူပိုင်ခွင့်ကိစ္စများ၊ တရားရုံးကိစ္စများ၊ ဥပဒေပိုင်းဆိုင်ရာများ၊ ငွေရေးကြေးရေးကိစ္စများတွင် မိမိတို့ အနုပညာသမား၊ စာပေသမားများသည် အာရုံဝင်စားမှုမရှိပါကြောင်း၊ စိတ်မရှည်ပါကြောင်း သို့မဟုတ် ထိုအရာများကို ထဲထဲဝင်ဝင်နားလည်ရန်၊ လေ့လာရန် အတော်ဝန်လေးကြသည်ဟု ထင်မြင်ပါကြောင်း၊ ထို့ကြောင့် စာပေသမား၊ အနုပညာသမားများတွင် နစ်နာဆုံးရှုံးမှုများ များစွာရှိနေသည်ဟု မိမိစဉ်းစားပါကြောင်း။

မူပိုင်ခွင့်ကိစ္စတွင် ယခင်ကဆိုလျှင် ပုံနှိပ်စာအုပ် စာတမ်းနှင့်ပတ်သက်သည့် မူပိုင်ခွင့်ကိစ္စသည်ပင် အတော်ရှုပ်ထွေးပါကြောင်း၊ ယခုအခါ ဒစ်ဂျစ်တယ်မီဒီယာ၊ အွန်လိုင်းမီဒီယာ၊ အီလက်ထရောနစ်မီဒီယာခေတ်ဖြစ်လာသည့်အခါ ပို၍ပင် ရှုပ်ထွေးပါကြောင်း၊ စာအုပ်၏ အသွင်သဏ္ဌာန်သည် အမျိုးမျိုးပြောင်းလဲလာသည့်အတွက် ဥပဒေကြောင်းဆိုင်ရာ၊ ပိုင်ဆိုင်မှုပိုင်းဆိုင်ရာ အသေးစိတ်များ အတော်ရှုပ်လာပါကြောင်း၊ ပြည်တွင်းတင်မက အခြားနိုင်ငံများအထိပါ ဆက်စပ်လုပ်ကိုင်ရသည်များရှိပါကြောင်း။

**ဝိုင်းဝန်းကူညီဆောင်ရွက်ပေးမည်**

ယနေ့စာပေမူပိုင်ခွင့်ဆိုင်ရာ စုပေါင်းစီမံခန့်ခွဲသည့် အဖွဲ့အစည်းဖြစ်မြောက်ရေး ကော်မတီသည် ရုံးခန်းများ ဖွင့်လှစ်၍ လုပ်ငန်းစတင်နေပြီဟု နားလည်ပါကြောင်း၊ မိမိတို့ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ဖြစ်မြောက်ရေး ကော်မတီ အဆင့်တွင် တတ်နိုင်သလောက် ဝိုင်းဝန်းကူညီဆောင်ရွက်နေသည်များရှိပါကြောင်း၊ ကော်မတီအနေဖြင့် မူလဘူတ ကော်မတီဖြစ်မြောက်ရေးတာဝန်၊ မူပိုင်ခွင့်ဆိုင်ရာ အသိပညာပြန့်ပွားရေးတာဝန်နှင့် ကြားကာလတွင် ပြဿနာများ ညှိနှိုင်းဖြေရှင်းပေးရေးဆိုသည့် တာဝန်သုံးရပ်ကို အောင်မြင်စွာဆောင်ရွက်နိုင်ပါစေ၊ မိမိတို့အနေဖြင့်လည်း တတ်နိုင်သလောက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ စာပေမူပိုင်ခွင့်ဆိုင်ရာစုပေါင်းစီမံခန့်ခွဲသည့် အဖွဲ့အစည်းဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌ ဆရာချစ်ဦးညိုက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားခဲ့ပြီး မူပိုင်ခွင့်အသိပညာပေး Video Clip ကို ပြသခဲ့သည်။

ထို့နောက် စာပေမူပိုင်ခွင့်ဆိုင်ရာ စုပေါင်းစီမံခန့်ခွဲသည့် အဖွဲ့အစည်းဖြစ်မြောက်ရေး ကော်မတီအဖွဲ့ဝင် ဆရာဦးသန်းမောင်(စစ်တွေ)က "စာပေနှင့် အနုပညာမူပိုင်ခွင့်ဥပဒေ (၂၀၁၉)၏ သိမှတ်ဖွယ်ရာမှတ်စုအကျဉ်းများ" ခေါင်းစဉ်ဖြင့် ဆွေးနွေးပြီး စာပေမူပိုင်ခွင့်ဆိုင်ရာ စုပေါင်းစီမံခန့်ခွဲသည့် အဖွဲ့အစည်း ဖြစ်မြောက်ရေးကော်မတီအဖွဲ့ဝင်များဖြစ်သည့် ဆရာဦးမြတ်ခိုင်၊ ဆရာဦးဇော်ထွဋ်နှင့် ဆရာမပုညခင်တို့နှင့်အတူ စာပေမူပိုင်ခွင့်ဆိုင်ရာ စကားဝိုင်းကို ဆက်လက်ဆွေးနွေးခဲ့ကြသည်။

ထို့နောက် အွန်လိုင်းမှ ချိတ်ဆက်တက်ရောက်နားထောင်ကြသူများက ၎င်းတို့ သိလိုသော မေးခွန်းများကို မေးမြန်းကြရာ စကားဝိုင်းဆွေးနွေးပွဲဟောပြောဆွေးနွေးသူများက ပြန်လည်ဖြေကြားကြသည်။

အသိပညာပေးဆွေးနွေးပွဲကို စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေ(၂၀၁၉)အကြောင်း သိကောင်းစရာများနှင့် စာပေမူပိုင်ခွင့်နှင့်ဆက်နွယ်သော အခွင့်အရေးများအား ပြည်သူများ ကျယ်ပြန့်စွာသိရှိနိုင်စေရန် ရည်ရွယ်၍ ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အာဆီယံစီးပွားရေး အသိုက်အဝန်းဆိုင်ရာ ဒုတိယအတွင်းရေးမှူးချုပ်ရာထူး ရွေးချယ်ခန့်အပ်ရေးအတွက် လူတွေ့မေးမြန်းရွေးချယ်



**နေပြည်တော် နိုဝင်ဘာ ၃၀**
အာဆီယံစီးပွားရေး အသိုက်အဝန်းဆိုင်ရာ ဒုတိယအတွင်းရေးမှူးချုပ်ရာထူး ရွေးချယ်ခန့်အပ်ရေးအတွက် လူတွေ့မေးမြန်းခြင်း (Interview Panel) ကို ယနေ့နံနက် ၉ နာရီတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး Interview Panelist အဖြစ် ပါဝင်တက်ရောက်၍ ရွေးချယ်ပေးသည်။

အာဆီယံစီးပွားရေး အသိုက်အဝန်းဆိုင်ရာ ဒုတိယအတွင်းရေးမှူးချုပ်ရာထူးနေရာသို့ မြန်မာနိုင်ငံမှ ဝင်ရောက်လျှောက်ထားသည့်ကိုယ်စားလှယ်သုံးဦးအပါအဝင် အာဆီယံနိုင်ငံခြောက်နိုင်ငံမှ စုစုပေါင်းကိုယ်စားလှယ် ၂၁ ဦး ဝင်ရောက်လျှောက်ထားခဲ့ကြသည်။ ပဏာမရွေးချယ်ခြင်း (Shortlisting) အစီအစဉ်သို့ အာဆီယံဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် ဦးအောင်မျိုးမြင့် ပါဝင်တက်ရောက် ရွေးချယ်ပေးခဲ့ပြီး မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့မှ ကိုယ်စားလှယ် ငါးဦးသည် လူတွေ့မေးမြန်းခြင်း (Interview Panel) သို့ ဝင်ရောက်ဖြေဆိုခွင့် ရရှိခဲ့ကြသည်။

**ယှဉ်ပြိုင်မှုမှ နုတ်ထွက်**

လူတွေ့မေးမြန်းခြင်း အစီအစဉ် ကျင်းပမည့်နေ့ နံနက်ပိုင်းတွင် မြန်မာနိုင်ငံမှ ကိုယ်စားလှယ်သည် ဝင်ရောက်ယှဉ်ပြိုင်မှုမှ နုတ်ထွက်ကြောင်း အာဆီယံ အတွင်းရေးမှူးချုပ်ရုံးသို့ အကြောင်းကြားခဲ့သည့်အတွက် မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူနှင့် ထိုင်းနိုင်ငံတို့မှ ကိုယ်စားလှယ်လေးဦးသာ နောက်ဆုံး ဆန်ခါတင်အဖြစ် လူတွေ့မေးမြန်းခြင်း အစီအစဉ်တွင် ပါဝင်ခဲ့ကြသည်။

လူတွေ့မေးမြန်းခြင်း အစီအစဉ်တွင် ဝင်ရောက်ယှဉ်ပြိုင်သူ ကိုယ်စားလှယ်လေးဦးအား Interview Panelist များက အလှည့်ကျမေးခွန်းများ မေးမြန်းပြီးနောက် မဲပေးခြင်း (Voting) အစီအစဉ်ဖြင့် ရွေးချယ်ခဲ့ကြရာ ပထမအဆင့်တွင် စင်ကာပူနိုင်ငံမှ ကိုယ်စားလှယ်က ၄၅ ဒသမ ၅ ရာခိုင်နှုန်းနှင့် ထိုင်းနိုင်ငံမှ ကိုယ်စားလှယ်က ၃၆ ဒသမ ၄ ရာခိုင်နှုန်း ရရှိခဲ့ကြပြီး ၅၀ ရာခိုင်နှုန်း မကျော်လွန်သည့်အတွက် ဒုတိယအဆင့် ဆက်လက်ရွေးချယ်ခဲ့ရာ စင်ကာပူနိုင်ငံမှ ကိုယ်စားလှယ် Mr. Satvinder Singh က ၆၃ ဒသမ ၆ ရာခိုင်နှုန်းဖြင့် ရွေးချယ်ခံခဲ့ရသည်။

အာဆီယံ စီးပွားရေးအသိုက်အဝန်းဆိုင်ရာ ဒုတိယအတွင်းရေးမှူးချုပ်ရာထူးနေရာ ရွေးချယ်မှုအား သုံးနှစ်တစ်ကြိမ်ရွေးချယ်ခြင်းဖြစ်ပြီး ယနေ့ကျင်းပသည့် လူတွေ့မေးမြန်းခြင်း အခမ်းအနားသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ဒုတိယဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ ပါဝင်၍ မေးခွန်းများ မေးမြန်းခဲ့ကြသည်။

**သတင်းစဉ်**

အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့
INTERNATIONAL DAY OF PERSONS WITH DISABILITIES
"Building Back Better: toward a disability-inclusive, accessible and sustainable post COVID-19 World"
"ပိုမိုကောင်းမွန်သည့် COVID -19 အလွန်ကမ္ဘာတည်ဆောက်ဖို့ မသန်စွမ်းသူများ လက်လှမ်းမီပါဝင်ပြီး ရေရှည်တည်တံ့စေရန် ကြိုးစားစို့"
နေပြည်တော် ၃-၁၂-၂၀၂၀

# ကိုဗစ်ကာလအလှူအဖြစ် ကသာမြို့နယ် စာရေးဆရာအသင်းက သီလရှင်စာသင်တိုက်တွင် နေ့ဆွမ်းနှင့်အလှူငွေ ဆက်ကပ်လှူဒါန်း

**ကသာ နိုဝင်ဘာ ၃၀**
စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် စာရေးဆရာအသင်းဝင်များနှင့် အလှူရှင်များက ကိုဗစ်ကာလတွင် စာသင်သားသီလရှင်များအတွက် ဆွမ်းအခက်အခဲများ အဆင်ပြေစေရန် ရည်ရွယ်၍ ကသာမြို့ အမှတ်(၉)ပတ္တမြားရပ်ကွက်ရှိ လက်ာဝတီပရိယတ္တိသီလရှင်စာသင်တိုက်၌ ယနေ့နံနက် ၁၀ နာရီတွင် နေ့ဆွမ်းနှင့် အလှူငွေများ ဆက်ကပ်လှူဒါန်းခဲ့သည်။

**သီလရှင်ဆရာလေး ၂၈ ပါးရှိ**

အဆိုပါ ပရိယတ္တိသီလရှင်စာသင်တိုက်တွင် စာချသီလရှင်ကြီးနှစ်ပါးနှင့်စာသင်သားသီလရှင်ဆရာလေး ၂၈ ပါးရှိရာ စာသင်သားအားလုံးသည် လောကီ လောကုတ္တရာဘာသာရပ်များကို သင်ယူလျက်ရှိပြီးလောကီအတန်းကျောင်းအနေဖြင့် KG တန်းမှ တက္ကသိုလ်ဝင်တန်းအထိ ပညာသင်ကြားနေသော သီလရှင်ဆရာလေးများလည်းပါဝင်ကြောင်း သိရသည်။

**နန်းထွန်းမေ**

## စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်

**တစ်တိုင်းပြည်လုံး ကြီးပွားစေချင်ရင် လူအား၊ ငွေအား၊ ပစ္စည်းအားနဲ့ စုပေါင်းပြီး အင်တိုက်အားတိုက် လုပ်နိုင်မှ အကျိုးခံစားခွင့် ရှိကြမှာပဲ။ ဗမာက တစ်မျိုး၊ ကရင်ကတစ်ဖုံ၊ ရှမ်း၊ ကချင်၊ ချင်းတို့က တခြား၊ အကွဲကွဲအပြားပြား လုပ်နေကြရင် အကျိုးရှိမှာမဟုတ်ဘူး။ စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်။ လုပ်ကြည့်မှလည်း အကျိုးရှိကြောင်းသိနိုင်တယ်။**

**(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၁-၂-၁၉၄၇ ရက်နေ့တွင် ပင်လုံမြို့စော်ဘွားများ ထမင်းစားပွဲတွင် ပြောကြားသော မိန့်ခွန်းမှ ကောက်နုတ်ချက်)**



ရွှေကြက်ယက်၊ ရွှေကြက်ကျဘုရား။ ဓာတ်ပုံ - သန့်ဇော်ဦး

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ပျဉ်းမနားမြို့နယ် အရှေ့ခြမ်း တောင်ပေါ်ဒေသ တိုင်းရင်းသားပြည်သူများ၏ လိုအပ်ချက်များကို ဆွေးနွေးညှိနှိုင်း ဖြည့်ဆည်း

**နေပြည်တော် နိုဝင်ဘာ ၃၀**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ယနေ့နံနက်ပိုင်းတွင် လမ်းပန်းဆက်သွယ်ရေးခက်ခဲသော ပျဉ်းမနားမြို့နယ် အရှေ့ဘက်ခြမ်း တောင်ပေါ်ဒေသ တိုင်းရင်းသားကျေးရွာများဖြစ်သည့် ဘို့မကျေးရွာအုပ်စုသို့ သွားရောက်ပြီး ကျေးရွာတာဝန်ခံများနှင့် တွေ့ဆုံကာ တိုင်းရင်းသားများ၏ အခက်အခဲများနှင့် ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များ ဖြည့်ဆည်းနိုင်ရေး ဆွေးနွေးညှိနှိုင်းပြီး ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးသည်။



ဒေသခံများနှင့် တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက နေပြည်တော်နှင့် အလှမ်းမဝေးလှသော်လည်း သွားလာရေးခက်ခဲမှုကြောင့် ဖွံ့ဖြိုးမှုနောက်ကျနေသည့် ဒေသဖြစ်သောကြောင့် လိုအပ်ချက်များကို သိရှိရန်နှင့် ကူညီထောက်ပံ့မှုများပေးနိုင်ရန် လာရောက်ရခြင်းဖြစ်ပါကြောင်း၊ အစိုးရအနေဖြင့် စစ်မှန်သော ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စု ပေါ်ထွန်းလာရေးကို ဦးတည်ဆောင်ရွက်လျက်ရှိရာ သာတူညီမျှ ခံစားရရှိရေးကို ဥပဒေနှင့်အညီ ဖော်ဆောင်ပေးလျက်ရှိကြောင်း၊ ဒီမိုကရေစီစနစ်ထွန်းကားရေး ဆောင်ရွက်ရာတွင် ယခုအချိန်သည် အကူးအပြောင်းကာလဖြစ်ကြောင်း၊ အစိုးရ၏ ပထမ (၅) နှစ်သက်တမ်းတွင် ဒီမိုကရေစီအုတ်မြစ်ကို ချခဲ့ပြီး ဒီမိုကရေစီ ခိုင်မာတည်တံ့ရေးနှင့် စစ်မှန်သော ဒီမိုကရေစီ ဖော်ဆောင်ရေးကို ဆက်လက်ကြိုးပမ်းမည်ဖြစ်ပါကြောင်း။

ယခုကျေးရွာများကဲ့သို့ နောက်ကျကျန်ခဲ့သော ဒေသများတွင် ပိုမိုအားဖြည့်ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ လိုအပ်ချက်များကို အစိုးရအနေဖြင့် သိရှိအောင် ပြည်သူ့ကိုယ်စား ပြည်သူ့ကိုယ်စားလှယ်များက ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ ကျေးရွာရှိတိုင်းရင်းသား ပြည်သူများကလည်း မိမိတို့ကြုံတွေ့ခံစားရသော အခက်အခဲများ၊ လိုအပ်ချက်များကို ဆွေးနွေးဖော်ထုတ်ရန် လိုအပ်ပါကြောင်း၊ ဒီမိုကရေစီစနစ်တွင် ပြည်သူတစ်ဦးချင်း၏ အခွင့်အရေးများကို ဖြည့်ဆည်းပေးရာ၌ လိုအပ်သော မူဝါဒ၊ ဥပဒေနှင့်အညီ ဆောင်ရွက်ရသဖြင့် အလျင်အမြန် ဖြည့်ဆည်းမပေးနိုင်သည့် ကိစ္စများလည်းရှိပါကြောင်း၊ သို့သော်လည်း အစိုးရအနေဖြင့် လာမည့်နှစ်များတွင် အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်လျက်ရှိရာ တိုင်းရင်းသားအများစု နေထိုင်သည့် ပြည်နယ်များတွင် ဥပဒေအရ သာတူညီမျှ ခံစားရရှိစေပြီး ထာဝရငြိမ်းချမ်းရေး ရရှိအောင် ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ (၂၁)ရာစုပင်လုံ အစည်းအဝေးကို အစိုးရ၊ တပ်မတော်၊ လွှတ်တော်၊ နိုင်ငံရေးပါတီများနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများပါဝင်ပြီး ညှိနှိုင်းဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ရာ ဘုံသဘောတူညီချက်အချို့ ရရှိခဲ့ပြီး ထာဝရငြိမ်းချမ်းရေးကို ဦးတည်သည့် ၂၀၂၀ အလွန် ငြိမ်းချမ်းရေး ရှေ့လုပ်ငန်းစဉ်များကိုလည်း ချမှတ်နိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ အစိုးရအနေဖြင့် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို တစ်ပြိုင်တည်း အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိရာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံလိုအပ်ချက်များဖြစ်သော လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးရရှိရေး၊ သောက်သုံးရေရရှိရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် အလုပ်အကိုင် အခွင့်အလမ်းတို့အပြင် ပဋိသန္ဓေတည်သည်မှစ၍ သက်ကြီးရွယ်အိုအထိ တစ်ဦးချင်းစီ၏ အခွင့်အရေးများကို ဥပဒေနှင့်အညီဖော်ဆောင်ပေးရသည့် လူမှုကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကိုလည်း ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးကြစေလိုပါကြောင်း၊ မိမိတို့အနေဖြင့် လိုအပ်ချက်များအပေါ် ဥပဒေနှင့်အညီ ဆောင်ရွက်ဖြည့်ဆည်းပေးရမည့် လုပ်ငန်းများကို သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ညှိနှိုင်းပူးပေါင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ယခုအချိန်သည် ကိုဗစ်-၁၉ ကပ်ရောဂါကို ထိန်းချုပ်ဆောင်ရွက်နေရချိန်ဖြစ်သဖြင့် မိမိတို့ဒေသရှိ တိုင်းရင်းသားပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါဆိုင်ရာ စည်းကမ်းများ၊ ညွှန်ကြားချက်များကို တိတိကျကျလိုက်နာပြီး ရောဂါမပြန့်ပွားစေရေး အသိသတိဖြင့် လိုက်နာဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပျဉ်းမနားမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုးအောင်က ဒေသဖွံ့ဖြိုးရေးအတွက် ဒေသခံပြည်သူများ၏ လိုအပ်ချက်များအပေါ် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခဲ့မှု အခြေအနေနှင့် ဆက်လက်ညှိနှိုင်းဆောင်ရွက်ပေးမည့် အခြေအနေတို့ကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် တိုင်းရင်းသားကျေးရွာအုပ်စု ခုနစ်စုဖြစ်သည့် ကိုးတစ်၊ ဘန့်ဘား၊ သစ်တွန်၊ ပြည်ထောင်ကိုး၊ ဘို့မ၊ မဲပေါက်၊ အလယ်ချောင်းတို့မှ ကျေးရွာတာဝန်ခံများက ကျေးရွာများတွင် အဓိက ဖြည့်ဆည်းပေးရန်လိုအပ်သော မိုဘိုင်းတယ်လီဖုန်းလိုင်းများ ဖြည့်ဆည်းပေးရေး၊ အိမ်သုံးဆိုလာမီးလင်းရေး လက်ရှိအခြေအနေနှင့် ဖြည့်ဆည်းပေးရန်လိုအပ်ချက်များ၊ သဘာဝဘေးကြောင့် ပျက်စီးသွားသော ကုန်ထုတ်လမ်းများနှင့် တံတားများပြုပြင်ပေးရေးနှင့် အသစ်တည်ဆောက်ပေးရန်လိုအပ်မှုများ၊ သောက်သုံးရေရရှိရေး စိမ့်စမ်းရေသွယ်တန်းခြင်း လိုအပ်ချက်များ၊ ကျန်းမာရေးနှင့် ပညာရေးဆိုင်ရာကိစ္စရပ်များကို တင်ပြကြသည်။

ထို့နောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ လွှတ်တော်ကိုယ်စားလှယ်နှင့် ဌာနဆိုင်ရာများက တင်ပြဆွေးနွေးခဲ့ကြသော လိုအပ်ချက်များနှင့်ပတ်သက်၍ သက်ဆိုင်ရာဌာနအလိုက် လုပ်ထုံးလုပ်နည်းများနှင့်အညီ အမြန်ဆုံး ဆက်လက်ဖြည့်ဆည်းနိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ပြန်လည်ရှင်းလင်း ပြောကြားကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဘို့မအုပ်စု ကျေးရွာတာဝန်ခံများထံ လျှပ်စစ်မီးအတွက် အိမ်သုံးဆိုလာမီးအိမ် ၆၃ လုံး၊ ရေမလိုလက်သန့်ဆေးရည်၊ ပါးစပ်နှင့် နှာခေါင်းစည်းများကို ထောက်ပံ့ပေးအပ်ပြီး ဘို့မအုပ်စု ကျေးရွာလေးရွာနှင့် အလယ်ချောင်းအုပ်စု ငါးရွာတို့တွင် အမျိုးသမီးနှင့် ကလေးများအပါအဝင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးတွင် အသုံးပြုရန် စုစုပေါင်း ငွေကျပ် ကိုးသိန်းနှင့် ကလေးငယ်များအတွက် ကစားစရာ အရုပ်များနှင့် အာဟာရမုန့်များကို ပံ့ပိုးပေးကြသည်။

**သတင်းစဉ်**

## လေးမျက်နှာမြို့နယ် သမဝါယမအသင်းစုက စပါးဝယ်ယူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**လေးမျက်နှာ နိုဝင်ဘာ ၃၀**

သမဝါယမကဏ္ဍမှ တောင်သူဦးကြီးများ စိုက်ပျိုးထုတ်လုပ်ခဲ့သည့် မိုးစပါးများအား ရောင်းချရာတွင် အခက်အခဲမရှိစေရေးနှင့် သင့်တင့်မျှတသောဈေးနှုန်းများရရှိစေရန် ဆောင်ရွက်လျက်ရှိရာ ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်သမဝါယမအသင်းစုက သီးနှံပေါ်ချိန်အမီ လေးမျက်နှာမြို့နယ် ပန်းတောကြီးကျေးရွာတွင် စပါးအဝယ်ဒိုင်များဖွင့်လှစ်၍ စပါးဝယ်ယူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး နိုဝင်ဘာ ၉ ရက်အထိ ဆင်းသုခစပါးတင်းပေါင်း ၁၀၀၀၀ ကျော် စုစုပေါင်း ငွေကျပ်သန်းပေါင်း ၅၀ ဖိုး ဝယ်ယူပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပဲခူးသာလျှင် ဇေယျာဆောင်မြတ်နက်သန်တည်း

ပါမောက္ခ ဒေါက်တာအောင်ဇော်

ကျွန်တော်သည် ဥပစာတန်းသားဘဝက ရန်ကုန်တက္ကသိုလ် ပဲခူးဆောင် ပထမထပ် အခန်းနံပါတ် ၅၈ တွင် နေရပါသည်။ အခန်းဖော်မှာ တောင်ငူမှ ကိုကို (နောင်တွင် မြို့ပိုင်အဖြစ် အမှုထမ်းသူဖြစ်ပါသည်။) အခန်းချင်းကပ်လျက်တွင် မိတ္ထီလာသား ကိုမောင်မောင်လင်း (နောင်တွင် ဒဂုံတက္ကသိုလ်၊ သတ္တဗေဒဌာန၊ တွဲဖက်ပါမောက္ခ) နှင့် သထုံသား ကိုခင်မောင်မြင့် (ရန်ကုန် အရှေ့ပိုင်းဆေးရုံ) တို့ နေကြပါသည်။

ကျွန်တော် မောင်သစ်လွင်အဖြစ် ပဲခူးဆောင်သို့ ရောက်၍မကြာမီ အဆောင်အပေါ်ဆုံးထပ်ရှိ တံခါးအမြဲပိတ်လျက်ရှိသော အခန်းတစ်ခန်းကို သတိပြုမိပါသည်။ တံခါးပေါ်တွင် နံပါတ် ၁၁၃ ဟုရေးထားပါသည်။ ထိုအခန်းတွင် ကျောင်းသားမထားသော်လည်း ကျောင်းတွင်း ပရိဘောဂ အစုံအလင်ရှိပါသည်။ ကျောင်းသားအသုံးအဆောင်အချို့ကို တွေ့ရပါသည်။ ခြင်ထောင်ချိတ်လျက်သားထားသည်ကိုပင် သတိပြုမိပါသည်။ ကျောင်းသားတစ်ဦးဦး နေနေဘိသကဲ့သို့ ရှိပါသည်။

မကြာမီမှာပင် နောင်တော် ကျောင်းသားကြီးများမှ တစ်ဆင့် သိလာရသည်ကား အဆိုပါ အခန်းသည် အမျိုးသားခေါင်းဆောင်ကြီး၊ မြန်မာ့လွတ်လပ်ရေး ဗိသုကာကြီး၊ ဗိုလ်ချုပ်အောင်ဆန်း ပဲခူးဆောင်သဟာယနှင့် စာဖတ်အသင်း ဥက္ကဋ္ဌဘဝ (၁၉၃၆-၃၇) က နေခဲ့ဖူးရာအခန်း၊ ပဲခူးဆောင်၏ ဂုဏ်ယူဖွယ်အခန်းဟူ၍ ဖြစ်ပါသည်။

မေးရင်း၊ မြန်းရင်း စုံစမ်းရင်းဖြင့် အချိန်အတန်ကြာသည်အထိ အကြောင်းမထူးပါ။ အခန်း ၁၁၃ ၏ နောက်ခံသမိုင်း ခြေရာခံမရပါ။ သို့သော် ရှာဖွေလေ၊ တွေ့ရှိလေ ဆိုသကဲ့သို့ ဗဟုသုတ တိုးခဲ့ပါသည်။

ပဲခူးဆောင်တွင် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များ အဆောင်တာဝန်ယူခဲ့ကြဖူးပါသည်-

ဗိုလ်မှူးချုပ် မောင်မောင်ကျော်ဝင်း အဆောင်နည်းပြ (၁၉၂၈-၂၉)၊ ဆရာဇော်ဂျီ အဆောင်နည်းပြ (၁၉၂၉-၃၀)၊ ဆရာမင်းသုဝဏ် အဆောင်နည်းပြ (၁၉၃၄-၃၅)၊ ဝန်ကြီးချုပ် အကြံပေးအရာရှိ ဦးအုံး အဆောင်နည်းပြ၊ ပါဠိဆရာ ဦးလှအောင် အဆောင်မှူး (၁၉၃၅-၃၆)၊ ဦးကျော်ရင် မန္တလေးတက္ကသိုလ် ပါမောက္ခချုပ် အဆောင်မှူး (၁၉၅၃-၅၉) တို့ဖြစ်ပါသည်။

အောက်ဖော်ပြပါ ပုဂ္ဂိုလ်များသည် ပဲခူးဆောင်သားများ ဖြစ်ခဲ့ဖူးပါသည် -

ဆရာဇော်ဂျီ၊ ပါမောက္ခ ဦးမျိုးမင်း၊ မင်းသုဝဏ်၊ ဗိုလ်မှူးကြီးဘာဘာ၊ ဗိုလ်မှူးကြီး မောင်မောင်ရှင်၊ မန္တလေးတက္ကသိုလ်ပါမောက္ခ ဦးလှရွှေ၊ သမိုင်းပါမောက္ခ ဦးတင်အုံး၊ ဝန်ကြီးချုပ်ဟောင်း ဦးနု၊ လက်ရွေးစင်ဘောလုံးသမား မောင်ဝင်း၊ သံအမတ်ကြီး ဦးလှမောင်၊ သံအမတ်ကြီး ဦးဖေခင်၊ ဗိုလ်ချုပ်အောင်ဆန်း၊ အတွင်းဝန် ဦးထွန်းရှိန်၊ မန်းတင်၊ တက္ကသိုလ်ထင်ကြီး၊ ဗိုလ်မှူးကြီးမောင်ရွှေ၊ ဗိုလ်စိုးမောင်၊ ဒါရိုက်တာ ဗိုလ်ဗကို၊ တက္ကသိုလ်နန္ဒမိတ် စသည်တို့ဖြစ်ပါသည်။ ခေါင်းဆောင်ကောင်းတို့၏ သန္ဓေ၊ စာဆိုပညာရှင်တို့ ပေါက်ဖွားရာမြေအဖြစ် ပို၍ဂုဏ်ယူမိပါသည်။

**ပဲခူးဆောင်နှင့်ပတ်သက်သည့် စာစောင်**

များမကြာမီ ကံအားလျော်စွာပင် စာပေဝါသနာရှင်တစ်ဦးထံမှ စာစောင်လေးတစ်စောင် ရခဲ့ပါသည်။ ပဲခူးဆောင်နှင့်ပတ်သက်သည့်စာစောင် ဖြစ်နေပါသည်။ အတိအကျဆိုရလျှင် မြန်မာ့သားကောင်းရတနာ ဗိုလ်ချုပ်



ဥက္ကဋ္ဌ ကိုအောင်ဆန်း ဦးဆောင်သော ရန်ကုန်တက္ကသိုလ်ပဲခူးဆောင် သဟာယနှင့် စာဖတ်အသင်းအမှုဆောင်အဖွဲ့(၁၉၃၆-၃၇)။

အောင်ဆန်း အခန်းဖွင့်ပွဲ အထိမ်းအမှတ် ထုတ်ဝေသည့် စာစောင်ဖြစ်ပါသည်။ အထိမ်းအမှတ် စာစောင်တွင် စာမျက်နှာ ၂၆ မျက်နှာ ပါရှိပါသည်။ သမိုင်းဝင်ရှားပါး ဓာတ်ပုံလေးပုံ ပါဝင်ပါသည်။ ဓာတ်ပုံ များကို စာမျက်နှာ ထည့်မတွက်ပါ။ အင်္ဂလိပ် - မြန်မာ နှစ်ဘာသာ ပါဝင်ပါသည်။ မြန်မာဘာသာတွင် ဆောင်းပါးနှင့် မော်ကွန်းကဗျာဟူ၍ တွေ့ရပြီး အင်္ဂလိပ်ဘာသာတွင် ဆောင်းပါးနှင့် ပေးစာဟူ၍ တွေ့ရပါသည်။

မြန်မာဘာသာကဏ္ဍတွင် ဆောင်းပါးလေးပုဒ်နှင့် မော်ကွန်းတစ်ပုဒ် ပါဝင်သည်။ ကျောင်းသားဝတ္တရား (အောင်ဆန်း)၊ မှတ်မိသမျှ ကိုအောင်ဆန်း ကျောင်းသားဘဝ (သခင်ကျော်စိန်)၊ နွားချေးပုံကြားမှ ကြာပန်းတစ်ပွင့် (မောင်လှရွှေ၊ မြန်မာစာဌာန)၊ ပဲခူးဆောင်ဘွဲ့ အဖြည့်ခံ မော်ကွန်း (အဆောင်မှူး ဦးကျော်ရင်)၊ လျှပ်တစ်ပြက် (ဦးကျော်ရင်) အစီရင်ခံပါသည်။ (အခန်းတည်ထားရေးအဖွဲ့၊ အကျိုးဆောင် ပဲခူးဆောင် သဟာယနှင့် စာဖတ်အသင်း အမှုဆောင်အဖွဲ့ - ၁၉၅၇)။ အင်္ဂလိပ်စာကဏ္ဍတွင် ဆောင်းပါး တစ်ပုဒ်နှင့် ပေးစာသုံးပုဒ် ပါဝင်သည်။

- **Freedom of dress in school (Aung San)**
- **Letter (ဂျော့ဂ်ျဦးတင်အောင်သို့ နတ်မောက်မှ ပေးစာ) May 8, 1935 (Aung san)**
- **Letter (ဂျော့ဂ်ျဦးတင်အောင်သို့ နတ်မောက်မှ ပေးစာ) April 24 (Aung san)**
- **Rangoon University Student's Union Aug 9, 1938 (Aung San)**

ရှားပါးဓာတ်ပုံများမှာ (၁) ၁၉၃၇ ခု ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂ ကိုအောင်ဆန်းပုံ၊ (၂) ဥက္ကဋ္ဌ ကိုအောင်ဆန်း ဦးဆောင်သော ရန်ကုန်တက္ကသိုလ် ပဲခူးဆောင် သဟာယနှင့် စာဖတ်အသင်း အမှုဆောင်အဖွဲ့ (၁၉၃၆-၃၇)(ပုံ)၊(၃) အဆောင်မှူး ဦးကျော်ရင် သဘာပတိအဖြစ်ပါဝင်သော ပဲခူးဆောင် ဗိုလ်ချုပ်အောင်ဆန်း အခန်းတည်ထားရေးအဖွဲ့ပုံ၊ (၄) ရန်ကုန်တက္ကသိုလ် ပဲခူးဆောင် သဟာယနှင့် စာဖတ်အသင်း အမှုဆောင်အဖွဲ့ (၁၉၅၇-၅၈) ပုံတို့ဖြစ်ပါသည်။

မြန်မာစာကဏ္ဍလာ ပဲခူးဆောင် ဗိုလ်ချုပ်အောင်ဆန်း အခန်း တည်ထားရေးအဖွဲ့ အကျိုးဆောင်၏ အစီရင်ခံစာတွင် ဗိုလ်ချုပ်အောင်ဆန်းနေထိုင်သွားရာ အခန်းနံပါတ် ၁၁၃ ကို သီးသန့်ထားရှိပြီး အမှတ်တရတည်ထားရခြင်း၏ (၁) ရည်ရွယ်ချက်၊(၂) လုပ်ငန်းအကောင်အထည်ဖော်ရေးနှင့် (၃) ကျေးဇူးစကားများ ပါရှိပါသည်။

(၁) ရည်ရွယ်ချက်တွင် **"... ယခုနှစ် ပဲခူးဆောင် သဟာယနှင့် စာဖတ်အသင်း အမှုဆောင်အဖွဲ့သည် ကျွန်ုပ်တို့ နောင်တော်ကြီးများဖြစ်ကြသည့် အမျိုးသားခေါင်းဆောင်ကြီးများကို ပဲခူးဆောင်သားများသာမက နိုင်ငံတစ်ဝန်းလုံးကပါ ဂုဏ်ပြုစေလိုသည်။ အမှတ်တရဖြစ်စေလိုသည်၊ ထိုသို့သော ဆန္ဒဖြစ်ပေါ်ရုံဖြင့် ကျွန်ုပ်တို့ မတင်းတိမ်နိုင်ပေ။ အကောင်အထည်ပေါ်ရန် နည်းလမ်းများကို ရှာကြံကြရပေသည်။ နောက်ဆုံးရရှိသော နည်းလမ်းကား နိုင်ငံတော်အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း နေထိုင်သွားရာ အခန်းနံပါတ် ၁၁၃ ကိုသီးသန့်ထားရှိပြီး အမှတ်တရ တည်ထားရန်ပင် ဖြစ်သည်။"** ဟု တင်ပြထားသည်။

(၃) နိဂုံးတွင် ကျေးဇူးစကားကို "ဗိုလ်ချုပ်အောင်ဆန်း အခန်းဖွင့်လှစ်ပွဲနှင့် တည်ထားရေးအတွက် စေတနာထက်သန်စွာ အားပေးချီးမြှင့်ပေးသော ပဲခူးဆောင်သားဟောင်း၊ တက္ကသိုလ် အဓိပတိ နိုင်ငံတော်ဝန်ကြီးချုပ်အားလည်းကောင်း၊ ပါမောက္ခချုပ်အား လည်းကောင်း၊ တပ်မတော် မော်ကွန်းတိုက်မှ အရာရှိကြီးငယ်များအားလည်းကောင်း၊ ဗိုလ်ချုပ်၏ ကျောင်းနေဖက် သူငယ်ချင်းများအားလည်းကောင်း၊ အလှူရှင်များအား လည်းကောင်း၊ အခြားပုဂ္ဂိုလ်ကြီးများအား လည်းကောင်း၊ ရန်ကုန်တက္ကသိုလ် အနုပညာအသင်း အကဌာနစိတ်အား လည်းကောင်း၊ ပဲခူးဆောင် ဗိုလ်ချုပ်အောင်ဆန်း အခန်းတည်ထားရေးအဖွဲ့မှ အထူးကျေးဇူးဥပကာရတင်ရှိကြောင်း မှတ်တမ်းတင်အပ်ပါသည်။"ဟု ဖော်ပြပါရှိသည်။

ဤတွင် ဗိုလ်ချုပ်အောင်ဆန်း အခန်းဖွင့်ပွဲ အထိမ်းအမှတ်စာစောင်တွင် လွမ်းတသသ ခံစားရေးဖွဲ့ တင်ပြထားသော ဆောင်းပါးတစ်စောင်ကို တင်ပြပါမည်။ မောင်လှရွှေ (မြန်မာစာဌာန)၏ ဆောင်းပါးဖြစ်ပါသည်။

ဆောင်းပါးရှင်သည် ဗိုလ်ချုပ်နှင့် ကျောင်းနေဖက်၊ ပဲခူးအဆောင်သားချင်းဖြစ်ပါသည်။ ဆရာသည် ထိုစဉ်က ပဲခူးဆောင်သဟာယနှင့် စာဖတ်အသင်းဝင်၊ ဟံသာကြေးမုံ တာဝန်ခံ၊ ရန်ကုန်တက္ကသိုလ်မြန်မာစာအသင်း အကျိုးဆောင် ဖြစ်ပါသည်။ နောင်တွင် ရန်ကုန်တက္ကသိုလ် အနုပညာအသင်းခေါင်းဆောင်၊ မြန်မာစာဌာန လက်ထောက်ကထိကက အုပ်ချုပ်ရေးဆိုင်ရာ ရာထူးအဆင့်ဆင့်တိုးတက်ပြီး မန္တလေးတက္ကသိုလ် ပါမောက္ခချုပ် ဖြစ်လာသူ ဆရာကြီး ဦးလှရွှေပင် ဖြစ်ပါသည်။ **စာမျက်နှာ ၇ သို့ ❖**



၁၉၃၇-ခု၊ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ သမဂ္ဂ ဥက္ကဋ္ဌ- ကိုအောင်ဆန်း။

**ကျွန်တော် မောင်သစ်လွင်အဖြစ် ပဲခူးဆောင်သို့ရောက်၍မကြာမီ အဆောင်အပေါ်ဆုံးထပ်ရှိ တံခါးအမြဲပိတ်လျက်ရှိသော အခန်းတစ်ခန်းကို သတိပြုမိပါသည်။ တံခါးပေါ်တွင် နံပါတ် ၁၁၃ ဟု ရေးထားပါသည်။ ထိုအခန်းတွင် ကျောင်းသားမထားသော်လည်း ကျောင်းတွင်းပရိဘောဂ အစုံအလင်ရှိပါသည်။ ကျောင်းသားအသုံးအဆောင်အချို့ကို တွေ့ရပါသည်။ ခြင်ထောင် ချိတ်လျက်သားထားသည်ကိုပင် သတိပြုမိ။**

❖ စာမျက်နှာ ၆ မှ

ဆရာက မိမိဆောင်းပါးကို **"နွားချေးပုံကြားမှ ကြာပန်းတစ်ပွင့်"**ဟု အမည်ပေးခဲ့ပါသည်။ ဆရာသည် မိမိနှင့်ရင်းရင်းနှီးနှီးနေထိုင်ခဲ့ဖူး၊ နိုင်ငံနှင့် လူမျိုးအတွက် အတူတကွ လုပ်ကိုင်ဆောင်ရွက်ခဲ့ဖူးသည့် မိမိတို့အချင်းချင်း မတွေ့ဆုံဖြစ်ကြသည်မှာ ကြာပြီဖြစ်ကြောင်း သတိပြုမိသည်။ ဆောင်းပါးတွင် ထိုအကြောင်းကို **"အတိတ်ကို ပြည်ဖုံးကားချသည်မှာ ကြာလေပြီ"**ဟု နိဒါန်းပြုပါသည်။ တစ်ဆက်တည်းမှာပင် **"သို့သော် ယနေ့တွင်ကား ကျွန်တော်နှင့်အတူ ၁၉၃၆-၃၇ ခုနှစ် ပဲခူးဆောင် သဟာယနှင့် စာဖတ်အသင်းဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သော မြန်မာပြည်ကြီး၏ သားကောင်းရတနာ ဇာနည်မွန် "ဗိုလ်ချုပ်အောင်ဆန်း၏ အခန်းဖွင့်ပွဲ အထိမ်းအမှတ်"** ဖြစ်သည့်အတွက် ဝမ်းသာဝမ်းနည်း အထူးပင် စိတ်နှလုံးဆွတ်ပျံ့သဖြင့် ပြောသင့်သည်ကို ပြော၍ ဂုဏ်ယူသင့်သည်ကို ဂုဏ်ယူရမည့် အခါသမယ ဖြစ်ရကား "ဆိုရေးရှိက ဆိုအပ်စွရှင့်၊ ဆိုစများလျား၊ ထားပချေမိ၊ ငါဝန်ရှိခဲ့..." ဆိုသည့် ရှင်မဟာရဋ္ဌသာရ အရှင်မြတ်၏ စကားအရ နှစ်ပေါင်း ၂၀ ကျော်မျှ ပြည်ဖုံးကားချထားသည့် ပဲခူးဆောင်၏ အတိတ်ပန်းချီကားချပ်ကို ပြန်၍ ဖွင့်လှစ်ကာ ကြည့်ရှုမိ၏။ မင်းလွင်တွေဆိုင်းကာ မြူတွေဖြင့် မှိုင်းနေသည့်အကြားဝယ် ဝိုးတဝါးဖြစ်နေ၏။ ကြိုးစား၍ ကြည့်ပါမှ မှုန်မွှားမွှားသာ မြင်နိုင်တော့၏။ ကြည့်ရင်း ကြည့်ရင်းနှင့်ပင် မြူနှင်းမှုန်အကြားမှ အတိတ်၏ အရိပ်သည် တဖြည်းဖြည်းနှင့် တရေးရေးမြင်လာတော့၏။ သို့သော် မထင်ရှားတော့ပေ" ဟု စကားခံကာ ပဲခူးဆောင်၏ ၁၉၃၅-၃၆ ခုနှစ်ကာလအကြောင်းကို နောက်ခံအဖြစ် ပြန်လည်တင်ပြပါသည်။ ပြီးမှ ၁၉၃၆-၃၇ ခုနှစ်ကာလများအကြောင်းကို "၁၉၃၆-၃၇ ခုနှစ်သို့ ရောက်လာလေပြီ။ ထိုနှစ်ကား ကမ္ဘာ့ရာဇဝင်တွင်လည်းကောင်း၊ ဗမာ့ရာဇဝင်တွင်သော်လည်းကောင်း၊ ပဲခူးဆောင် ရာဇဝင်တွင်သော်လည်းကောင်း မော်ကွန်းတင်ရမည့် နှစ်ပင်ဖြစ်ပေသည်။ အမျိုးသား စိတ်ဓာတ်ပြင်းပြသော နှစ်ဖြစ်ပေ၏။ ပဲခူးဆောင်တွင် ကိုကြီးနုလည်း အဆောင်သားအဖြစ် နေထိုင်လျက်ရှိပြီ။ နှစ်စကပင် မျိုးချစ်စိတ်ဓာတ်ပြင်းပြသော အဆောင်သား ဟောင်းများ၏ အင်အားစုမှာ ပိုမိုတောင့်တင်းလာ၏။ သဟာယနှင့် စာဖတ်အသင်းဖွင့်ပွဲတွင် ကိုအောင်ဆန်းအမှူးပြုသော ကျွန်တော်တို့ လူသိုက်သည် ပြိုင်ဘက်မရှိ အရွေးခံခဲ့ကြရ၏။

ဥက္ကဋ္ဌ ကိုအောင်ဆန်း
ဒု-ဥက္ကဋ္ဌ ကိုစိုးမြင့်
အကျိုးဆောင် ကိုကြည်စိန်
တွဲဖက် ကိုချစ်လှ
ဟံသာကြေးမုံ တာဝန်ခံ ကိုလှရွှေ
ကစားခုန်စားရေးတာဝန်ခံ ကိုထွန်းရှိန်
စည်းရုံးရေးမှူး ကိုသောင်းစိန်
စားသောက်ရေးတာဝန်ခံ ကိုအုန်းရွှေ၊ ကိုလှကျော်၊
ကိုရာပိုး၊ ကိုချစ်လှ တို့ဖြစ်၏။

ထိုနှစ်ပင် ကျွန်တော့်အား ကိုအောင်ဆန်းနှင့်တကွ အမှုဆောင်အဖွဲ့မှ တိုက်တွန်းပါသဖြင့် ရန်ကုန်တက္ကသိုလ် မြန်မာအသင်းတွင် အကျိုးဆောင်နေရာတွင် အရွေးခံခိုင်း၏။ ဝင်ရောက်အရွေးခံရာ ရခဲ့၏။ တစ်ဖန် ကိုဘို (ဒု-ဗိုလ်မှူးကြီးဘို)ကို ရာဇဝင်အသင်းတွင် အရွေးခံစေ၍ ရာဇဝင်အသင်း၏ အကျိုးဆောင်ဖြစ်၏။ ပဲခူးဆောင် သဟာယနှင့် စာဖတ်အသင်း ဒု-ဥက္ကဋ္ဌ ကိုကြည်စိန်ကို တင်းနစ်အသင်းတွင် ကပ္ပတိန် အရွေးခံစေ၏။ ၁၉၃၆-၃၇ ခုနှစ်ကား ပဲခူးဆောင်သည် ရန်ကုန်တက္ကသိုလ်တွင် **"သရဖူ မဆောင်းရသည့်' ဘုရင်ဘဝအထွတ်အထိပ်သို့ ရောက်ခဲ့၏။"**ဟု ဂုဏ်ယူဖွယ်ဖော်ကျူးခဲ့ပါသည်။

ဆက်လက်၍ မိမိနှင့် ရင်းရင်းနှီးနှီးဆက်ဆံ၍ ကျောင်းသားထုအရေး အတူတကွဆောင်ရွက်ခဲ့သော ကျောင်းသားခေါင်းဆောင် ကိုအောင်ဆန်း၏ ထူးခြားအံ့ဩဖွယ် စရိုက်သဘာဝကို ရေးခြယ်ရင်း မျက်နှာဖြူများ ဖိနှိပ်၍ ကျောင်းသားများ လှုပ်ရှားထကြွလာပုံ၊ မျိုးချစ်စိတ်ပြင်းထန်လာပုံ၊ ရွှေတိဂုံဘုရား မော်လမြိုင်ဇရပ်တွင် ဆင်နွှဲသည့် တက္ကသိုလ်ကျောင်းကြီးသပိတ်နှင့် ကိုရာရှစ်၊ ကိုသီဟန်၊ ကိုကြီးနု၊ ကိုသာလှ၊ ကိုလှဖေ(ဗိုလ်လက်ျာ)၊ အင်းလျားဆောင်မှ မမကြီး၊ မခင်မြ (ပညာရေး)၊ မာဂရက်၊ မခင်ရီ၊ မခင်စီ၊ မပု(ဦးမျိုးမင်း၏ဇနီး) တို့ ပါဝင်လှုပ်ရှားပုံများကို ပြန်လည်ရေးခြယ်ထားပါသည်။


ဆောင်းပါး၏နိဂုံးအဖြစ် ရက်တွေလတွေ ကြာညောင်း၍ နှစ်ပေါင်း ၂၀ ကျော်ခဲ့လေပြီ။ ၁၉၃၆-၃၇ ခုနှစ် ပဲခူးဆောင်မှ အဆောင်သား ရောင်းရင်းဖက်များလည်း တိုင်းပြည်၏ တာဝန်အသီးသီးကို ထမ်းဆောင်နေကြပေပြီ။ သို့သော် ပတ်ဝန်းကျင် နွားချေးပုံကြားမှ ကားကားစွင့်စွင့်၊ တင့်တင့်တယ်တယ် ပွင့်လန်းခဲ့သော ပန်းတစ်ပွင့်ကား ကြွေကျ၍ မြေသို့ခလေပြီ။


အဇနာပြင်ကျယ် ကောင်းကင်လယ်တွင် စံပယ်မြူးရွှင်၊ ဟူးဟူးနှင်သော ငွေစင်ယုန်နတ်၊ လပြာသာဒ်မှ ယိုကျစီးထွက်သည့် စက်ရွှေရောင်လျှံသည်ပင်လျှင် လဆုတ်ရောက်က ပျောက်ရစမြဲဖြစ်၏။

သို့သော် ဗိုလ်ချုပ်အောင်ဆန်း၏ သတင်းဂုဏ်ပြန့်၊ မွှေးရနံ့သည်ကား မပြတ်သင်းကြိုင် ရွှေကြာခိုင်ကဲ့သို့ မြန်မာပြည်ကြီးနှင့်တကွ ပဲခူးဆောင်၏ ကျက်သရေကို အမြဲတစေ တတ်ပေနိုင်စွမ်း ရှိစွတကား။

**မောင်လှရွှေ (မြန်မာစာဌာန) ၁၉၃၆-၃၇ ခုနှစ်၊ ပဲခူးကျောင်းဆောင် သဟာယနှင့် စာဖတ်အသင်း အမှုဆောင်ဟောင်း** ဟူ၍ ပဲခူးဆောင်၏ ဂုဏ်အထူးကို ဖော်ကျူးထားပါသည်။

ဆရာသည် ပါရမီထူးသည့် အနုပညာရှင်ပီပီ နိုင်ငံအကျိုး စွမ်းစွမ်းတမံသယ်ပိုးခဲ့ကြသော မိမိ၏ လုပ်ဖော်ကိုင်ဖက်များအကြောင်းကို နည်းမီးအားကျဖွယ်၊ လွမ်းဆွတ်တသ၊ သတိရအောက်မေ့ဖွယ် စာပန်းချီခြယ်နိုင်ခဲ့ပါသည်။ တက္ကသိုလ်ပုံရိပ်သည် လွတ်လပ်ရေးသမိုင်းနှင့်အတူ တစ်ထပ်တည်းရှိခဲ့သည်ဟု ဆိုနိုင်ပါသတည်း။ ။


ပဲခူးဆောင်ဘွဲ့–


အဖြည့်ခံ မော်ကွန်း


ပဲခူးဆောင် ဗိုလ်ချုပ်အောင်ဆန်းအခန်း တည်ထားရေးအဖွဲ့။

## စာရေးသူ၏ အတ္ထုပ္ပတ္တိအကျဉ်း



အမည်ရင်း - ဒေါက်တာ အောင်ဇော်
ဇာတိ - ရန်ကုန်တိုင်း၊ ကွမ်းခြံကုန်းမြို့

၁၉၆၀ ပြည့်နှစ်တွင် ရန်ကုန်တက္ကသိုလ်သို့ ရောက်သည်။ ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့၊ မဟာဝိဇ္ဇာဘွဲ့၊ ပါရဂူဘွဲ့များ ရသည်။ ၁၉၇၂ ခုနှစ်မှ ၂၀၀၆ ခုနှစ်အထိ ပုသိမ်ကောလိပ်၊ ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်၊ ရွှေဘိုကောလိပ်၊ ထားဝယ်တက္ကသိုလ်၊ မအူပင် တက္ကသိုလ် မြန်မာစာဌာနတို့တွင် နည်းပြမှ ပါမောက္ခ/ဌာနမှူးအထိ တာဝန်ယူခဲ့သည်။

အထက်အောက် အချို့တက္ကသိုလ်ကြီးများတွင် မဟာဝိဇ္ဇာဘွဲ့၊ ပါရဂူဘွဲ့ယူကျမ်းများ ကြီးကြပ်ခဲ့သည်။ ပြင်ပစာစစ်အဖြစ်လည်းကောင်း၊ အတွင်းစာစစ်အဖြစ်လည်းကောင်း တာဝန်ယူခဲ့သည်။ အငြိမ်းစားယူပြီးသော်လည်း ပါရဂူကျမ်းများ စစ်ဆေးဆဲ၊ ကြီးကြပ်ဆဲဖြစ်သည်။

မြို့တော်သူ မြို့တော်သားများ (၁၉၉၇)နှင့် အို့နောင်န်ဝေး အို့မယ်ဝေး ထားဝယ်တေး (၂၀၁၁) စာအုပ်များ ရေးသားထုတ်ဝေခဲ့သည်။

၁၉၇၀ ပြည့်နှစ်မှ စ၍ ရန်ကုန်တက္ကသိုလ် နှစ်လည်မဂ္ဂဇင်းထုတ်ဝေသူအဖြစ် တာဝန်ယူခဲ့ရာမှစ၍ ပြောင်းရွှေ့ရာ တက္ကသိုလ်ကောလိပ်တိုင်းတွင် မဂ္ဂဇင်းထုတ်ဝေသူ တာဝန်ယူရသည်။

ဗိုလ်တထောင်မြို့နယ် စာရေးဆရာအသင်း ကန်တော့ခံဖြစ်သည်။

# အလွမ်းဖွဲ့သော လွမ်းဖွယ်တက္ကသိုလ်

## ကိုရွှေသိမ်းမင်း

**၂၀၂၀ ပြည့် ဒီဇင်ဘာလ။**
သြော် ရန်ကုန်တက္ကသိုလ်ကြီးပင် နှစ် ၁၀၀ ပြည့် (ရာပြည့်) တိုင်ခဲ့ပါပြီကော။ ကိုယ့်အသက်သည်လည်း ၇၀ အတွင်း ချင်းနင်းဝင်ခဲ့ပြီကိုး။

ဟိုးလွန်ခဲ့တဲ့ နှစ် ၅၀၊ တက္ကသိုလ်ရွှေရတုသဘင်နှစ်မှာ ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်ကြီးကို စတင်ခြေချဝင်ရောက်ခွင့်ရပါတယ်။ စက်မှု၊ စိုက်ပျိုးရေး၊ ပညာရေး၊ စီးပွားရေး၊ ဆေး ၁၊ ဆေး ၂၊ တိမ္မေးကု၊ ဆေးတက္ကသိုလ်–မန္တလေး၊ မန္တလေး ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ် စသည်ဖြင့် တက္ကသိုလ်ကြီး ၁၀ ခုကို ၁၉၆၄ ခုနှစ်မှာ ခွဲထုတ်လိုက်ပြီး ခြောက်နှစ်အကြာ စနစ်သစ်ပညာရေး အသားကျစပြုနေချိန်ပေ့ါ။ ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်မှာ ဝိဇ္ဇာပညာရပ်ကိုးမျိုးနဲ့ သိပ္ပံပညာရပ်ခုနစ်မျိုးကိုသာ သင်ကြားပေးပါတော့တယ်။

**အင်းလေးပိုးပုဆိုးနဲ့ တက္ကသိုလ်ကျောင်းသား**

၁၀ တန်းအောင်ချက်က ၁၀၀ မှာ ၁၃ ယောက်လောက်အောင်တဲ့ခေတ်မှာ ကျွန်တော် ၁၀ တန်းအောင်ခဲ့ပြီး တက္ကသိုလ်ဝင်ခွင့်ရပြီဆိုတော့ ရပ်ကွက်လိပ်ပြာတောင်ပြည်သူ့ဆိုင်မှာ တိုက်ပုံချုပ်ဖို့ တက်ထရက်တစ်စနဲ့ အင်းလေးပိုးလုံချည်တစ်ထည် ဝယ်ခွင့်ရပါတယ်။ ပြည်သူပိုင်သိမ်းထားတဲ့ပစ္စည်းတွေ ထင်ရတာပါပဲ။ အထက်တန်းကျောင်းသားဘဝက တိုက်ပုံမီးခိုးရောင်နဲ့ ကျောင်းစိမ်းလုံချည်၊ အင်္ကျီဖြူဝတ်ခဲ့ရတဲ့ ကျွန်တော်ဟာ ဂျပန် တက်ထရက်တိုက်ပုံ စဝတ်ရပြီလေ။ လုံချည်၊ အင်္ကျီရှားပါးလှတဲ့ခေတ်မှာ အင်းလေးပိုးပုဆိုးနဲ့ တက္ကသိုလ်ကျောင်းသားလေ။

ဇွန်လ ၁ ရက်နေ့ဟာ တက္ကသိုလ်တွေ စဖွင့်တဲ့နေ့ပါပဲ။ မိုးတွင်းကြီးပေ့ါ။ ခေါက်ထီးဆိုတာက ပေါ်စရှိပြီး ဆင်ကြယ်ဂျပန်ဖိနပ်စီးနိုင်ရင် ပြည်တွင်းဖြစ် လက်ဝါးရော်ဘာဖိနပ်စီးနိုင်သူကြား ဂုဏ်ခံလို့ ရတဲ့ခေတ်လေ။ ခြောက်သွေ့တဲ့နေ့ဆို စောင်းကောက်တံဆိပ် မန္တလေး ဖိနပ်နဲ့ပေ့ါခင်ဗျာ။

တက္ကသိုလ် စတက်မယ့်နေ့မှာ ငွေဖလားထဲ သပြေခက်နဲ့ ပညာရေးအောင်မြင်ဖို့ ခေါင်းရေဆွတ်တာ ခံလိုက်ရသေးတယ်။

တောင်ဥက္ကလာပကနေ နံပါတ် ၇ ဘတ်စ်ကားဗိုက်ပူကြီးကို ကုက္ကိုင်းထောင့်အထိစီး၊ အဲဒီကမှ အခုပန်းခြံလုပ်ထားတဲ့နေရာလေးကိုဖြတ်ကာ တက္ကသိုလ်ရိပ်သာလမ်းအစက နံပါတ် ၁၆ ဟီးနိုးကားလေးတွေကို ၁၀ ပြားပေးစီး၊ တက္ကသိုလ်ဓမ္မာရုံရှေ့ဆင်းကာ အမရဆောင်ရှေ့ဝင်းတံခါး ဟတတကနေဝင်ပြီး ရာမညဆောင်ဆိုတာကို ပတ်လျှောက်ရတယ်။ ဝိဇ္ဇာသမား ပထမနှစ်တွေက ရာမညဆောင်မှာ တက်ရတာပါ။ တချို့လည်း အမရဆောင် ထင်တယ်။ သိပ္ပံသမားတွေက မန္တလေးဆောင်။ ရာမညဆောင်က ပြည်လမ်းပေါ်ရှိတယ် ပြောရပါမယ်။ ကမာရွတ်ရဲစခန်းကို မျက်နှာပြုထားပါတယ်။ ရာမညဆောင်ရဲ့ ဘယ်ဘက်ခပ်လှမ်းလှမ်းလောက်မှာက တက္ကသိုလ်ရဲ့အသည်းကျော် ဦးချစ်လက်ဖက်ရည်ဆိုင်လေးက သစ်ပင်အုပ်အုပ်တွေကြားမှာ ရှိပါတယ်။ လှမ်းမမြင်ရပါဘူး။

**R.1 ဆိုတာ**

တက္ကသိုလ် စတက်ရတဲ့နေ့မှာ ပထမဆုံး စကြုံရတဲ့ ပြဿနာက ကျောင်းတက်ချိန် အချိန်စာရင်း မကူးတတ်တာပါ။ ရာမညဆောင်မြေညီထပ် နံရံကပ်မှန်ပုံးကြီးထဲ ကပ်ထားတဲ့အချိန်စာရင်းကို ကြည့်ပြီး R.1 ဆိုတာ ရှာရသေး။ ကိုယ့်လိုမြန်မာစာအဓိကသမားချင်းအုပ်ဖွဲ့၊ ယောင်တောင်ပေါင်တောင်ပေ့ါခင်ဗျာ။ R.1 ဆိုတာ ရာမညအခန်း ၁ ကိုပြောတာပါ။ အခန်းက အတော်လေး ကျယ်ပြီး ရှည်ပါတယ်။ ကျောင်းသားကျောင်းသူက ၂၀၀ ကျော်ပါတယ်။ မြန်မာစာ တစ်ခုတည်းနော်။ ၇ နာရီခွဲ ကျောင်းတက်ချိန်ကို မနက် ၆ နာရီခွဲကတည်းက ရောက်နေတဲ့ ကျွန်တော်တို့ ပျော်တပြုံးပြုံး စိတ်တလှုပ်ရှားရှားနဲ့ပေ့ါ။ အတန်းထဲ ခုံနေရာက ဦးရာလူဝင်ထိုင်နေကြတာ။ ဆရာလည်း ဝင်လာရော ပြိုင်တူမတ်တတ်ရပ်ပြီး မင်္ဂလာပါလို့ ထအော်ကြတော့တာပါပဲ။ ဆရာက ကောလိပ်ဂျင်နေဝင်းစတိုင်မျိုးပါပဲ။ ဆရာဦးတင်အောင်ပါ။ မင်္ဂလာပါလို့ နှုတ်ဆက်ဖို့ မလိုကြောင်း ဆရာက ပြောပေမယ့် နောက်ရက်တွေလည်း ၁၁ နှစ်၊ ၁၂ နှစ်လောက် အထက်တန်းကျောင်းသား အကျင့်ပါနေတဲ့ ကျွန်တော်တို့ မင်္ဂလာပါအော်သံ မပျက်ခဲ့ပါဘူး။ ပထမရက်လောက် မများတာဘဲ ရှိပါတယ်။ နောက်ပိုင်းကျမှ တစ်စတစ်စနှုတ်ဆက်သံ ပါးသွားတာပါ။ မတ်တတ်ရပ် အရိုအသေပြုတဲ့ အကျင့်ကတော့ နောက်ဆုံးနှစ်အထိ မပျက်ခဲ့ကြပါဘူး။ လူကြီးမိဘ ဆရာသမားအပေါ်ထားတဲ့ မြန်မာ့ယဉ်ကျေးမှုဓလေ့လေးပါ။

မြန်မာစာဘာသာရပ်အပြင် ပထဝီဝင်၊ ဒဿနိက၊ အင်္ဂလိပ်စာ၊ ပါဠိ၊ သမိုင်းဘာသာရပ်တွေပါ တွဲသင်ရပါတယ်။ ရာမညဆောင်အောက်ထပ်မှာပဲ R.3 တို့၊ R.4 တို့ တစ်ချိန်နဲ့တစ်ချိန်မတူဘဲ အခန်းပြောင်းသင်ရတာဟာ တက္ကသိုလ်ရဲ့ ထူးခြားချက်ပေ့ါခင်ဗျာ။ တစ်နှစ်လုံးနေ့စဉ် တစ်ခန်းတည်းမှာပဲသင်ခဲ့ရတဲ့ ကျွန်တော်တို့အတွက် အစိမ်းအသစ်ခံစားချက်ပါ။

**အပင်ထက်မှာလည်း ရဲရဲဝေ**

အတန်းမရှိတဲ့အချိန် တက္ကသိုလ်ထဲ လျှောက်လှည့်ကြည့်ကြပါတယ်။ မိုးစဲထားပေမယ့် မြေပြင်က စိုစိုစွတ်စွတ်ရှိတုန်းပါ။ စိန်ပန်းပွင့် နီနီရဲရဲကြီးတွေ ကြွေနေလိုက်တာများ တချို့အပွင့်မပျက်ပါဘူး။ အပင်ထက်မှာလည်း ရဲရဲဝေနေတာပါပဲ။ အထူးအဆန်းမို့ ကောက်မိပါတယ်။ တချို့မိန်းကလေးတွေဆို ပန်လို့များတောင် ထားလိုက်သေး။ **“ကျောင်းဖွင့်ချိန် စိန်ပန်းတွေလည်း မြေမှာကြဲပြန့်နေ”** ဆိုတဲ့ သီချင်းထဲက အတိုင်းပါပဲလား။

မြောက်ကြွားကြွား၊ မောက်ကြွားကြွားနိုင်တဲ့ မောင်သစ်လွင်၊ မယ်သစ်လွင်ဆိုတဲ့ ကျွန်တော်တို့ဟာ တောသားမြို့ရောက်ဆိုတဲ့အတိုင်း မြို့စတိုင် တက္ကသိုလ်ကျောင်းသားကျောင်းသူစတိုင်တော့ ဣန္ဒြေရရ မရှိမှာသေချာပါတယ်။ ဆောင်းတဲ့ထီး၊ လွယ်တဲ့လွယ်အိတ်၊ စီးတဲ့ဖိနပ်အထိ အသစ် ကျပ်ချွတ်သမားတွေ များတယ်လေ။ ဘာဖြစ်ဖြစ် ပျော်နေတယ်ဗျာ။

ကျွန်တော်တို့ရဲ့ မိခင်ဌာနဖြစ်တဲ့ မြန်မာစာဌာနက တောင်ငူဆောင် အပေါ်ဆုံးထပ်မှာပါ။ အဲဒီ တောင်ငူဆောင်ဆိုတာကလည်း မန္တလေးဆောင်၊ အမရဆောင်၊ ရာမညဆောင်တို့နဲ့ ကျောချင်းဆိုင်အဆောင်ပါ။ မန္တလေးဆောင်က အဓိပတိလမ်းကို မျက်နှာပြုတယ်။ ကျောင်းသားသမဂ္ဂနေရာနဲ့ မျက်နှာချင်းဆိုင်။ ရာမညက ပြည်လမ်းပေါ် ကမာရွတ်ရဲစခန်းမျက်နှာပြု။ တောင်ငူဆောင်ကတော့ ဒဂုံလမ်းကလေးပေါ် ဒဂုံဆောင် မျက်နှာပြု။ အဲဒီတောင်ငူဆောင် အလယ်ထပ်တစ်ဝက်ကို မြန်မာစာဌာနထားပါတယ်။ ကျန်တစ်ဝက်ကိုတော့ မနုဿဗေဒဌာနက ယူပါတယ်။ အောက်ထပ်မြေညီ တစ်ထပ်လုံးနီးပါးက အင်္ဂလိပ်စာဌာနနေရာတွေပါ။ မြေညီအစွန်က T.1, T. 2 ကိုတော့ စာသင်ခန်းတွေအဖြစ် ထားပါတယ်။ ဒုတိယနှစ်ကျတော့ အဲဒီအခန်းတွေမှာ သင်ရပါတယ်။ မြန်မာစာဌာနက ဆရာမလေးတွေ ရိုးရိုးယဉ်ယဉ်ပေမယ့် အင်္ဂလိပ်စာဌာနက ဆရာမလေးတွေကတော့ လှလှဆန်းဆန်းလေးတွေပါ။ ဆရာမဒေါ်နွဲ့ယဉ်ဝင်းတို့ ခေတ်ပေ့ါခင်ဗျာ။

**ကဗျာ စာစောင်လေးတွေ ရေးဖြစ် ရောင်းဖြစ်**

စာရေးဆရာဖြစ်ချင်လို့ မြန်မာစာယူခဲ့တဲ့ ကျွန်တော်ဟာ လက်ဦးဆရာ ဦးတင်အောင်ကလည်း မြန်မာစာကျောင်းသားတွေ စာရေးဖို့ အားပေးတိုက်တွန်းတော့အခန့်သင့်ပါတယ်။ သူလည်း မောင်ရေခဲ နာမည်နဲ့ စာရေးတဲ့အကြောင်း၊ စာရေးဖြစ်ရင် သူ့ကိုပြဖို့ အကြောင်းပြောတော့ တအားပေ့ါခင်ဗျာ။ ရာမညဆောင်မှာလည်း ပန်းဖလက်လို့ခေါ်တဲ့ ကဗျာစာခေါက်လေးတွေ၊ ကဗျာစာအုပ်လေးတွေ တစ်မတ်၊ ငါးမူးနဲ့ လာရောင်းတာရှိ ဝယ်ပါတယ်။ စာသင်ခန်းထဲလည်း ဆရာမဝင်ခင် လာရောင်းတတ်ကြပါတယ်။ အတန်းကြီးသမားတွေပေ့ါ။ နောက်နှစ်တွေကျ ကျွန်တော်တို့လည်း ကဗျာဝယ်သူအဖြစ်ကနေ ရောင်းလည်းရောင်း၊ ဝယ်လည်းဝယ်ဘဝ ရောက်ပါတော့တယ်။ အားကျမခံ အတုမြင်အတတ်သင်ပြီး ဖရောင်းစက္ကူပေါ် ကညစ်နဲ့ရေး စာကူးစက်နဲ့လှည့်ကာ လေးခေါက်ခေါက်ရတဲ့ ကဗျာစာစောင်လေးတွေ ရေးဖြစ် ရောင်းဖြစ်ပါတယ်။ စာရေးသူအဖြစ်၊ ထုတ်ဝေသူအဖြစ်၊ စတဲ့ ဖိနပ်ချွတ် (ခွေးကတက်) လေးပေ့ါဗျာ။

**ဂိတ်တံခါးပေါ်က သံပန်းနဲ့ဖော်ထားတဲ့ ကောက်ကြောင်းခြသေ့နှစ်ကောင်ဟာ ဘွဲ့နှင်းဆောင်က ကြေးရုပ်လုံးပန်းပုခြသေ့တွေနဲ့ အချိုးတူပုံရတယ်။ ဒီတံခါးကြီးဟာ မြန်မာဟန်ဆန်ပြီး မြန်မာရဲ့စွမ်းကို ပြခဲ့တာမို့ ခြသေ့တံခါးလို့သာ အနွတ္တသညာနာမည် ပေးချင်ခဲ့တယ်။ ဒီတံခါးကနေ ပညာသင်တို့ ဝင်ထွက်ကြတယ်။ ပညာသည်တို့ ဝင်ကြထွက်ကြတယ်။ ဘွဲ့နှင်းဆောင်ဆိုတဲ့သိုက်ကြီးဆီ အရောက်သွားဖို့ တံခါးကြီးတွေလည်း ဖြစ်။**




ရန်ကုန်တက္ကသိုလ်အတွင်းရှိ တောင်ငူဆောင်။ ဓာတ်ပုံ–မြင့်မောင်မောင်

စာမျက်နှာ ၉ သို့

# ရန်ကုန်တက္ကသိုလ် နှစ်(၁၀၀)ပြည့် ရာပြည့်သဘင် အခမ်းအနား Virtual စနစ်ဖြင့် ထုတ်လွှင့်မည်

**နေပြည်တော် နိုဝင်ဘာ ၃၀**

၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၁ ရက်တွင် ကျရောက်မည့် ရန်ကုန်တက္ကသိုလ် နှစ်(၁၀၀)ပြည့် ရာပြည့်သဘင်အခမ်းအနားကို ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စတူဒီယို (၁) တွင် Virtual စနစ်ဖြင့် ကျင်းပမည် ဖြစ်သည်။

အဆိုပါ အခမ်းအနား ကျင်းပပုံများကို ဒီဇင်ဘာ ၁ ရက် ညနေ ၅ နာရီမှ စတင်၍ မြန်မာ့ရုပ်မြင်သံကြားနှင့် မြန်မာ့အသံရေဒီယိုတို့မှ ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး MRTV Facebook Page နှင့် University of Yangon Myanmar Facebook Page တို့မှ Live Streaming ထုတ်လွှင့်မည့်အပြင် ဒီဇင်ဘာ ၁ ရက် ည ၉ နာရီတွင်လည်း ရန်ကုန်တက္ကသိုလ် ရာပြည့်ဂုဏ်ပြု အခြားအစီအစဉ်များနှင့်အတူ ထပ်မံထုတ်လွှင့်ပြသမည်ဖြစ်သည်။

ယင်းအစီအစဉ်ကို Up to Date၊ Channel 9၊ Education Channel၊ Music Channel၊ DVB၊ Mizzima၊ YTV ရုပ်သံလိုင်းများ၊ ရွှေFM ရေဒီယို အစီအစဉ်နှင့် MOI Webportal Myanmar Facebook Page၊ Myanmar Digital News Facebook Page နှင့် Padamyar FM Broadcasting Page တို့မှလည်း ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်တက္ကသိုလ် နှစ် (၁၀၀) ပြည့်အထိမ်းအမှတ် ဂုဏ်ပြုဆောင်းပါးများစာအုပ် ထုတ်ဝေ

**နေပြည်တော် နိုဝင်ဘာ ၃၀**

ရန်ကုန်တက္ကသိုလ်ကြီး၏ ကြီးမြတ်သည့် သမိုင်းကြောင်းများနှင့် ကြီးမားသည့် အစဉ်အလာများကို ပြည်သူများ ခံစားသိမြင်နိုင်စေရန်အတွက် စာပေပညာရှင်၊ ဝါသနာရှင်အသီးသီးက မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာများတွင် ထုတ်ဖော်ရေးသားခဲ့ကြသည်။

အဆိုပါ ဆောင်းပါးများကို တစ်စုတစ်စည်းတည်း စုစည်း၍ **"ရန်ကုန်တက္ကသိုလ် နှစ် ၁၀၀ ပြည့် အထိမ်းအမှတ် ဂုဏ်ပြုဆောင်းပါးများ"** စာအုပ်အဖြစ် ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၁ ရက်တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက စီစဉ်ထုတ်ဝေမည်ဖြစ်သည်။

ဤစာအုပ်တွင် ရှေးအစဉ်အဆက်မှ ယနေ့ထက်တိုင် အရေးပါနေဆဲ၊ တန်ဖိုးထား တမ်းတနေရဆဲဖြစ်သော ရန်ကုန်တက္ကသိုလ်ကြီး၏ သမိုင်းဖြစ်စဉ်ဖြစ်ရပ်များ၊ ရန်ကုန်တက္ကသိုလ် ကျောင်းသား ကျောင်းသူများ၏ ကြည်နူးဖွယ်၊ လွမ်းဆွတ်ဖွယ် ဘဝဖြတ်သန်းမှု အတွေ့အကြုံများကို ရေးသားဖော်ပြထားသည့် ဆောင်းပါးပေါင်း ၆၂ ပုဒ်ကို စုစည်းဖော်ပြထားပါသည်။

ယင်းစာအုပ်ကို စာပေဗိမာန်စာအုပ်အရောင်းဆိုင်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်ဆိုင်၊ အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများနှင့် ထုတ်လုပ်ရေးဌာနခွဲ (၀၆၇-၃၄၁၂၃၇၁၊ ၀၁-၈၃၇၁၃၄၂၊ ၀၁-၈၂၀၁၉၃၆)များတွင် ဆက်သွယ်ဝယ်ယူနိုင်သည်။

**သတင်းစဉ်**




○ စာမျက်နှာ ၈ မှ

**ပညာရွှေအိုး**
**လူမခိုး နတ်မခိုး။**
**ကြည့်လိုက်ပါလမ်းတစ်လျှောက်**
**မောက်မောက်ဖြိုးဖြိုး။ ။**

အဓိပတိလမ်း ဆိုတာကြီးက တက္ကသိုလ်ရိပ်သာလမ်းမ ဂိတ်တံခါးကြီးဆီကနေလှမ်းကြည့်ရင် ဘွဲ့နှင်းဆောင်ကို ဦးခိုက်ပြီးဆုံးပါတယ်။

ဂိတ်တံခါးအုတ်ခုံတိုင်ကြီးတွေမှာ သေနတ်ကျည်ပေါက်တွေများ ရှိဦးလေမလားလို့ အနီးကပ်ကြည့်ဖူးတယ်။ ၆၂ ဆဲဗင်း ဇူလိုင်မှာ သွေးစွန်းခဲ့တဲ့နေရာလို့ ဖတ်ဖူးခဲ့တာကိုး။ သံကြိုးနဲ့ ဆွဲဖွင့်ခံခဲ့ရပါတယ်ဆိုတဲ့ တံခါးကြီးနဲ့ အုတ်တိုင်ခုံတွေကတော့ ထီမထင်ပုံပါပဲ။ တံခါးပေါ်က သံပန်းနဲ့ဖော်ထားတဲ့ ကောက်ကြောင်းခြင်္သေ့နှစ်ကောင်ဟာ ဘွဲ့နှင်းဆောင်က ကြေးရုပ်လုံးပန်းပုခြင်္သေ့တွေနဲ့ အချိုးတူပုံရတယ်။ ဒီတံခါးကြီးဟာ မြန်မာဟန်ဆန်ပြီး မြန်မာ့ရဲစွမ်းကို ပြခဲ့တာမို့ ခြင်္သေ့တံခါးလို့သာ အန္တတ္တသညာနာမည်ပေးချင်ခဲ့တယ်။ ဒီတံခါးကနေ ပညာသင်တို့ ဝင်ထွက်ကြတယ်။ ပညာသည်တို့ ဝင်ကြထွက်ကြတယ်။ ဘွဲ့နှင်းဆောင်ဆိုတဲ့ သိုက်ကြီးဆီ အရောက်သွားဖို့ တံခါးကြီးတွေလည်း ဖြစ်ပါတယ်။

**ခြင်္သေ့နှစ်ကောင်**
**ဆောင်အယောင်အခံ့သား။**
**ပညာသည် ဥစ္စာပိုက်မည့်**
**သိုက်ဖွင့်တံခါး။ ။**

ဒီတံခါးကနေ အဓိပတိလမ်းအတိုင်းဝင်ကာ ဘွဲ့နှင်းဆောင်ရှေ့ပန်းခြံလေးကို ကျွန်တော် စက်ဘီးနင်းဝင်ခဲ့ဖူးပြီးသားပါ။ ဆယ်တန်းအောင်ပြီးစက သူငယ်ချင်းတစ်ယောက်နဲ့အတူ တောင်ဥက္ကလာပကနေ ည ၇ နာရီလောက် လာခဲ့ကြတယ်။ ငါတို့တက်ရမယ့်တက္ကသိုလ်ပဲ ဆိုတဲ့ တစ်ခုတည်းသောစိတ်နဲ့ ချီတက်ခဲ့ကြတာပါ။ နေ့ဘက်တော့ မဝင်ရဲခဲ့ပါ။ တက္ကသိုလ်ဆိုတဲ့ အဟန့်အရှိန်က ကျွန်တော်တို့လို ချာတိတ်များအဖို့ လန့်ထိတ်လောက်အောင် ရှိလှပါတယ်။ ဖမ်းလည်းဖမ်းစားနိုင်လွန်းလှပါတယ်။ ကောလိပ်ဂျင် ရုပ်ရှင်အစ သပိတ်မှောက်ကျောင်းသားဝတ္ထုအလယ် တက္ကသိုလ်ကျောင်းသူတစ်ဦး သီချင်းအဆုံး ကျွန်တော်တို့ကို ဖမ်းစားခဲ့တာကိုး။

ခုံတန်းလျားတွေကို မြင်ဖူးချင်ခဲ့တယ်။ တက္ကသိုလ်ခင်မောင်အေးက စတင်သုံးခဲ့တဲ့ ကံ့ကော်တော ဆိုတာကို ခိုဝင်ချင်ခဲ့တယ်။ ကံ့ကော်ပွင့်တွေကို ပွေ့ပိုက်ချင်ခဲ့တယ်။

**မေတ္တာတွေခြုံ၊**
**လုံစေမယ့်တော။**
**စကားဖွဲ့သစ္စာတိုင်၏၊**
**ရာပြည့်စေသောဝ်။ ။**

ကံ့ကော်တော ကဗျာတစ်စကို ရေးဖွဲ့ဖူးတယ်။

ကံ့ကော်တောဆိုတာ အခုတက္ကသိုလ် ဗဟိုစာကြည့်တိုက်ကြီး တည်နေရာနဲ့ အဓိပတိလမ်းစပ်အထိ မျက်နှာစာနေရာပါ။ အပင်များစွာနဲ့အုပ်ဆိုင်းနေတဲ့ ကံ့ကော်တောပါ။ စာကြည့်တိုက်သစ်ကြီးအတွက် ၁၉၇၃ ခုနှစ်လောက်က ထင်ပါရဲ့ ခုတ်ထွင်ပစ်လိုက်ကြတယ်။ အဲဒီကံ့ကော်တောအုပ်လေးထဲမှာ ခုံတန်းလျားတွေရှိတယ်။ တက္ကသိုလ်ပရဝဏ်ထဲက အခြားနေရာလေးတွေမှာလည်း ရှိပါတယ်။ အင်္ဂတေအုတ်တိုင်ဒေါက်တွေကို ဆေးဖြူသုတ်ထားပြီး ကျောမှီနဲ့အခင်းက အစပ်မရှိတဲ့ ပျဉ်ချပ်တွေပါ မိုးပြာရောင်ဆေးတွေသုတ်ထားပါတယ်။ အနွမ်းဖြေ၊ အလွမ်းဖြေ စကားထွေတလာဆိုဖွဲ့ရာ နေရာလေးတွေပါ။ သူငယ်ချင်းတွေထိုင်ကြသလို ချစ်သူတွေလည်း ထိုင်ကြပါတယ်။ တစ်ယောက်တည်းဖော်မပါ ငေးငူကြတာလည်း ရှိပါတယ်။

**သစ်ရိပ်ဝါးရိပ်၊**
**တိတ်တိတ်သာ ရွှင်ပျော်ပါး။**
**ဇာတ်တစ်ရာရင်မဖွင့်ဘဲ၊**
**ရင့်ကျက်သူများ။ ။**

အဲဒီခုံတန်းလျားလေးတွေ ဖျက်သိမ်း၊ ဇာတ်လမ်းချုပ်သွားပုံလေးကလည်း နားကြားသတင်းအရဆိုရင် စိတ်မကောင်းစရာပါ။ ကြွက်မနိုင် ကျီမီးနဲ့ရှို့သလိုပါပဲ။ အဲဒီခုံတန်းလျားလေးတွေကို အဓိပတိလမ်းတစ်လျှောက် ရှေးပုံစံမပျက် ပြန်ထားလိုက်ရင် သိပ်လှသွားမယ်လို့ မြင်ယောင်မိပါတယ်။

ရန်ကုန်တက္ကသိုလ် ရွှေရတုသဘင်နှစ်မှာ တက္ကသိုလ်ရောက်ပြီး ရန်ကုန် ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်ကို တက်ခွင့်ရပြီး ၁၉၇၄ ခုနှစ်မှာပဲ ကျောင်းပြီးလို့ ဘွဲ့ရခဲ့ပါတယ်။

နောက်ဆုံးနှစ်အရောက်မှာ ကျွန်တော်နဲ့ တက္ကသိုလ်ကျော်ဝင်းမောင်ကို မြန်မာစာဌာန မြန်မာစာအသင်းက ကဗျာစာအုပ်လေး ထုတ်ပေးခဲ့ပါတယ်။ နှမပြာဝင်နေရစ်မင်း။ တက္ကသိုလ်ကို နှုတ်ဆက်ခဲ့တာပါပဲ။

**တစ်ရာ့တစ်ဝက်၊**
**အသက်ပိုအလှညို့လည်း (လဲ)။**
**သားတစ်ဖြာ မြေးတစ်အုပ်နဲ့၊**
**ရုပ်နာမ်ပျိုမြဲ။ ။**

ရန်ကုန်တက္ကသိုလ်ကြီး အသက် ၅၄ နှစ်တုန်းကပေါ့။ အခုတော့ နှစ် ၁၀၀ တင်းတင်းပြည့်နေတဲ့ အမေရာပြည့်တက္ကသိုလ်၊ အဘွားရာပြည့်တက္ကသိုလ်ကြီး ဖြစ်နေပါပြီ။

ဘယ်နှခါလွမ်းလွမ်း အလွမ်းကောင်းကောင်းနဲ့ လွမ်းမဝနိုင်တဲ့ လွမ်းဖွယ့်တက္ကသိုလ်ကြီးပါပဲ။ ။

## စာရေးသူ၏ ကိုယ်ရေးအကျဉ်း



- အမည်ရင်း ဦးသိမ်းမင်း ဖြစ်သည်။
- ၁၉၅၁ ခုနှစ်တွင် မွေးဖွားပြီး ထားဝယ်မြို့ဇာတိဖြစ်သည်။
- ထားဝယ်မြို့တွင် အေဘီအမ်ကျောင်း - နောင် အထက ၃ တွင် ရှစ်တန်းအောင်သည်အထိ ပညာသင်ကြားခဲ့သည်။
- ၁၀ တန်းကို ရန်ကုန်မြို့တောင်ဥက္ကလာပ အထက - ၃ မှ အောင်မြင်သည်။
- ၁၉၇၀ ပြည့်နှစ်တွင် ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်သို့ မြန်မာစာအဓိကဘာသာဖြင့် တက်ခွင့်ရခဲ့သည်။
- တက္ကသိုလ်ကျောင်းသားဘဝတွင် တည်နေရာနှင့် ကဗျာများရေးခဲ့ ထုတ်ဝေခဲ့သည်။
- ၁၉၇၆ ခုနှစ်တွင် ဝတ္ထုစာပေရေးသားခြင်းအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းရင်း သံသရာအလှစာပေ အမည်ဖြင့် ထုတ်ဝေရေးလုပ်ငန်းပါ ပူးတွဲလုပ်ကိုင်ခဲ့သည်။
- ၁၉၉၁ခုနှစ်တွင် ပန်းရွှေပြည်စာအုပ်တိုက်ကို စတင်ခဲ့သည်။ ကလေးများအတွက်ပုံပြင်စာအုပ်များနှင့် ပန်းရွှေပြည်ပုံပြင်မဂ္ဂဇင်းကို ထုတ်ဝေခဲ့သည်။
- မြန်မာစာပေချစ်မြတ်နိုးသူများအသင်းစတင်ရာတွင် ကမကထပြုခဲ့ပြီး အတွင်းရေးမှူးအဖွဲ့ဝင်အဖြစ်နှင့် နောက်ဆုံးဘဏ္ဍာရေးမှူးအဖြစ် တာဝန်ယူခဲ့သည်။ ရန်ကုန်တက္ကသိုလ် မြန်မာစာကျောင်းသားဟောင်းများအသင်း စဖွဲ့ရာတွင်ပါခဲ့ပြီး ဒု-ဥက္ကဋ္ဌ တာဝန်ယူထားပါသည်။
- ယခုအခါတွင် ရှားပါးရေးစာအုပ်များကို ရှာဖွေစိစစ်ခင်းကျင်းထုတ်ဝေသောအလုပ်ကိုသာ စူးစိုက်လုပ်ကိုင်နေပါတော့သည်။

# ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ တောင်ပေါ်ဒေသ ကျေးရွာချင်းဆက်လမ်းအား ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း အပြီးသတ်ဖောက်လုပ်ရန် ဆောင်ရွက်နေ

**နမ့်ဆန် နိုဝင်ဘာ ၃၀**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရှမ်းပြည်နယ်(မြောက်ပိုင်း) ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း နယ်စပ်ဒေသ တောင်ပေါ်ကျေးရွာချင်းဆက်လမ်းများအနက် နမ့်ဆန်မြို့နယ် ဟူနန်-ကိုက်တိုင် ကျေးရွာချင်းဆက်လမ်းအား နယ်စပ်ဒေသရှိ တိုင်းရင်းသားပြည်သူများ လမ်းပန်းဆက်သွယ်မှုကောင်းမွန်စေရေးအတွက် မြေသားလမ်း(၅/၀)မိုင်နှင့် ၎င်းလမ်းပေါ်ရှိ လိုအပ်သော တောင်ကျချောင်းရေစီးဆင်းမှုနေရာများတွင် (၅x၅x၂၆) ပေ Box Culvert ၁၂ စင်းအား ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၂၆၂ ဒသမ ၂၇၈ သန်းဖြင့် အပြီးဖောက်လုပ်မည်ဖြစ်သည်။

ယခုအခါ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေသော်လည်း လုပ်ငန်းများ အချိန်မီ ပြီးစီးရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ လုပ်သားအင်အား အနည်းဆုံးကို အသုံးပြုကာ စက်ယန္တရားကြီးများဖြင့် လုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ငွေကြယ်**

# ကိုဗစ်-၁၉ ရောဂါတုံ့ပြန်ဆောင်ရွက်ရာတွင် စေတနာ့ဝန်ထမ်းများ ပိုမိုအားဖြည့်ပါဝင်နိုင်ရေး အားပေးညှိနှိုင်းဆွေးနွေး



**နေပြည်တော် နိုဝင်ဘာ ၃၀**

ကိုဗစ်-၁၉ ရောဂါ တုံ့ပြန်ဆောင်ရွက်ရာတွင် စေတနာ့ဝန်ထမ်းများ ပိုမိုအားဖြည့်ပါဝင်နိုင်ရေး အားပေးညှိနှိုင်းဆွေးနွေးခြင်းကို ယနေ့ မွန်းလွဲပိုင်းတွင် Zoom Meeting ဖြင့် ကျင်းပသည်။

**တက်ရောက်**

ဆွေးနွေးပွဲသို့ အမျိုးသားအဆင့် စေတနာ့ဝန်ထမ်း ဦးဆောင်အဖွဲ့အတွင်းရေးမှူး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ဒုတိယဝန်ကြီးဦးစိုးအောင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံ ဆရာဝန်များအသင်းမှ တာဝန်ရှိသူများနှင့် လူငယ်ရေးရာ ကော်မတီဝင်များ တက်ရောက်ကြသည်။

တွေ့ဆုံစဉ်ပြည်ထောင်စုဝန်ကြီးက အမျိုးသားအဆင့် စေတနာ့ဝန်ထမ်း ဦးဆောင်အဖွဲ့ကို အတွင်းရေးမှူးရုံးအဖြစ် မိမိတို့ဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း၊ စေတနာ့ဝန်ထမ်းများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံဆရာဝန်အသင်းတို့နှင့်ပူးပေါင်း၍ သင်တန်းများပေးခြင်း၊ မှတ်တမ်းတင်ဂုဏ်ပြုခြင်း၊ ပံ့ပိုးကူညီခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုအခါ ကိုဗစ်-၁၉ ကပ်ရောဂါသည် ရန်ကုန်တိုင်းဒေသကြီး အပါအဝင် ပြည်နယ်နှင့်တိုင်းဒေသကြီးအချို့တွင် ပြန့်ပွားဆဲဖြစ်ပါကြောင်း၊ ကာကွယ်ထိန်းချုပ်ကုသသည့် လုပ်ငန်းစဉ်များတွင် စေတနာ့ဝန်ထမ်းများ လိုအပ်လျက်ရှိပါကြောင်း၊ သက်ဆိုင်ရာ နေပြည်တော်ကောင်စီ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် လူငယ်ရေးရာ ကော်မတီဝင်များအနေဖြင့် ကိုဗစ်-၁၉ ဖြစ်စဉ်များတွင် လူငယ်စေတနာ့ဝန်ထမ်းများ လက်ရှိပါဝင်မှု၊ ဆက်လက်ပါဝင်ဆောင်ရွက်ရန်တို့နှင့်ပတ်သက်၍ တွေ့ကြုံရသော လိုအပ်ချက်များနှင့် အခက်အခဲများကို ဆွေးနွေးပေးကြစေလိုပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းတွင် Fever Clinic များသည် ရောဂါဝေဒနာခံစားရသည့် ပြည်သူများ၏ လက်လှမ်းမီရာ နေရာများတွင် တည်ရှိသည့်အတွက် ပြည်သူများ၏ အားကိုးမှုများရှိပါကြောင်း၊ စေတနာ့ဝန်ထမ်းများ လိုအပ်မှုပိုများလာသည်ဟု သိရှိရပါကြောင်း၊ Fever Clinic များကို တာဝန်ယူဆောင်ရွက်နေကြသူများအနေဖြင့် လိုအပ်ချက်များကို ဆွေးနွေးပေးကြစေလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ Fever Clinic များကို တာဝန်ယူဆောင်ရွက်နေသော ပါမောက္ခဒေါက်တာမာမာကြည်က စေတနာ့ဝန်ထမ်းများ၏ အခန်းကဏ္ဍနှင့် လက်ရှိပူးပေါင်းဆောင်ရွက်နေမှုများ၊ လိုအပ်ချက်များကိုလည်းကောင်း၊ Fever Clinic များတွင် တာဝန်ယူဆောင်ရွက်နေသော ဆရာဝန်များ၊ စေတနာ့ဝန်ထမ်းများက တွေ့ကြုံရသောအခက်ခဲများနှင့်စေတနာ့ဝန်ထမ်းဆိုင်ရာ လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြသည်။

**ဆွေးနွေးတင်ပြ**

ယင်းနောက် ရန်ကုန်၊ စစ်ကိုင်း၊ ပဲခူး၊ မကွေး၊ မန္တလေး၊ ဧရာဝတီ စသည့် တိုင်းဒေသကြီးများနှင့် မွန်ပြည်နယ်တို့မှ လူငယ်ရေးရာကော်မတီဝင်များက စေတနာ့ဝန်ထမ်းဆိုင်ရာ လိုအပ်ချက်များနှင့် တွေ့ကြုံရသော အခက်အခဲများကို ဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးနှင့် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က ပြန်လည်သုံးသပ်ဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ယနေ့ဆွေးနွေးသည့် အချက်အလက်များကို တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ ဆက်စပ်ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆွေးနွေးပြီး လိုအပ်ချက်များကို ဆက်လက်တင်ပြ၍ ဖြေရှင်းဖြည့်ဆည်းခြင်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင် နေပြည်တော် ပတ်ဝန်းကျင်၌ ပြည်တွင်းပြည်ပခရီးသွားများ လည်ပတ်နိုင်ရေးအတွက် ခရီးစဉ်လမ်းကြောင်းများ ဖော်ထုတ်နိုင်ရေး ကွင်းဆင်းဆောင်ရွက်



**နေပြည်တော် နိုဝင်ဘာ ၃၀**

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်၊ ဒုတိယဝန်ကြီး ဦးတင်လတ်၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီအဖွဲ့ဝင် ဦးမင်းသူနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် ကိုဗစ်-၁၉ အလွန်ကာလ ပြည်ထောင်စုနယ်မြေ နေပြည်တော် ပတ်ဝန်းကျင်၌ ပြည်တွင်းပြည်ပခရီးသွားများ လည်ပတ်နိုင်ရေးအတွက် ခရီးသွားဆွဲဆောင်မှုများနှင့် ခရီးစဉ်လမ်းကြောင်းများ ဖော်ထုတ်နိုင်ရေးအတွက် ကွင်းဆင်းလေ့လာကြည့်ရှုကြသည်။

**သွားရောက်လေ့လာ**

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကရင်တိုင်းရင်းသား အများစုနေထိုင်သော ဝေသာလီကျေးရွာသို့ သွားရောက်၍ ရွာအနီးရှိ တိမ်ပင်လယ်နှင့် ကျေးရွာအတွင်း တိုင်းရင်းသားများ၏ နေထိုင်မှုဓလေ့စရိုက်များကို သွားရောက်လေ့လာပြီး ရွှေဘုံသာကျောင်းတိုက်ရှိ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ပအိုဝ်းတိုင်းရင်းသား အများစုနေထိုင်သော ပြဒါးချောင်း ကျေးရွာသို့သွားရောက်ကာ ကျေးရွာဘုန်းတော်ကြီးကျောင်း ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျေးရွာ ရပ်မိရပ်ဖများနှင့်တွေ့ဆုံ၍ တိုင်းရင်းသားကျေးရွာ ၁၄ ရွာရှိသည့်အနက် ကျေးရွာ ၁၁ ရွာတွင် လူထုအခြေပြု ခရီးသွားလုပ်ငန်း (Community Based Tourism) အပါအဝင် ကျေးရွာအလိုက် သင့်လျော်သော ခရီးသွားလုပ်ငန်းများဖော်ဆောင်ရေးအတွက် ညှိနှိုင်းဆွေးနွေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပအိုဝ်း၊ ကယန်းနှင့် ရှမ်းတိုင်းရင်းသားများ စုပေါင်းနေထိုင်သော မြသီတာကျေးရွာသို့ရောက်ရှိကြပြီး ၎င်းမှတစ်ဆင့် ရွာအနီးရှိ ခုနစ်ဆင့်ရေတံခွန်သို့ သွားရောက်ကာ ခရီးသည်များ အပန်းဖြေနိုင်ရေးနှင့် Trekking and Adventure Tourism အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် အခြေအနေများ၊ ပြဒါးချောင်းကျေးရွာနှင့် မြသီတာကျေးရွာများရှိ တိုင်းရင်းသားလူမျိုးများ၏ ဓလေ့ထုံးစံများ၊ လူနေမှုဘဝပုံစံများနှင့် သဘာဝပတ်ဝန်းကျင်ကို အခြေခံ၍ ရပ်ရွာလူထုအခြေပြုခရီးသွားလုပ်ငန်း(CBT) ဖော်ဆောင်ရန် နည်းလမ်းများ၊ ပအိုဝ်းဒေသရှိ အောင်မြင်ပြီးဖြစ်သော CBT လုပ်ငန်းများကို အခြေခံ၍ CBT လုပ်ငန်းစဉ်များရေးဆွဲရေးနှင့် သင်တန်းပို့ချရေးကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

**သတင်းစဉ်**

# ကိုဗစ်ကာလတွင် ဆင်စခန်းများပိတ်ထားရသည့်အတွက် ဝန်ထမ်းများအား ဝင်ငွေရရှိစေရန် ဝါးလက်မှုပညာရပ်များ သင်ကြားပေးနေ



**မန္တလေး နိုဝင်ဘာ ၃၀**

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေသည့် ကာလအတွင်း ဆင်စခန်းများ ပိတ်ထားရသည့်အတွက် ဝန်ထမ်းများအား ဝင်ငွေများရရှိစေရန် ဝါးလက်မှုပညာရပ်များ သင်ကြားပေးနေကြောင်း မန္တလေးတိုင်းဒေသကြီး မြန်မာ့သစ်လုပ်ငန်းမှ ဝါးနက်ဆင်စခန်းနှင့် ဒီးဒုတ်ဆင်စခန်းတို့၏ ထိန်းသိမ်းရေးတာဝန်ခံ လက်ထောက်မန်နေဂျာ ဦးတင်ကျော်မိုးက ပြောကြားသည်။

ကိုဗစ်ဖြစ်ပွားနေသည့် ကာလတစ်လျှောက် အဆိုပါ ဆင်စခန်းသို့ လာရောက်လည်ပတ်သည့် ပြင်ပဧည့်သည်များကို ဝင်ရောက်ခွင့်မပြုဘဲ ပိတ်ထားခဲ့ရကြောင်း၊ ထိုသို့ ဆင်စခန်းများ ပိတ်ထားချိန်တွင် ဆင်ဦးစီးများနှင့် ဆင်ထိန်းများ အားလပ်ချိန်များ၌ တစ်ဖက်တစ်လမ်းမှ ဝင်ငွေများရရှိစေရန်အတွက် ဝါးလက်မှုပညာရပ်များကို သင်ကြားပေးနေကြောင်း၊ ထိုသို့ သင်ကြားပေးခြင်းကြောင့် ၎င်းတို့၏တစ်ရက် ဝင်ငွေမှာ လက်ရှိတွင် ငွေကျပ် ၅၀၀၀ မှ ၆၀၀၀ ရရှိကြကြောင်း သိရသည်။

"ကိုဗစ်ကာလမှာ ဆင်စခန်းတွေ ပိတ်ထားရတဲ့အတွက် ဆင်ဦးစီးတွေနဲ့ ဆင်ထိန်းတွေ အားလပ်ချိန်ရှိနေတဲ့အချိန်မှာ ဝင်ငွေတစ်ခုရရှိစေဖို့ ရည်ရွယ်ပြီး ဝါးလက်မှုပညာများ သင်ကြားပေးနေတာပါ။ အခုလိုအားနေတဲ့အချိန်မှာ ထိုင်နေမယ့်အစား ဝါးကုလားထိုင်လုပ်မယ်ဆိုရင် သူတို့အနေနဲ့ တစ်ခုံကို ငွေကျပ် ၄၅၀၀ ကနေ ၆၀၀၀ အထိ အသီးသီး ရောင်းရပါတယ်။ သူတို့အတွက် တစ်ရက်ကို ဝင်ငွေကျပ် ၅၀၀၀၊ ၆၀၀၀ လောက်ရရှိပါတယ်။ ကိုဗစ်ကာလဖြစ်နေတော့ ရှေ့ဆက်သွားဖို့ အခက်အခဲဖြစ်နေပါတယ်။ ကိုဗစ်အလွန်မှာတော့ ဝါးကိုအဆင့်မြင့်ထုတ်ကုန် ထုတ်လုပ်နိုင်အောင် ပြင်ဆင်ထားပါတယ်။ အခုချိန်မှာလည်း ထိုက်သင့်သလောက်ဝင်ငွေ ရရှိနေပါပြီ"ဟု ၎င်းက ပြောသည်။

**ဆောင်ရွက်လျက်ရှိ**

လက်ရှိအချိန်တွင် အဆိုပါ ဆင်စခန်းရှိ ဝန်ထမ်းများက ဝါးကိုအခြေခံပြီးပြုလုပ်နေသည့် လက်မှုပစ္စည်းများမှာ ဝါးကုလားထိုင်၊ ဝါးယပ်တောင်၊ ဝါးစားပွဲ၊ ဝါးခုတင်၊ ကုလားထိုင်စတီအမြင့်များပြုလုပ်ပြီး ရောင်း ချပေးနေကြောင်း၊ နောက်ပိုင်းကာလများတွင် ဝါးလုပ်ငန်းရှင်များ၊ ကြိမ်လုပ်ငန်းရှင်အသင်းများနှင့် ချိန်ဆက်ပြီး အဆင့်မြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန် ဆောင်ရွက်မှုများရှိနေကြောင်း၊ ထုတ်လုပ်နိုင်ရန်အတွက်လည်း ကုမ္ပဏီတစ်ခုမှ ကူညီပံ့ပိုးမှုများပေးသွားမည်ဖြစ်ကြောင်း၊ ယခုပြုလုပ်နေသည့် ဝါးလက်မှု ထုတ်ကုန်များကို ဆင်စခန်းရှိ ဝန်ထမ်းများသာမကဘဲ မန္တလေးမြို့အနီးဝန်းကျင်ရှိ စိတ်ပါဝင်စားသူများပါ ဝါးနှင့်ပတ်သက်သည့် ပညာရပ်များကို လာရောက်ပြီး သင်ကြားနိုင်စေရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

**ခရမ်းလွန်ရောင်ခြည်အန္တရာယ်ကာကွယ်ရေး အိုဇုန်းလွှာကို ထိန်းသိမ်းပေး**

# အရှေ့အလယ်ပိုင်းဒေသ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုအခြေအနေ

**ကိုင်ရို နိုဝင်ဘာ ၃၀**

အီရန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၃၃၂၁ ဦး ယနေ့ ထပ်မံတွေ့ရှိခဲ့သည့်အတွက် နိုင်ငံအတွင်း ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၉၆၂၀၇၀ အထိ မြင့်တက်လာခဲ့ပြီဖြစ်သည်။ အရှေ့အလယ်ပိုင်းဒေသတွင် ဗိုင်းရပ်စ် ကူးစက်မှုအမြင့်မားဆုံးနိုင်ငံဖြစ်သည့် အီရန်နိုင်ငံတွင် ဗိုင်းရပ်စ်ကူးစက်ခံရသူ ၃၈၉ ဦး ယနေ့ထပ်မံသေဆုံးခဲ့သည့်အတွက် သေဆုံးသူပေါင်း ၄၇၈၇၄ ဦးရှိလာခဲ့သည်။

ဗိုင်းရပ်စ်ကူးစက်ခံရသူ ၆၅၈၂၉၂ ဦး ရောဂါမှ ပြန်လည်သက်သာလာခဲ့သော်လည်း လက်ရှိအချိန်တွင် လူနာ ၅၈၅၉ ဦးသည် ကျန်းမာရေးအခြေအနေ ဆိုးဆိုးရွားရွားရင်ဆိုင်နေရကြောင်း သိရသည်။

**အီရတ်နိုင်ငံ**

အီရတ်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ဗိုင်းရပ်စ်ကူးစက်ခံရသူ ၂၁၁၄ ဦး စစ်ဆေးတွေ့ရှိခဲ့သည့်အတွက် ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၅၅၂၅၄၉ ဦးရှိလာခဲ့ပြီဖြစ်သည်။

ဗိုင်းရပ်စ်ကူးစက်မှုကြောင့် ၃၄ ဦး ထပ်မံသေဆုံးခဲ့ရာ သေဆုံးသူပေါင်း ၁၂၂၅၈ ဦးအထိ မြင့်တက်လာခဲ့သည်။ သို့သော် လူနာ ၂၃၆၆ ဦးရောဂါမှ ပြန်လည်ကျန်းမာလာခဲ့သည့်အတွက် ကျန်းမာရေးအခြေအနေ ပြန်လည်ကောင်းမွန်လာသူပေါင်း ၄၈၂၆၇၄ ဦး ရှိလာခဲ့သည်။

အီရတ်နိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှုန်းသည် ကမ္ဘာ့နိုင်ငံများအနက် ယခင်က ၁၁ နေရာတွင် ရပ်တည်ခဲ့သော်လည်း ယခုအချိန်တွင် အဆင့် ၂၀ သို့ ရောက်ရှိလာခဲ့ပြီဖြစ်ကြောင်း အီရတ်ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဌာနအကြီးအကဲ ရီယာ့ဒ် အဒူအာမာက ပြောကြားခဲ့သည်။

သို့သော် ယခုအချိန်သည် ဆောင်းရာသီကာလဖြစ်သည့်အတွက် ဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှု ဆက်လက်မြင့်တက်လာနိုင်ဖွယ်ရှိကြောင်း အဒူအာမာက ဆိုသည်။




**ဆော်ဒီအာရေဗျနိုင်ငံ**

ဆော်ဒီအာရေဗျနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၃၂ ဦး ထပ်မံစစ်ဆေးတွေ့ရှိသည့်အတွက် ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၃၅၇၃၆၀ ရှိလာခဲ့ပြီဖြစ်သည်။

ဗိုင်းရပ်စ်ကူးစက်မှုကြောင့် ၁၂ ဦး ထပ်မံသေဆုံးခဲ့ရာ သေဆုံးသူပေါင်း ၅၈၉၆ ဦးအထိ မြင့်တက်လာခဲ့သည်။ သို့သော် လူနာ ၃၈၆ ဦး ရောဂါမှ ပြန်လည်သက်သာလာခဲ့ရာ ကျန်းမာရေးအခြေအနေပြန်လည်ကောင်းမွန်လာသူပေါင်း ၃၄၆၈၀၂ ဦးရှိလာခဲ့ကြောင်း သိရသည်။

**အစ္စရေးနိုင်ငံ**

အစ္စရေးနိုင်ငံ၌ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၅၆၂ ဦး ယနေ့ ထပ်မံတွေ့ရှိခဲ့သည့်အတွက် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၃၃၆၁၆၀ ဦးရှိလာခဲ့သည်။ ထို့ပြင် ၁၀ ဦး ထပ်မံသေဆုံးခဲ့ရာ ဗိုင်းရပ်စ်ကူးစက်မှုကြောင့် သေဆုံးသူပေါင်း ၂၈၆၄ ဦး ရှိလာခဲ့သည်။ သို့သော် လူနာ ၉၇၆ ဦးရောဂါမှ ပြန်လည်သက်သာလာခဲ့ရာ ကျန်းမာရေးပြန်လည်ကောင်းမွန်လာသူပေါင်း ၃၂၃၂၂၄ ဦး ရှိလာခဲ့ကြောင်း သိရသည်။

**ဂျော်ဒန်နိုင်ငံ**

ဂျော်ဒန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၅၉၈ ဦး ထပ်မံတွေ့ရှိခဲ့သည့်အတွက် ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၂၁၄၃၀၇ ဦး ရှိလာခဲ့ပြီဖြစ်သည်။ ထို့ပြင် လက်ရှိအချိန်အထိ ဗိုင်းရပ်စ်ကူးစက်ခံရမှုကြောင့် သေဆုံးသူပေါင်း ၂၆၉၄ ဦးရှိပြီး ကျန်းမာရေး ပြန်လည်ကောင်းမွန်လာသူပေါင်း ၁၄၈၅၇၂ ဦးရှိကြောင်း သိရသည်။

**ကူဝိတ်နိုင်ငံ**

ကူဝိတ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၀၉ ဦး ယနေ့ ထပ်မံစစ်ဆေးတွေ့ရှိခဲ့သည့်အတွက် ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၁၄၂၆၃၅ ဦးရှိလာခဲ့သည်။ ဗိုင်းရပ်စ်ကူးစက်မှုကြောင့် လူနာနှစ်ဦး ထပ်မံသေဆုံးခဲ့ရာ သေဆုံးသူပေါင်း ၈၈၀ ရှိလာခဲ့ပြီဖြစ်သည်။ ဗိုင်းရပ်စ်ကူးစက်ခံရသူများအနက် လူနာ ၅၂၄ ဦးရောဂါမှ ပြန်လည်သက်သာလာခဲ့ရာ ကျန်းမာရေးပြန်လည်ကောင်းမွန်လာသူပေါင်း ၁၃၇၀၇၁ ဦးရှိလာခဲ့ကြောင်း ကူဝိတ်ကျန်းမာရေးဝန်ကြီးဌာနက ယနေ့ ပြောကြားခဲ့သည်။

**ကာတာနိုင်ငံ**

ကာတာနိုင်ငံ၌ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၇၁ ဦး ယနေ့ထပ်မံတွေ့ရှိခဲ့ရာ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၁၃၈၆၄၈ ဦးရှိခဲ့သည်။ လက်ရှိအချိန်အထိ ဗိုင်းရပ်စ်ကူးစက်ခံရမှုကြောင့် သေဆုံးသူပေါင်း ၂၃၇ ဦးရှိပြီး ကျန်းမာရေးပြန်လည်ကောင်းမွန်လာသူပေါင်း ၁၃၅၈၆၂ ဦးရှိကြောင်း သိရသည်။

**လက်ဘနွန်နိုင်ငံ**

လက်ဘနွန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၂၆၆ ဦး ထပ်မံတွေ့ရှိခဲ့သည့်အတွက် ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၁၂၆၉၄၄ ဦးအထိ မြင့်တက်လာခဲ့ကြောင်းနှင့် သေဆုံးသူပေါင်း ၁၀၀၄ ဦး ရှိလာခဲ့ကြောင်း လက်ဘနွန် ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်ထုတ်ပြန်ချက်အရ သိရသည်။

သို့သော် ခရစ္စမတ်ပွဲတော်ကာလနှင့် နှစ်သစ်ကူးအခါသမယမတိုင်မီ စီးပွားရေးလုပ်ငန်းများကို ပြန်လည်ဖွင့်လှစ်ခွင့်ပေးမည်ဖြစ်သည့်အတွက် ခရီးသွားလာခွင့်ပိတ်ပင်မှုကို ယနေ့မှစပြီး ပြန်လည်ရုပ်သိမ်းပေးခဲ့ကြောင်း လက်ဘနွန်ကျန်းမာရေးဝန်ကြီး ဟာမတ်ဟာဆန်က ယမန်နေ့တွင် ကြေညာခဲ့သည်။

**ပါလက်စတိုင်းနိုင်ငံ**

ပါလက်စတိုင်းနိုင်ငံ၌ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၉၂၇ ဦး ထပ်မံတွေ့ရှိခဲ့သည့်အတွက် ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၉၆၇၈၈ ဦး ရှိလာခဲ့သည်။ ဗိုင်းရပ်စ်ကူးစက်မှုကြောင့် သေဆုံးသူပေါင်း ၈၀၇ ဦးရှိပြီး ရောဂါမှ ပြန်လည်သက်သာလာသူပေါင်း ၇၆၁၄၈ ဦး ရှိကြောင်း သိရသည်။ **ကိုးကား- ဆင်ဟွာ ဘာသာပြန်- အောင်ကျော်ကျော်**



## အရှေ့အလယ်ပိုင်းဒေသ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ပြန်စရေး အီဂျစ်သမ္မတနှင့် ဂျော်ဒန်ဘုရင် ဆွေးနွေး

**ကိုင်ရို နိုဝင်ဘာ ၃၀**

အီဂျစ်သမ္မတ အဗ်ဒယ်လ်အယ်လ်စီစီနှင့် ဂျော်ဒန်ဘုရင်အဗ္ဗဒူလာ-၂ တို့သည် အရှေ့အလယ်ပိုင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ် ပြန်လည်စတင်ရေးဆိုင်ရာ ကြိုးပမ်းလုပ်ဆောင်မှုများနှင့်ပတ်သက်၍ ယမန်နေ့က တယ်လီဖုန်းဖြင့် ဆက်သွယ်ဆွေးနွေးခဲ့ကြသည်။

နှစ်နိုင်ငံခေါင်းဆောင်တို့ ဆွေးနွေးစဉ် ပါလက်စတိုင်းအရေးနှင့်ပတ်သက်၍ နောက်ဆုံးအခြေအနေကို ထည့်သွင်းဆွေးနွေးခဲ့ကြကြောင်း အီဂျစ်သမ္မတရုံး ပြောရေးဆိုခွင့်ရှိသူ ဘာဆမ်ရာဒီက ကြေညာချက်တစ်ရပ်တွင် ဖော်ပြထားသည်။

ထို့အပြင် စီစီနှင့် အဗ္ဗဒူလာသည် ရပ်တန့်နေသော အရှေ့အလယ်ပိုင်းဒေသငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်စပ်လျဉ်းသည့် လက်ရှိအခြေအနေ ကိုင်တွယ်ဖြေရှင်းပုံဖြေရှင်းနည်းအပေါ် အမြင်ချင်းဖလှယ်ခဲ့ကြပြီး အရှေ့အလယ်ပိုင်းဒေသငြိမ်းချမ်းရေးဆွေးနွေးပွဲ ပြန်လည်စတင်ရန် တိုက်တွန်းဆွေးနွေးခဲ့ကြသည်။

နှစ်နိုင်ငံခေါင်းဆောင်တို့သည် အထူးသဖြင့် နှစ်နိုင်ငံအကြား ကုန်သွယ်မှုတိုးမြှင့်ရေးနှင့် စွမ်းအင်နှင့် လျှပ်စစ်ဓာတ်အား ချိတ်ဆက်မှုနယ်ပယ်၌ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးအပါအဝင် နှစ်နိုင်ငံဆက်ဆံရေးနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - ဂျေတီ**

## အကျင့်ပျက် ခြစားမှုကြောင့် ဘေရွတ်ဆိပ်ကမ်း ပေါက်ကွဲမှုဖြစ်ရဟု လက်ဘနွန်ဝန်ကြီးချုပ် ပြောကြား

**ဘေရွတ် နိုဝင်ဘာ ၃၀**

လက်ဘနွန်တွင် အကျင့်ပျက်ခြစားမှုများကြောင့် ဘေရွတ်ဆိပ်ကမ်းပေါက်ကွဲမှုဖြစ်ပွားခဲ့ရကြောင်း အိမ်စောင့်အစိုးရဝန်ကြီးချုပ် ဟတ်ဆန်ဒိုင်ဘတ်က ယမန်နေ့တွင် ပြောကြားသည်ဟု ဒေသတွင်းထုတ်လွှင့်သည့် အိုတီဗီရုပ်မြင်သံကြားသတင်းတွင် ဖော်ပြသည်။

မြို့တော်ဘေရွတ်ဆိပ်ကမ်းတွင် ဖြစ်ပွားခဲ့သည့် ဘေးအန္တရာယ်သည် ရာစုနှစ်၏ ဘေးအန္တရာယ်ဖြစ်ပြီး လက်ဘနွန်သမိုင်းတွင် အကြီးမားဆုံးပေါက်ကွဲမှုဖြစ်ကြောင်း၊ ယင်းဘေးအန္တရာယ်သည် လက်ဘနွန်နိုင်ငံ ဘေရွတ်မြို့နှင့် လက်ဘနွန်နိုင်ငံသား အားလုံး၏ ဘေးအန္တရာယ်ပင်ဖြစ်ကြောင်း ဝန်ကြီးချုပ်က ပြောကြားသည်။

လက်ဘနွန်နိုင်ငံ၌ ဖြစ်ပေါ်နေသည့် အကျင့်ပျက်ခြစားမှုများကို နည်းလမ်းအမျိုးမျိုးဖြင့် တိုက်ဖျက်ရမည်ဟု ၎င်းက အခိုင်အမာပြောကြားခဲ့သည်။

ယခုနှစ် ဩဂုတ် ၄ ရက်က မြို့တော်ဘေရွတ်ဆိပ်ကမ်းတွင် အလွန်ကြီးမားသည့် ပေါက်ကွဲမှုကြီးနှစ်ခုဖြစ်ပေါ်ခဲ့ခြင်းကြောင့် လူ ၁၉၀ ထက်မနည်း သေဆုံးခဲ့ပြီး လူ ၆၀၀၀ ကျော်ဒဏ်ရာရခဲ့ကာ လူ ၃၀၀၀၀၀ ကျော် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-ဇော်ဝင်း**

## ကာဒစ်အလုပ်သမားပါတီ (ပီကေကေ)နှင့် ဆက်နွှယ်သည်ဟု သံသယရှိသူ ၆၄၁ ဦးအား တူရကီရဲတပ်ဖွဲ့ ထိန်းသိမ်း

**အန်ကာရာ နိုဝင်ဘာ ၃၀**

တူရကီနိုင်ငံတွင် တရားမဝင် ကာဒစ်အလုပ်သမားပါတီ ပီကေကေနှင့် ဆက်နွှယ်သည်ဟူသော သံသယဖြင့် လွန်ခဲ့သည့် နှစ်ရက်အတွင်းက ၆၄၁ ဦးအား ရဲတပ်ဖွဲ့က ထိန်းသိမ်းလိုက်ကြောင်း အန်တီဗီ အသံလွှင့်ဌာနက နိုဝင်ဘာ ၂၈ ရက်တွင် သတင်းဖော်ပြသည်။

တူရကီနိုင်ငံတစ်ဝန်းရှိ ပြည်နယ်ပေါင်း ၄၂ ပြည်နယ်တွင် တူရကီရဲတပ်ဖွဲ့က စစ်ဆင်ရေးတစ်ရပ်ကို ဆင်နွှဲခဲ့ပြီး ပီကေကေနှင့် ဆက်နွှယ်သူများအား ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းတို့ စစ်ဆင်ရေးလုပ်ဆောင်မှုကို နိုင်ငံတစ်ဝန်းရှိ ရှေ့နေချုပ်ရုံးများနှင့် ပေါင်းစပ်ညှိနှိုင်းလုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း တူရကီပြည်ထဲရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အား ကိုးကား၍ အန်တီဗီက သတင်းဖော်ပြသည်။

နိုင်ငံတစ်ဝန်း၌ ပြုလုပ်ခဲ့သည့် ရဲတပ်ဖွဲ့၏ စီးနင်းမှုအတွင်း ပစ္စတိုနှင့် ရိုင်ဖယ်သေနတ်များ၊ ကျည်ကတ်အများအပြားနှင့် မှတ်တမ်းမှတ်ရာများ၊ ဒီဂျစ်တယ်ပစ္စည်းများကို သိမ်းယူရရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ကြေညာချက်၌ ဖော်ပြသည်။

ကာဒစ်အလုပ်သမားပါတီ (ပီကေကေ)အား တူရကီ၊ အမေရိကန်ပြည်ထောင်စုနှင့် ဥရောပသမဂ္ဂတို့က အကြမ်းဖက်အဖွဲ့အစည်းစာရင်းတွင် ထည့်သွင်းသတ်မှတ်ထားသည်။

ကာဒစ်အလုပ်သမားပါတီ (ပီကေကေ)သည် တူရကီအစိုးရအား နှစ်ပေါင်း ၃၀ ကျော် ပုန်ကန်တိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-ဇော်ဝင်း**

# အိန္ဒိယဝန်ကြီးချုပ် မိုဒီ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထုတ်လုပ်နေသည့် အဖွဲ့အစည်းသုံးခုနှင့် အပြန်အလှန် ဆက်သွယ်ဆွေးနွေး



**နယူးဒေလီ နိုဝင်ဘာ ၃၀**

အိန္ဒိယနိုင်ငံဝန်ကြီးချုပ် မိုဒီသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် အဖွဲ့အစည်းသုံးခုနှင့် ဗီဒီယိုကွန်ဖရင့်ဖြင့် အပြန်အလှန်ဆွေးနွေးမှုများ ယနေ့ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါအဖွဲ့အစည်းသုံးခုမှာ Gennova Biopharmaceuticals Limited၊ Biological E Limited နှင့် Dr. Reddys Laboratories Limited တို့ဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါကို ကာကွယ်နိုင်မည့် ကာကွယ်ဆေး အဖြေတစ်ခုထွက်ရှိလာရန် အဆိုပါကုမ္ပဏီသုံးခုမှ သိပ္ပံပညာရှင်များ၏ ကြိုးပမ်းမှုများနှင့်စပ်လျဉ်း၍ ဝန်ကြီးချုပ်မိုဒီက ကျေးဇူးတင်ရှိပါကြောင်း ပြောကြားခဲ့ပြီး ကာကွယ်ဆေးရရှိမှု အလားအလာများနှင့်စပ်လျဉ်း၍လည်း ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း ဝန်ကြီးချုပ်ရုံးက ပြောကြားခဲ့သည်။

အဆိုပါ အပြန်အလှန်ဆက်သွယ်ဆွေးနွေးမှုအတွင်း အိန္ဒိယဝန်ကြီးချုပ် မိုဒီက ပုံမှန်လုပ်ငန်းဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ အကြံပြုချက်များရရှိရေးအတွက်လည်း ယင်းကုမ္ပဏီများအား တောင်းဆိုခဲ့ကြောင်း သိရသည်။

အိန္ဒိယဝန်ကြီးချုပ် မိုဒီသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထုတ်လုပ်မှုဆိုင်ရာ လုပ်ငန်းစဉ်များကို ပြန်လည်သုံးသပ်ရန်အတွက် နိုဝင်ဘာ ၂၈ ရက်တွင် နိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထုတ်လုပ်လျက်ရှိသည့် ထိပ်တန်းစက်ရုံသုံးခုသို့လည်း သွားရောက်ခဲ့ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

# အာဖရိကတိုက် ဆာဟာရဒေသခွဲ၌ ကိုဗစ်ကာလအတွင်း ငှက်ဖျားဖြင့် သေဆုံးသူက ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူထက် ပိုများဖွယ်ရှိ



**ဂျီနီဗာ နိုဝင်ဘာ ၃၀**

အာဖရိကတိုက် ဆာဟာရဒေသခွဲ နိုင်ငံအချို့တွင် ကိုရိုနာဗိုင်းရပ်စ် ကပ်ဘေးကာလအတွင်း ငှက်ဖျားရောဂါကြောင့် သေဆုံးမှုများက ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူများထက် ကျော်လွန်သွားဖွယ်ရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ယနေ့ သတိပေးလိုက်သည်။

ယမန်နှစ်က အာဖရိကတိုက်ရှိ အဆင်းရဲဆုံး နိုင်ငံများမှ ကလေးငယ်အများစုအပါအဝင် တစ်ကမ္ဘာလုံးတွင် လူပေါင်း ၄၀၉၀၀၀ ကျော် ငှက်ဖျားရောဂါကြောင့် သေဆုံးခဲ့ပြီး ယခုနှစ်အတွင်း ကိုဗစ်ကပ်ဘေးကြောင့် သေဆုံးမှုနှုန်းထက် သေချာပေါက် မြင့်တက်လာမည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ကမ္ဘာလုံးဆိုင်ရာ ငှက်ဖျားရောဂါ အစီရင်ခံစာ၌ ဖော်ပြခဲ့သည်။ “ကိုဗစ်ကာလအတွင်း ဆာဟာရဒေသခွဲမှာ ငှက်ဖျားရောဂါကြောင့် သေဆုံးသူ ၂၀၀၀၀ ကနေ ၁၀၀၀၀၀ အထိ ရှိလာနိုင်တယ်လို့ ခန့်မှန်းပြီး အများစုက ကလေးငယ်တွေဖြစ်ပါတယ်” ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ငှက်ဖျားရောဂါအစီအစဉ်၏ ညွှန်ကြားရေးမှူး ပတ်ဒရိုအယ်လ်ဆွန်ဆိုက သတင်းထောက်များသို့ ပြောသည်။

၂၀၁၉ ခုနှစ်အတွင်း တစ်ကမ္ဘာလုံးတွင် ငှက်ဖျားရောဂါဖြစ်ပွားမှု ၂၂၉ သန်းခန့်ရှိခဲ့ပြီး ကိုဗစ်-၁၉ ကပ်ရောဂါ၏ မကြုံစဖူး စိန်ခေါ်မှုများကြောင့် ကမ္ဘာ့နိုင်ငံအများစုက အဆိုပါရောဂါကို ခက်ခက်ခဲခဲ တိုက်ဖျက်ခဲ့ရကြောင်း အစီရင်ခံစာက ဆိုသည်။ ငှက်ဖျားရောဂါအများဆုံးဖြစ်ပွားသည့် အာဖရိကတိုက်ရှိ နိုင်ငံအချို့က ၂၀၁၆ ခုနှစ်နောက်ပိုင်း သိသာသော တိုးတက်မှုရှိလာစေရန် ရုန်းကန်ခဲ့ရသည်။

ကမ္ဘာတစ်ဝန်း ဒေသအများစုတွင် ငှက်ဖျားရောဂါ ဆက်လက်ကူးစက်နေခြင်းကြောင့် ကမ္ဘာ့လူဦးရေထက်ဝက်ခန့် ငှက်ဖျားရောဂါ ဖြစ်ပွားနိုင်သည့်အန္တရာယ်ရှိပြီး နှစ်မိနစ်လျှင် ကလေးငယ်တစ်ဦး သေဆုံးနေဆဲဖြစ်သည်။

**ကိုးကား-စီဂျီတီအင်န်**
**ဘာသာပြန်-ကျော်ထိုက်စိုး**

# ဘရာဇီးနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၆ ဒသမ ၃ သန်းကျော်အထိရှိလာ

**ဆောပေါ်လို နိုဝင်ဘာ ၃၀**

ဘရာဇီးနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ စုစုပေါင်း ၆ ဒသမ ၃ သန်းကျော်အထိ ရှိလာခဲ့ကြောင်း ဘရာဇီးကျန်းမာရေးဝန်ကြီးဌာနက ယမန်နေ့တွင် ပြောကြားခဲ့သည်။

ဘရာဇီးနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၄၄၆၈ ဦး ရှိခဲ့ခြင်းကြောင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ စုစုပေါင်း ၆ ဒသမ ၃ သန်းကျော်အထိ ရှိလာခဲ့ကြောင်းနှင့် လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း သေဆုံးသူ ၂၇၂ ဦးရှိခဲ့ခြင်းကြောင့် စုစုပေါင်း သေဆုံးသူ ၁၇၂၈၄၈ ဦးအထိရှိလာခဲ့ကြောင်း ဘရာဇီးကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ဘရာဇီးနိုင်ငံသည် ကမ္ဘာပေါ်တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှု၌ အမေရိကန်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့နောက်တွင် တတိယအများဆုံးနိုင်ငံအဖြစ် ရပ်တည်လျက်ရှိပြီး ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးမှုတွင် အမေရိကန်နိုင်ငံပြီးနောက် ဒုတိယအများဆုံးနိုင်ငံအဖြစ် ရပ်တည်လျက်ရှိကြောင်း သိရသည်။

ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူအရေအတွက်သည် ၆၃ သန်းကျော်အထိ ရှိသွားပြီဖြစ်ကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူအရေအတွက်သည် ၁ ဒသမ ၄ သန်းကျော် ရှိသွားပြီဖြစ်ကြောင်း အမေရိကန်အခြေစိုက် ဂျွန်ဟော့ကင်းစ်တက္ကသိုလ်၏ အချက်အလက်များအရ သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

# ဘီလာရုဇ်တွင် အစိုးရဆန့်ကျင်ရေး ဆန္ဒပြမှုများ ဆက်လက်ဖြစ်ပွား

**မင့်စ် နိုဝင်ဘာ ၃၀**

ဘီလာရုဇ်သမ္မတ လူကာရှန်ကိုက ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အား အတည်ပြုပြဋ္ဌာန်းလိုက်သည်နှင့် ၎င်းရာထူးမှ နုတ်ထွက်မည်ဖြစ်ကြောင်း ကြေညာချက်ထုတ်ပြန်ခဲ့ပြီးနောက်တွင် အစိုးရဆန့်ကျင်ရေးဆန္ဒပြမှုများ နိုင်ငံတစ်ဝန်းတွင် ဆက်လက်ဖြစ်ပွားခဲ့သည်။

ယခုနှစ်ဩဂုတ်လအတွင်းက ကျင်းပခဲ့သည့် ဘီလာရုဇ် သမ္မတရွေးကောက်ပွဲသည် အတုအယောင်မျှသာဖြစ်ပြီး ယင်းရွေးကောက်ပွဲ၌ သမ္မတသက်တမ်း ဆဋ္ဌမအကြိမ် အနိုင်ရခဲ့သော သမ္မတလူကာရှန်ကိုမှာ ရာထူးမှ ချက်ချင်းပင် နုတ်ထွက်သင့်သည်ဟု ဆန္ဒပြသမားများက ပြောကြားခဲ့သည်။

နိုဝင်ဘာ ၂၉ ရက်တွင် ဘီလာရုဇ်နိုင်ငံတစ်ဝန်းလုံး၌ အစိုးရဆန့်ကျင်ရေး ဆန္ဒပြသမားများသည် လမ်းများပေါ်သို့ ထွက်လာခဲ့ကြသည်။

ဘီလာရုဇ်လုံခြုံရေးတပ်ဖွဲ့ဝင်များက မြို့တော်မင့်စ်တွင် ဆန္ဒပြသမား ၃၅၀ ကျော်ကို ဖမ်းဆီးထိန်းသိမ်းထားသည်ဟု ဒေသခံလူ့အခွင့်အရေးအဖွဲ့တစ်ဖွဲ့က ပြောကြားသည်။

သမ္မတ၏ အာဏာကို ထိန်းချုပ်နိုင်ရေးအတွက် လက်ရှိအခြေခံဥပဒေအား ပြန်လည်ပြင်ဆင်သင့်ကြောင်း သမ္မတ လူကာရှန်ကိုက နိုဝင်ဘာ ၂၈ ရက်က ပြောကြားခဲ့သည်။

သို့သော် အခြေခံဥပဒေပြုပြင်ပြောင်းလဲမှုများကို မည်သည့်အချိန်တွင် မည်ကဲ့သို့ အကောင်အထည်ဖော်သည်ကိုမူ သမ္မတ လူကာရှန်ကိုက ထုတ်ဖော်ပြောကြားခြင်း မရှိပေ။ **ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-ဇော်ဝင်း**

# သီရိလင်္ကာနိုင်ငံ ထောင်တွင်းဆူပူမှုတွင် ရှစ်ဦးထက်မနည်း သေဆုံးပြီး ၅၂ ဦး ဒဏ်ရာရ

**ကိုလံဘို နိုဝင်ဘာ ၃၀**

သီရိလင်္ကာနိုင်ငံရှိ အကျဉ်းထောင်တစ်ခု၌ ထောင်တွင်းဆူပူမှုတစ်ခုဖြစ်ပွားခဲ့ရာ လူရှစ်ဦးထက်မနည်း သေဆုံးခဲ့ပြီး ၅၂ ဦး ဒဏ်ရာရရှိခဲ့ကြောင်း တာဝန်ရှိသူများက ပြောသည်။



အကျဉ်းထောင်များအတွင်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုများ မြင့်တက်နေစဉ် အကျဉ်းသားများက ဆန္ဒဖော်ထုတ်မှုများ ပြုလုပ်ခဲ့ပြီး အာမခံဖြင့် ဆောလျင်စွာလွှတ်ပေးရေး၊ ပိုမိုကောင်းမွန်သော ပံ့ပိုးမှုများ ဆောင်ရွက်ပေးရေး တောင်းဆိုခဲ့သည်။ လုံခြုံရေးအစောင့်များက မာဟာရာအကျဉ်းထောင်ရှိ ဆူပူမှုကို ထိန်းချုပ်ရန် တပ်ဖွဲ့ဝင်များ အသုံးပြုခဲ့ကြောင်း ရဲတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူ အေဂျစ်ရိုဟာနာက ပြောသည်။ အကျဉ်းထောင် လုံခြုံရေးအစောင့်များက ဆူပူမှုထိန်းချုပ်ရန် ပစ်ခတ်မှုပြုလုပ်ခဲ့ကြောင်း မီဒီယာသတင်းများက ဖော်ပြပြီး ဒဏ်ရာရရှိသူများကို ရာဂါမာဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း ရိုဟာနာက ပြောသည်။

ကိုလံဘိုမြို့တော်ရှိ ဝါလီကာဒါ အကျဉ်းထောင်၌ အကျဉ်းသားတစ်စုကလည်း ဆန္ဒဖော်ထုတ်မှု ပြုလုပ်ခဲ့ပြီး အာမခံဖြင့်လွှတ်ပေးရန် တောင်းဆိုလိုက်သည်။ ထို့ပြင် ထောင်တွင်း ဆိုးရွားလာသော အခြေအနေများကြောင့် အဂ္ဂနာကိုလာပါလာဆာ အကျဉ်းထောင်ရှိ အကျဉ်းသားများ ဆန္ဒဖော်ထုတ်နေသည်မှာလည်း ၈ ရက်တိုင်ပြီဖြစ်သည်။ ပြီးခဲ့သည့်လက အထည်ချုပ်စက်ရုံတစ်ခုနှင့် ငါးဈေးတစ်ခု၌ အစုလိုက်အပြုံလိုက် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုဖြစ်ပွားပြီးနောက် သီရိလင်္ကာနိုင်ငံ၌ ဗိုင်းရပ်စ်ကူးစက်မှု မြင့်တက်လာခဲ့သည်။

ဂျွန်ဟော့ကင်းစ်တက္ကသိုလ်၏ အချက်အလက်များအရ သီရိလင်္ကာနိုင်ငံ၌ အတည်ပြု ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှု ၂၃၄၈၄ မှုနှင့် သေဆုံးသူ ၁၁၆ ဦး ရှိကြောင်း သိရသည်။

**ကိုးကား-ဘီဘီစီ**
**ဘာသာပြန်-ကျော်ထိုက်စိုး**

# ရုရှားနိုင်ငံ၌ ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ ၂၆၃၃၈ ဦး ထပ်မံတွေ့ရှိ

**မော်စကို နိုဝင်ဘာ ၃၀**

ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၆၃၃၈ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့သည့်အတွက် ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူပေါင်း ၂၂၉၅၆၅၄ ဦးရှိလာခဲ့ပြီဖြစ်ကြောင်း ရုရှား ကိုဗစ်-၁၉ ရောဂါတုံ့ပြန်ရေးစင်တာက ယနေ့ပြောကြားခဲ့သည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း ဗိုင်းရပ်စ်ကူးစက်မှုကြောင့် သေဆုံးသူ ၃၆၈ ဦးရှိခဲ့သည့်အတွက် သေဆုံးသူပေါင်း ၃၉၈၉၅ ဦးရှိလာခဲ့ပြီဖြစ်သည်။

သို့သော် လူနာ ၁၇၂၄၇ ဦး ရောဂါမှ ပြန်လည်ကျန်းမာလာခဲ့သည့်အတွက် ရောဂါမှ ပြန်လည်သက်သာလာသူပေါင်း ၁၇၇၈၇၀၄ ဦးရှိခဲ့ကြောင်း သိရသည်။

နိုင်ငံအတွင်း ဗိုင်းရပ်စ်ကူးစက်မှု အဆိုးရွားဆုံးခံစားရသည့် မြို့တော်မော်စကို၌ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၆၅၁၁ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ပေါင်း ၆၀၅၇၂၄ ဦးရှိခဲ့ပြီဖြစ်သည်။

ရုရှားနိုင်ငံသည် ဗိုင်းရပ်စ်ကူးစက်ခံရသည့် ကမ္ဘာ့နိုင်ငံများအနက် စတုတ္ထအဆင့်တွင်ရှိပြီး ဥရောပတစ်လွှားတွင် ဗိုင်းရပ်စ်ကူးစက်မှု ပထမအများဆုံးနိုင်ငံဖြစ်သည်။

ယခုအချိန်အထိ နိုင်ငံတစ်ဝန်း၌ ပြည်သူ ၇၆ ဒသမ ၄ သန်းကျော်ကို ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ စစ်ဆေးပြီးဖြစ်ကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်- အောင်ကျော်ကျော်



# ကနေဒါနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုကာကွယ်ရန် နိုင်ငံတကာခရီးသွားလာခွင့်ဆိုင်ရာ ကန့်သတ်ချက်များ ထပ်မံသက်တမ်းတိုး

**အော့တဝါ နိုဝင်ဘာ ၃၀**

ကနေဒါနိုင်ငံသည် ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို တားဆီးကာကွယ်ရန် နိုင်ငံတကာခရီးသွားလာခွင့်ဆိုင်ရာ ကန့်သတ်ချက်များကို ထပ်မံသက်တမ်းတိုးမြှင့်လိုက်ကြောင်း ယမန်နေ့က ကြေညာခဲ့သည်။

ကနေဒါနိုင်ငံသို့ ဝင်ရောက်လာမည့် အမေရိကန်နိုင်ငံသားများအား ခရီးသွားလာခွင့်ဆိုင်ရာကန့်သတ်ချက်များကို ဒီဇင်ဘာ ၂၁ ရက်အထိ သက်တမ်းတိုးမြှင့်မည်ဖြစ်ကြောင်းနှင့် အခြားသောနိုင်ငံများမှ ရောက်ရှိလာသော ခရီးသွားများနှင့်စပ်လျဉ်းသည့် ကန့်သတ်ချက်များကို ဇန်နဝါရီ ၂၁ ရက်အထိ သက်တမ်းတိုးမြှင့်သွားမည်ဖြစ်ကြောင်း ကနေဒါနိုင်ငံ ပြည်သူ့လုံခြုံရေးနှင့် အရေးပေါ် ပြင်ဆင်မှုရေးရာဝန်ကြီး ဘီလ်ဘလဲယားက ကြေညာခဲ့ကြောင်း ယမန်နေ့က ထုတ်ပြန်ခဲ့သည့် သတင်းထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြ ထားသည်။

ကနေဒါနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါဆိုင်ရာကန့်သတ်ချက်များကို မတ် ၁၆ ရက်တွင် စတင်ထုတ်ပြန်ခဲ့ခြင်းဖြစ်ပြီး ပြည်ပနိုင်ငံသားအများစုအား မလိုအပ်ဘဲ ကနေဒါနိုင်ငံအတွင်းသို့ ဝင်ရောက်ခြင်းကို တားမြစ်ခဲ့ခြင်းဖြစ်သည်။

ကနေဒါနိုင်ငံတွင် ယမန်နေ့ ညနေပိုင်းအထိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၃၇၀၂၇၈ ဦးနှင့် သေဆုံးသူ ၁၂၀၃၂ ဦးရှိကြောင်း ကနေဒါရုပ်မြင်သံကြားက သတင်းဖော်ပြခဲ့သည်။

ထို့ပြင် ကနေဒါနိုင်ငံသားများအနေဖြင့် လူမှုဘဝ ခပ်ခွာခွာနေထိုင်ရေးစည်းမျဉ်းများကို မလိုက်နာပါက ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုသည်လည်း လျင်လျင်မြန်မြန်တိုးပွားလာလိမ့်မည်ဖြစ်ကြောင်း ကနေဒါပြည်သူ့ကျန်းမာရေး အရာရှိချုပ် သီရီဆာတမ်က ယမန်နေ့က ပြောကြားခဲ့သည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-အလင်းသစ်



# ကိုဗစ်-၁၉ ရောဂါကြောင့် နိုင်ငံတကာလေကြောင်း ခရီးစဉ်များ ပိတ်ခဲ့ပြီးနောက် နိုင်ငံတကာကျောင်းသားများ၏ ပထမဆုံးအုပ်စုကို ဩစတြေးလျ ပြည်ဝင်ခွင့်ပြု

**ဆစ်ဒနီ နိုဝင်ဘာ ၃၀**

ဩစတြေးလျအစိုးရသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုထိန်းချုပ်ရန် နိုင်ငံတကာ လေကြောင်းခရီးစဉ်အားလုံး ပိတ်ခဲ့ပြီးနောက် နိုင်ငံတကာကျောင်းသားအုပ်စုတစ်စုကို ပထမဆုံးအကြိမ်အဖြစ် နိုင်ငံအတွင်း ဝင်ရောက်ခွင့်ပြုခဲ့ကြောင်း ဒေသဆိုင်ရာမီဒီယာများက ယနေ့ဖော်ပြထားသည်။

**၁၄ ရက်ကြာ စောင့်ကြည့်မှုခံယူ**

တရုတ်၊ ဟောင်ကောင်၊ အင်ဒိုနီးရှား၊ ဂျပန်နှင့် ဗီယက်နမ် စသည့်နိုင်ငံနှင့် ဒေသများမှ ကျောင်းသားပေါင်း ၆၃ ဦးသည် စင်းလုံးငှားလေယာဉ်တစ်စင်းဖြင့် စင်ကာပူနိုင်ငံမှ ဩစတြေးလျနိုင်ငံ မြောက်ပိုင်းနယ်ပယ်၏ မြို့တော်ဒါဝင်မြို့သို့ ဆိုက်ရောက်ခဲ့သည်။ ဩစတြေးလျအစိုးရအနေဖြင့် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရန် နိုင်ငံတကာလေကြောင်းလိုင်းအားလုံးကို ယခုနှစ် မတ် ၂၀ ရက်က ပိတ်ခဲ့ပြီးနောက် အဆိုပါကျောင်းသားများအား နိုင်ငံအတွင်း ပထမဆုံးအကြိမ်အဖြစ် ဝင်ခွင့်ပြုခြင်းဖြစ်ကြောင်း ဩစတြေးလျအသံလွှင့်ကော်ပိုရေးရှင်း(ABC)က ဖော်ပြထားသည်။

သို့သော် အဆိုပါနိုင်ငံတကာကျောင်းသားအားလုံးသည် ချားလ်စ်ဒါဝင် တက္ကသိုလ်၌ ပညာလေ့လာသင်ယူခွင့်မပြုမီ ကျန်းမာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ သီးခြားစောင့်ကြည့်ရေးစင်တာတစ်ခုတွင် ၁၄ ရက်ကြာ စောင့်ကြည့်မှုခံယူရမည်ဖြစ်ကြောင်း သိရသည်။

**နိုင်ငံတကာလေကြောင်း ခရီးသွားလာခွင့် ပိတ်ပင်**

ဩစတြေးလျအစိုးရသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားခဲ့ပြီးနောက် ရောဂါကူးစက်ပျံ့နှံ့မှုထိန်းချုပ်ရန် နိုင်ငံတကာမှ ခရီးသည်အားလုံးအတွက် နိုင်ငံတကာလေကြောင်း ခရီးသွားလာခွင့်ကို ပိတ်ပင်ခဲ့ခြင်းဖြစ်သည်။

ပြီးခဲ့သည့် ၂၀၁၉ ခုနှစ်က ဩစတြေးလျနိုင်ငံ၌ နိုင်ငံတကာကျောင်းသား ၉၆၀၀၀၀ နီးပါးရှိပြီး နိုင်ငံတော်စီးပွားရေးအတွက် အကြမ်းအားဖြင့် အမေရိကန် ဒေါ်လာ ၂၇ ဘီလီယံခန့် အထောက်အကူပြုခဲ့သည်။

ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရန် နိုင်ငံတကာလေကြောင်း ခရီးသွားလာခွင့်ကို ၂၀၂၁ ခုနှစ် နှစ်ကုန်အထိ ဆက်လက်ပိတ်မည်ဆိုပါက နိုင်ငံတော်အခွန်ကဏ္ဍတွင် အမေရိကန်ဒေါ်လာ ၁၉ ဘီလီယံခန့် ဆုံးရှုံးမှုဖြစ်ပေါ်နိုင်သည်ဟု မကြာသေးမီကထုတ်ပြန်သည့် ထုတ်ပြန်ချက်များက ခန့်မှန်းထားသည်။

ကိုးကား-ကျူဒိုနယူးစ်၊ ဘာသာပြန်-ဂျေတီ

| ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ | | |
|---|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၆၃၁၇၅၂၃၄ | ဦး |
| သေဆုံးသူ | ၁၄၆၇၁၅၂ | ဦး |
| ပြန်လည်ကျန်းမာလာသူ | ၄၃၆၈၃၉၉၆ | ဦး |

# တိုကျိုအိုလံပစ်ပြိုင်ပွဲတွင် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ဆောင်ရွက်မှုအတွက် ကန်ဒေါ်လာ သန်း ၉၆၀ ကျော် ကုန်ကျမည်ဟု ခန့်မှန်း

**တိုကျို နိုဝင်ဘာ ၃၀**

တိုကျိုအိုလံပစ်ပြိုင်ပွဲနှင့် မသန်စွမ်းအားကစားပြိုင်ပွဲ၌ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ဆောင်ရွက်မှုများအတွက် ဂျပန်ယန်း ဘီလီယံ ၁၀၀ ခန့် (ကန်ဒေါ်လာ သန်း ၉၆၀ ကျော်) ကုန်ကျမည်ဟုမျှော်မှန်းရကြောင်း ပြိုင်ပွဲကျင်းပရေး စီစဉ်သူများနှင့် နီးကပ်သည့် သတင်းရင်းမြစ်များအရ သိရသည်။

**ခွင့်ပြုပြီးဖြစ်**

အိုလံပစ်ပြိုင်ပွဲ ရွှေ့ဆိုင်းမှုကြောင့် ကုန်ကျသည့် ဒေါ်လာ ၁ ဒသမ ၉ ဘီလီယံခန့်ရှိသော ထပ်တိုးကုန်ကျစရိတ်များကို ပြိုင်ပွဲကျင်းပရေးကော်မတီက ခွင့်ပြုပြီးဖြစ်ကြောင်း သတင်းရင်းမြစ်များက ပြောသည်။ အားကစားပြိုင်ပွဲနေရာများအတွက် စာချုပ်များ ထပ်မံချုပ်ဆိုရန်၊ အလုပ်သမားကုန်ကျစရိတ်များ ပေးချေရန်နှင့် အခြားအရာများအတွက် ကျခံရန် ကန်ဒေါ်လာ ၁ ဒသမ ၉ ဘီလီယံ လိုအပ်မည်ဟု ၎င်းတို့က ပြောသည်။

စုစုပေါင်း ထပ်တိုးကုန်ကျစရိတ်များက ကန်ဒေါ်လာ ၂ ဒသမ ၉ ဘီလီယံခန့်ရှိလာမည်ဟု ခန့်မှန်းထားသည်။ ကုန်ကျစရိတ်များ မျှဝေကျခံရေးနှင့်ပတ်သက်၍ ပြိုင်ပွဲကျင်းပရေးကော်မတီက ဗဟိုအစိုးရ၊ တိုကျိုမြို့တော်အစိုးရနှင့် ဆွေးနွေးမှုပြုလုပ်မည်ဖြစ်သည်။ အိုလံပစ်ပြိုင်ပွဲနှင့် မသန်စွမ်းအားကစားပြိုင်ပွဲ၌ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ဆောင်ရွက်မှုများကို မည်သို့လုပ်ဆောင်မည်ဆိုသည်ကို ဗဟိုအစိုးရဦးဆောင်သော အဖွဲ့တစ်ဖွဲ့က လာမည့်လတွင် ဆုံးဖြတ်မည်ဖြစ်သည်။

တိုကျိုအိုလံပစ်နှင့် မသန်စွမ်းအားကစားပြိုင်ပွဲကို လာမည့်နှစ်အထိ ရွှေ့ဆိုင်းခဲ့ပြီး ပြိုင်ပွဲများအတွက် မူလခန့်မှန်းကုန်ကျစရိတ်မှာ ကန်ဒေါ်လာ ၁၃ ဘီလီယံခန့်ဖြစ်သည်။

ကိုးကား-အင်န်အိတ်ချ်ကေ
ဘာသာပြန်-ကျော်ထိုက်စိုး



# မင်္ဂလာဒုံမြို့နယ်၌ ငွေကျပ် ၂ ဒသမ ၇၉၆ ဘီလီယံ တန်ဖိုးရှိ စိတ်ကြွဆေးပြားများနှင့် ဘုရားကြီးမြို့၌ ငွေကျပ် ၁ ဒသမ ၄၆ ဘီလီယံကျော် တန်ဖိုးရှိ စိတ်ကြွဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၃၀**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်တွင် ငွေကျပ် ၂ ဒသမ ၇၉၆ ဘီလီယံတန်ဖိုးရှိ စိတ်ကြွဆေးပြားများနှင့် ပဲခူးတိုင်းဒေသကြီး ဘုရားကြီးမြို့၌ ငွေကျပ် ၁ ဒသမ ၄၆ ဘီလီယံကျော် တန်ဖိုးရှိ စိတ်ကြွဆေးပြားများ သိမ်းဆည်းရမိကြောင်း သိရသည်။

**ဖမ်းဆီးရမိ**

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က နိုဝင်ဘာ ၂၇ ရက် မွန်းလွဲ ၁၂ နာရီခွဲခန့်တွင် ဒီးမော့ဆိုမြို့နယ် ယပ်ခူကျေးရွာအနီး၌ စိုင်းခင်လှ(ခ)ခင်လှ မောင်းနှင်ပြီး ထွန်းကျင်(ခ)ထွန်းစိန်နှင့် ခိုင်ကိုထွန်း(ခ)ခိုင်ကိုတို့ သုံးဦး လိုက်ပါလာသည့်ယာဉ်ကို ဖမ်းဆီးရမိခဲ့သည်။

ထိုမှတစ်ဆင့် နိုဝင်ဘာ ၂၈ ရက် နံနက် ၁ နာရီတွင် ရန်ကုန်-နေပြည်တော်အမြန်လမ်း၊ ရန်ကုန်တိုးဂိတ်အနီး၌ ယာဉ်မောင်း ပန်းပန်းနှင့်အတူ Canter ယာဉ် ကိုယ်ထည် ကြမ်းခင်းအောက်တွင် အံ့ဝှက်ပြုလုပ် ထည့်သွင်းသယ်ဆောင်လာသည့် စိတ်ကြွဆေးပြား ၄၆၆၀၀၀၀ သိမ်းဆည်းရမိခဲ့သည်။

**အမှုဖွင့်အရေးယူ**

ဆက်လက်၍ ဆက်စပ်တရားခံများကို ဖော်ထုတ်ရာ ညနေ ၄ နာရီခွဲခန့်တွင် စိတ်ကြွဆေးပြား ၃၀၀၀၀၀၀ လက်ခံယူမည့် မင်းမင်း(ခ) အောင်အောင်အား ယာဉ်တစ်စီးနှင့်အတူ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် မွေးမြူရေးဇုန် ရွှေရင်အေးကျောင်း(၃) လမ်းပေါ်တွင်လည်းကောင်း၊ ဇဝေလအား အင်းစိန်မြို့နယ် မြို့သစ်(ဂ)ရပ်ကွက် လာဘ်မိုးဆွေ(၁)လမ်း အမှတ်(၃၆)တွင်လည်းကောင်း၊ စိတ်ကြွဆေးပြား ၁၆၆၀၀၀၀ အား လက်ခံယူမည့် ကိုမျိုး(ခ) မျိုးသိုက်နှင့် ထွန်းထွန်းနိုင်(ခ) ထွန်းမောင်တို့ နှစ်ဦးအား ယာဉ်တစ်စီးနှင့်အတူ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် မွေးမြူရေးဇုန် ရွှေရင်အေးကျောင်း(၃)လမ်းပေါ်တွင်လည်းကောင်း ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့ကို ဥပဒေအရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

အလားတူ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၂၉ ရက် မွန်းလွဲ ၂ နာရီခန့်တွင် ပဲခူးမြို့နယ် ဘုရားကြီးမြို့အထွက် ရွှေသံလွင် ပူးပေါင်းစစ်ဆေးရေး ဂိတ်တွင် ဘုရားကြီးမြို့မှ ဝေါမြို့သို့ နေအောင် မောင်းနှင်လာသည့် အဖြူရောင် ၁၂ ဘီးမော်တော်ယာဉ်ကို ရှာဖွေရာ ကားခေါင်းနှင့် နောက်ဘော်ဒီကြားအတွင်းမှ စိတ်ကြွဆေးပြား ၉၇၅၀၀၀ သိမ်းဆည်းရမိခဲ့ပြီး ယာဉ်မောင်းအား စစ်ဆေးဖော်ထုတ်ချက်အရ ရဲဝင်းအောင်နှင့် ဖြိုးဝေအောင်တို့မှာ Suzuki ယာဉ်ဖြင့် မူးယစ်ဆေးဝါးများ သယ်ဆောင်ရာတွင် ရှေ့ပြေးလမ်းပြယာဉ်အဖြစ် မောင်းနှင်သွားကြောင်း သိရသဖြင့် ဆက်လက်ဖော်ထုတ်ရာ အဆိုပါယာဉ်ကို ကျိုက်ထိုမြို့နယ် စစ်တောင်းတံတားတွင် သိမ်းဆည်းရမိခဲ့ပြီး နေအောင်၊ ရဲဝင်းအောင်၊ ဖြိုးဝေအောင်တို့ကို ဥပဒေအရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

■



ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်အတွင်း၌ သိမ်းဆည်းရမိသည့် စိတ်ကြွဆေးပြားများနှင့် ဖမ်းဆီးရမိသူများကို တွေ့ရစဉ်။




# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၃၀**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး နိုဝင်ဘာ ၂၉ ရက်တွင် မန္တလေး - မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၂၁၅ စီး၊ သွင်းကုန် ၃၆၉ စီး၊ ရန်ကုန် - မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၁၂၂ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၂၉ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုတစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် သုည ဒသမ ၂၀၈ သန်း) တန်ဖိုးရှိ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသော အကောက်ခွန်မဲ့ကုန်ပစ္စည်းဖြစ်သည့် Lipo (150 ml x 50 Bottles) (16 Pkgs)အား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလမှ အောက်တိုဘာလအတွင်း ယာဉ်မတော်တဆမှုဖြစ်စဉ်များကြောင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း သေဆုံးမှုအများဆုံးဖြစ်

**ရန်ကုန် နိုဝင်ဘာ ၃၀**

၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလမှအောက်တိုဘာလအတွင်း နိုင်ငံတစ်ဝန်းယာဉ်တိုက်မှုများ ဖြစ်ပွားခဲ့ရာ ယာဉ်မတော်တဆမှုဖြစ်စဉ်များကြောင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း သေဆုံးမှုအများဆုံးဖြစ်ပွားခဲ့ကြောင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

အဆိုပါ ဇန်နဝါရီလမှ အောက်တိုဘာလအတွင်း ဖြစ်ပွားခဲ့သည့် ယာဉ်တိုက်မှုဖြစ်စဉ်များကြောင့် ရန်ကုန်တိုင်းဒေသကြီး၌ ၄၉၆ ဦး သေဆုံးခဲ့ပြီး ဒဏ်ရာရရှိသူ ၁၉၀၂ ဦး ရှိခဲ့ကြောင်း၊ နေပြည်တော်တွင် ၁၃၈ ဦးသေဆုံးပြီး ဒဏ်ရာရရှိသူ ၂၃၀၊ ကချင်ပြည်နယ်တွင် ၁၅၆ ဦးသေဆုံးပြီး ဒဏ်ရာရရှိသူ ၄၃၄ ဦး၊ ကယားပြည်နယ်တွင် ၃၁ ဦး သေဆုံးပြီး ဒဏ်ရာရရှိသူ ၈၅ ဦး၊ ကရင်ပြည်နယ်တွင် ၁၂၄ ဦး သေဆုံးပြီး ဒဏ်ရာရရှိသူ ၄၂၇ ဦး၊ ချင်းပြည်နယ်တွင် ၃၆ ဦးသေဆုံးပြီး ဒဏ်ရာရရှိသူ ၁၄၂ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ၃၇၉ ဦးသေဆုံးပြီး ဒဏ်ရာရရှိသူ ၁၆၃၁ ဦး၊ တနင်္သာရီတိုင်းဒေသကြီးတွင် ၁၄၈ ဦး သေဆုံးပြီး ဒဏ်ရာရရှိသူ ၆၇၃ ဦး၊ ပဲခူးတိုင်းဒေသကြီးတွင် ၄၇၀ သေဆုံးပြီး ဒဏ်ရာရရှိသူ ၂၄၉၅ ဦး၊ မကွေးတိုင်းဒေသ ကြီးတွင် ၂၅၅ ဦး သေဆုံးပြီး ဒဏ်ရာရရှိသူ ၁၆၇၀၊ မန္တလေးတိုင်းဒေသကြီးတွင် ၄၆၇ ဦး သေဆုံးပြီး ဒဏ်ရာရရှိသူ ၁၆၈၁ ဦး၊ မွန်ပြည်နယ်တွင် ၂၀၆ ဦးသေဆုံးပြီး ဒဏ်ရာရရှိသူ ၁၀၉၇ ဦး၊ ရခိုင်ပြည်နယ်တွင် ၁၀၂ ဦးသေဆုံးပြီး ဒဏ်ရာရရှိသူ ၂၂၆ ဦး၊ ရှမ်းပြည်နယ်တွင် ၄၀၁ ဦးသေဆုံးပြီး ဒဏ်ရာရရှိသူ ၁၁၂၂ ဦး၊ ဧရာဝတီတိုင်းဒေသကြီးတွင် ၂၅၀ သေဆုံးပြီး ဒဏ်ရာရရှိသူ ၁၆၇၀ နှင့် အမြန်လမ်းနှင့် အခြားနေရာများ၌ ၇၆ ဦးသေဆုံးပြီး ဒဏ်ရာရရှိသူ ၃၉၀ ရှိခဲ့ရာ စုစုပေါင်းသေဆုံးသူ ၃၇၃၅ ဦးနှင့် ဒဏ်ရာရရှိသူ ၁၅၈၇၅ ဦးရှိခဲ့ကြောင်း သိရသည်။

ယာဉ်တိုက်မှု ၁၀၀၀၀ ကျော်ဖြစ်ပွားခဲ့ရာ ဖြစ်စဉ်များအရ နေပြည်တော်တွင် ၂၂၇ ကြိမ်၊ ကချင်ပြည်နယ်တွင် ၃၃၅ ကြိမ်၊ ကယားပြည်နယ်တွင် ၅၂ ကြိမ်၊ ကရင်ပြည်နယ်တွင် ၂၈၉ ကြိမ်၊ ချင်းပြည်နယ်တွင် ၉၅ ကြိမ်၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ၁၀၅၈ ကြိမ်၊ တနင်္သာရီတိုင်းဒေသကြီးတွင် ၄၄၆ ကြိမ်၊ ပဲခူးတိုင်းဒေသကြီးတွင် ၁၆၁၈ ကြိမ်၊ မကွေးတိုင်းဒေသကြီးတွင် အကြိမ် ၉၇၀၊ မန္တလေးတိုင်းဒေသကြီးတွင် ၁၂၃၆ ကြိမ်၊ မွန်ပြည်နယ်တွင် ၇၀၇ ကြိမ်၊ ရခိုင်ပြည်နယ်တွင် ၁၈၁ ကြိမ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် အကြိမ် ၁၅၈၀၊ ရှမ်းပြည်နယ်တွင် ၈၂၇ ကြိမ်၊ ဧရာဝတီတိုင်းဒေသကြီးတွင် ၉၈၂ ကြိမ်နှင့် အမြန်လမ်းနှင့်အခြားနေရာများ၌ ၃၅၄ ကြိမ် စုစုပေါင်း ၁၀၉၅၇ ကြိမ် ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ထို့ပြင် ၂၀၁၉ ခုနှစ် ဇန်နဝါရီလမှ အောက်တိုဘာလအထိ ယာဉ်တိုက်မှု ၁၃၄၈၇ ကြိမ်ဖြစ်ပွားခဲ့ရာ သေဆုံးသူ ၄၃၈၇ ဦးနှင့် ဒဏ်ရာရရှိသူ ၂၀၈၈၄ ဦး ရှိခဲ့သောကြောင့် ၂၀၂၀ ပြည့်နှစ်တွင် ဖြစ်ပွားခဲ့သော ယာဉ်တိုက်မှု ဖြစ်စဉ်များနှင့် သေဆုံး၊ ဒဏ်ရာရရှိမှုများမှာ ပြီးခဲ့သည့် ၂၀၁၉ ခုနှစ်ထက်စာလျှင် လျော့နည်းခဲ့ကြောင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ပွင့်သစ္စာ

# စစ်ကိုင်းတိုင်းဒေသကြီး၌ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီး

**စစ်ကိုင်း နိုဝင်ဘာ ၃၀**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်ထောင်စုနယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ ၄၃၈၆ ဒသမ ၇၂၅ သန်းဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် မြေလမ်း(၂၂/၀)မိုင်၊ ကျောက်လမ်း(၁၀/၃)မိုင်၊ ကျောက်ရောမြေလမ်း(၁၈/၄) မိုင်၊ ကွန်ကရစ်လမ်း (၁/၃.၄)မိုင်၊ သံကူကွန်ကရစ်တံတား ၁၃ စင်း၊ ဘေလီတံတား နှစ်စင်း၊ Box Culvert ၄၉ စင်း၊ ပညာရေးကျောင်းတစ်ခု၊ သောက်သုံးရေရရှိရေးလုပ်ငန်းနှစ်ခု၊ အိမ်ရာလုပ်ငန်းတစ်ခုနှင့် ထောက်ပံ့လုပ်ငန်း ၂၁ ခုတို့ကို ဘဏ္ဍာရေးနှစ်အတွင်း ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးခဲ့ကြောင်း သိရသည်။

နယ်စပ်ရေးရာဝန်ကြီးဌာနက စစ်ကိုင်းတိုင်းဒေသကြီးအတွင်း နှစ်စဉ်ဘဏ္ဍာငွေ ခွဲဝေရရှိမှုအပေါ်မူတည်၍ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးမှုများကြောင့် တိုင်းဒေသကြီးအတွင်းရှိ ဒေသခံပြည်သူများအတွက် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝများ ယခင်ကထက် ပိုမိုတိုးတက်လာကာ အထောက်အကူ များစွာပြုလျက်ရှိကြောင်း သိရသည်။

ငွေကြယ်

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ**

# ဝန်းသိုမြို့နယ်တွင် မြစ်မိမ်းရောင်အတိုးရငွေဖြင့် ဆောင်ရွက်သော ကွန်ကရစ်လမ်းသစ် လွှဲပြောင်းအပ်နှံခြင်း အခမ်းအနားကျင်းပ



**ဝန်းသို နိုဝင်ဘာ ၃၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရေးအတွက် မြစ်မိမ်းရောင် ကျေးရွာစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ်တွင် ယင်းစီမံကိန်း အတိုးရငွေဖြင့် ဆောင်ရွက်ခဲ့သော မြိုင်ဇေယျာကျေးရွာတွင်းလမ်းများ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီး၍ လွှဲပြောင်းအပ်နှံခြင်းအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် အဆိုပါကျေးရွာ ကွန်ကရစ်လမ်းပေါ်၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**ဖတ်ကြား ရှင်းလင်း**

အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေစိုးအောင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်လင်းဦး၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စောအေးနှင့် ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများက အမှာစကားပြောကြားပြီး ကျေးရွာ ဖွံ့ဖြိုးရေးကော်မတီဝင်တစ်ဦးက ကွန်ကရစ်လမ်းဆောင်ရွက်ရာတွင် အသုံးပြုခဲ့သော ကုန်ကျစရိတ်များကို ဖတ်ကြားရှင်းလင်းခဲ့ကြောင်း သိရသည်။

ယင်းနောက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက ကျေးရွာရပ်မိရပ်ဖတစ်ဦးထံ ကွန်ကရစ်လမ်းနှင့် သက်ဆိုင်သော စာရွက်စာတမ်းများ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း၊ အဆိုပါလမ်းပြီးစီးခဲ့၍ လူဦးရေ ၃၅၀ ကျော်တို့အတွက် လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးတို့ကို အဘက်ဘက်က များစွာအကျိုးပြုနေပြီဖြစ်ကြောင်း သိရသည်။

**မွေးကြူဇင်(မုံရွာကိုယ်ပွား)**

---

**❂ ရွှေ့ဖုံးမှ**

ယခုအခါတွင် မြန်မာ-ကိုရီးယားချစ်ကြည်ရေး ဒလတံတားကြီးကို မြတ်နိုးသူဆောက်လုပ်ရေးက တာဝန်ယူဆောင်ရွက်နေသည့် ပထမအပိုင်းဖြစ်သော ဒလမြို့နယ် ရန်ကုန်မြစ်ဆိပ်ကမ်းအနီး ဗိုလ်မင်းရောင်လမ်းပေါ် ဒလဘက်အခြမ်း ချဉ်းကပ်တံတားအပိုင်းတွင် ကမ်းကပ်ခုံ A 1 အပိုင်း Abutment Bored Pile တူးဖော်ခြင်း၊ ဘိုးပိုင်တူးဖော်ခြင်း၊ ချဉ်းကပ်တံတား Bored Pile တူးဖော်ခြင်းလုပ်ငန်းများ ၊ ကွန်ကရစ်လောင်းခြင်းလုပ်ငန်းများ ပါဝင်ပြီး ထိုအပိုင်းတွင် Pile တိုင် ၁၄ ခုတည်ဆောက်ခြင်းနှင့် လေးလမ်းသွား တံတားချဉ်းကပ်လမ်းတည်ဆောက်ခြင်းတို့ ပါဝင်ကြောင်း သိရသည်။ အလားတူ ရန်ကုန်ဘက်ကမ်းအပိုင်းကို ရွှေတောင်ဆောက်လုပ်ရေးက တာဝန်ယူတည်ဆောက်နေပြီး လမ်းမတော်မြို့နယ် ဘုန်းကြီးလမ်းထိပ် ရန်ကုန်မြစ်ဘေး စီမံကိန်းနေရာတွင် Bored Pile တူးဖော်ခြင်း လုပ်ငန်းများ၊ ကွန်ကရစ်လောင်းခြင်းနှင့် သံမဏိသံခြင်းကြီးများချခြင်း လုပ်ငန်းများပါဝင်ကာ စက်ယန္တရားကြီးများဖြင့် ဆောင်ရွက်နေကြောင်း သိရသည်။

ထိုရန်ကုန်ဘက်ခြမ်းတံတား တည်ဆောက်ရေးတွင် ဒလဘက်မှ ဘုန်းကြီးလမ်းအတိုင်း နှစ်လမ်းသွားတံတားတစ်စင်း၊ ဒလဘက်မှ ကမ်းနားလမ်းအတိုင်း ရန်ကုန်မြို့တွင်း ဆူးလေဘုရားဘက်သို့ တစ်လမ်းမောင်း တံတားတစ်စင်း၊ ဒလဘက်မှ ကမ်းနားလမ်းအတိုင်း အလုံမြို့နယ်ဘက်သို့တစ်လမ်းမောင်း တံတားတစ်စင်း စုစုပေါင်းတံတားသုံးစင်း တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။ တတိယအပိုင်း ပင်မတံတား၏ PY 1 နှင့် PY 2 အပိုင်း ရေလယ်ပိုင်း ခန်းဖွင့်တာဝါတိုင်ကြီးနှစ်တိုင်နှင့် ကေဘယ်လ်ကြိုးဆိုင်းတံတားကို နိုင်ငံတကာအဆင့်မီ နည်းပညာကုမ္ပဏီကြီးတစ်ခုဖြစ်သော CCEC တရုတ်ကုမ္ပဏီက တည်ဆောက်နေခြင်းဖြစ်ပြီး နည်းပညာအားလုံးသည် နိုင်ငံတကာအဆင့်မီ စံချိန်စံညွှန်းအတိုင်း ကိုရီးယားနည်းပညာကိုအသုံးပြုကာ ကေဘယ်လ်ကြိုးတံတားဒီဇိုင်းဖြင့် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း တံတားဦးစီးဌာနမှ သိရသည်။

**စုစုပေါင်းတံတားအရှည် ၆၁၄၄ ပေရှိ**

ထိုတံတားကြီး၏ ရေလယ်အပိုင်း တာဝါတိုင်နှစ်တိုင်၏ အကွာအဝေးသည် မီတာ ၃၇၀ ခန်းဖွင့်အကျယ်ရှိကြောင်း သိရသည်။ တံတား၏ ဒလဘက်ခြမ်း ချဉ်းကပ်တံတားအရှည်သည် ၅၇၇ မီတာရှိပြီး ရန်ကုန်ဘက်ခြမ်းချဉ်းကပ်တံတားအရှည်သည် ၆၀၁ မီတာရှိကာ ရေလယ်အပိုင်း ပင်မတံတားအရှည်သည် မီတာ ၆၉၀ ရှိသည်။ စုစုပေါင်းတံတားအရှည်သည် ၆၁၄၄ ပေရှိသည်။ ရေလမ်းကင်းလွတ်ခွင့်အမြင့်သည် ၄၉ မီတာ (ပေ ၁၆၀) ရှိသည်။ တံတားတွင်တစ်ဖက်လျှင် လေးမီတာ ကျယ်ဝန်းသည့် လူသွားလမ်းပလက်ဖောင်းအသွား/အပြန် ပါရှိသည်။ လေးလမ်းသွား တံတားဖြစ်ကြောင်း သိရသည်။

ထိုတံတားစီမံကိန်းသည် မူလတွင် အမေရိကန်ဒေါ်လာ သန်း ၁၃၇ ဒသမ ၈၃၃ သန်းဖြစ်ပြီး လက်ရှိတွင် ပင်မတိုင်ကြီးများနောက်ဆုတ်ကာ ၂၅၁ မီတာအကျယ်မှ ၃၀၁ မီတာအထိ တိုးချဲ့ဆောင်ရွက်ရသည့်အတွက် အမေရိကန်ဒေါ်လာ သန်း ၂၀ ထပ်မံကုန်ကျကာ စုစုပေါင်းအမေရိကန်ဒေါ်လာ ၁၅၇ ဒသမ ၈၃၃ သန်း အကုန်ကျခံ တည်ဆောက်နေခြင်းဖြစ်ကြောင်း၊ ထိုငွေကို ကိုရီးယားနိုင်ငံ EDCS ချေးငွေ အတိုးနှုန်း သုည ဒသမ ၀၁ ရာခိုင်နှုန်းဖြင့် ရယူ၍ နှစ် ၄၀ ချေးငွေဖြင့် တည်ဆောက်သွားမည်ဖြစ်သည်။ Main ကန်ထရိုက်တာသည် ကိုရီးယားနိုင်ငံ၏ GS Engineering Group မှ အဓိက တာဝန်ယူတည်ဆောက်ခြင်းဖြစ်ကြောင်း တံတားဦးစီးဌာနမှ သိရသည်။

**မြင့်မောင်ကျော်**

---

# သားအိမ်ခေါင်းကင်ဆာ ကာကွယ်ဆေးထိုးနှံခြင်း အသိပညာပေးဆွေးနွေးပွဲ ကျင်းပ

**ကော့မှူး နိုဝင်ဘာ ၃၀**

ရန်ကုန်တောင်ပိုင်းခရိုင် ကော့မှူးမြို့နယ်တွင် ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းတွင် သားအိမ်ခေါင်းကင်ဆာကာကွယ်ဆေး (HPV) ထည့်သွင်းထိုးနှံခြင်း မြို့နယ်အဆင့် အသိပညာပေးဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီက မြို့သစ်ရပ်ကွက် ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ကော့မှူးမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးမှူးအဆင့်(၁) ဦးစိုးဝင်းထွန်းက မြို့နယ်အတွင်း သားအိမ်ခေါင်းကင်ဆာကာကွယ်ဆေးထိုးနှံရန် စာရင်းကောက်ထားသည့် အမျိုးသမီးငယ် ၂၀၀၀ ခန့်ရှိကြောင်း၊ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၂ ရက်မှ စတင်၍ ၄ ရက်အထိ မိခင်နှင့် ကလေးကျန်းမာရေးဌာန၊ ကျေးလက်ကျန်းမာရေးဌာနများ၊ ကျေးလက်ကျန်းမာရေးဌာနခွဲများတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါလမ်းညွှန်ချက်များနှင့်အညီ စတင်ထိုးနှံပေးသွားမည်ဖြစ်ကြောင်း၊ အမျိုးသမီးငယ်တစ်ဦးအတွက် HPV ကာကွယ်ဆေးတစ်ကြိမ်စာတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄ ဒသမ ၅ ဒေါ်လာ ဖြစ်ကြောင်း၊ နိုင်ငံတော်ဘဏ္ဍာငွေမှ ၁၀ ရာခိုင်နှုန်းနှင့် Gavi, The Vaccine Alliance မှ ၉၀ ရာခိုင်နှုန်းကုန်ကျပါကြောင်း၊ ကာကွယ်ဆေးထိုးခြင်း အစီအစဉ်တွင်လည်း အားလုံးပူးပေါင်းဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားသည်။

**ကျော်သူရ**
**(ကော့မှူး)**



# ဟားခါးမြို့သို့ ဝင်ထွက်သွားလာသည့် ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များအား ကိုဗစ်-၁၉ ရောဂါပိုးရှိ၊ မရှိ စစ်ဆေး

**ဟားခါး နိုဝင်ဘာ ၃၀**

ချင်းပြည်နယ် ဟားခါးမြို့ရှိ မော်တော်ယာဉ်လိုင်းများအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ကြေညာထားသော အချက်များနှင့်အညီ မော်တော်ယာဉ်ပြေးဆွဲရာတွင် ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များ လိုက်နာဆောင်ရွက်နိုင်စေရေးအတွက် ဟားခါးမြို့သို့ ဝင်ထွက်သွားလာသည့် ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များအား ပူးပေါင်းအဖွဲ့များက ကိုဗစ်-၁၉ ရောဂါပိုးရှိ၊ မရှိ စစ်ဆေးခြင်းကို ယနေ့ နံနက် ၉ နာရီက ဟားခါးမြို့အဝင် စစ်ဆေးရေးဂိတ်များတွင် အရှိန်အဟုန်မြှင့် ဆောင်ရွက်မှုအခြေအနေများအား တာဝန်ရှိသူများက ကွင်းဆင်းကြီးကြပ်ခဲ့သည်။

အဆိုပါ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ရာတွင် ချင်းပြည်နယ် ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနက အဖွဲ့ခေါင်းဆောင်အဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိပြီး ပြည်နယ်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပြည်နယ်ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများက ကိုဗစ်-၁၉ ရောဂါပိုးရှိ၊ မရှိ စစ်ဆေးခြင်း အရှိန်အဟုန်မြှင့် ဆောင်ရွက်မှု အခြေအနေများကို ကွင်းဆင်းကြီးကြပ်ခဲ့ကြောင်း သိရသည်။

ဟားခါးမြို့သို့ ဝင်ထွက်သွားလာသည့် ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များအား ကိုဗစ်-၁၉ ရောဂါပိုးရှိ၊ မရှိ စစ်ဆေးပြီး ကိုဗစ်-၁၉ ရောဂါ မရှိသူများကိုသာ ဝင်ထွက်သွားလာခွင့်ပြုမည်ဖြစ်ကြောင်း၊ ရောဂါပိုးတွေ့ရှိသူများကို ဟားခါးပြည်သူ့ ဆေးရုံကြီးသို့ ဆက်လက်ပို့ဆောင်ကာ ဆေးကုသမှုခံယူစေမည်ဖြစ်ကြောင်း၊ ဟားခါးမြို့အဝင် စစ်ဆေးရေးဂိတ်တွင် နံနက် ၉ နာရီမှ ၁၁ နာရီ အထိ၊ မွန်းလွဲ ၂ နာရီမှ ညနေ ၄ နာရီအထိ အချိန်နှစ်ပိုင်းခွဲ၍



ဆက်လက်စစ်ဆေးသွားမည်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါပိုးရှိ၊ မရှိ တစ်ကြိမ်စစ်ဆေးလျှင် ငွေကျပ် ၁၀၀၀၀ ပေးဆောင်ရမည်ဖြစ်ကြောင်း၊ ရောဂါပိုးရှိ၊ မရှိ သိရှိနိုင်ရန် ၂၅ မိနစ်နှင့် မိနစ် ၃၀ ကြာမြင့်ကြောင်း၊ ကျန်းမာရေးစစ်ဆေးခြင်းကို လိုက်နာမှုမရှိသူများအား မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေဖြင့် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဟားခါးမြို့နယ် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးနှင့် တုံ့ပြန်ရေးလုပ်ငန်းကော်မတီမှ သိရသည်။

ဟားခါးမြို့သို့ ဝင်ထွက်သွားလာသည့် ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များအား ကိုဗစ်-၁၉ ရောဂါပိုးရှိ၊ မရှိစစ်ဆေးခြင်းကို ကျန်းမာရေးအကာအကွယ်ဝတ်စုံများ စနစ်တကျဝတ်ဆင်၍ အောက်တိုဘာ ၉ ရက်မှစတင်ကာ ဟားခါးမြို့အဝင် ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် စတင်စစ်ဆေးခဲ့ရာ နိုဝင်ဘာ ၂၉ ရက်အထိ မော်တော်ယာဉ်အစီးရေ စုစုပေါင်း ၁၃၄၃ စီး၊ ကိုဗစ်-၁၉ ရောဂါပိုးရှိ၊ မရှိစစ်ဆေးသည့် ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက် စုစုပေါင်း ၂၁၀၁ ဦး၊ ရောဂါပိုးတွေ့ရှိသူ ငါးဦးအထိရှိလာကြောင်း ချင်းပြည်နယ် ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးစောမြင့်လွင်ထံမှ သိရသည်။

**ခရိုင် (ပြန်/ဆက်)**

○ ကျောဖုံးမှ

- Rapid Antigen Diagnostic Test Kit များဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံကြီးများနှင့် မြို့နယ်များတွင် ဆက်လက်စစ်ဆေးလျက်ရှိပြီး အဆိုပါစစ်ဆေးမှုများတွင် အနံ့မရရှိသူများလည်း ပါဝင်ပါသည်။

**မြန်မာနိုင်ငံတွင် COVID–19 လူနာ ဖြစ်ပွား၊ သေဆုံးမှုအခြေအနေ**
**(၃၀–၁၁–၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | အသစ် (လွန်ခဲ့သော ၂၄ နာရီအတွင်း) | ယခုအထိ စုစုပေါင်း |
|---|---|---|
| စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | (၁၅,၉၃၅) ဦး | (၁,၁၆၃,၇၇၆) ဦး |
| COVID–19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | (၁,၂၂၇) ဦး | (၉၀,၇၁၃) ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | (၁,၂၄၆) ဦး | (၇၀,၁၅၆) ဦး |
| သေဆုံးလူနာ | (၂၃) ဦး | (၁,၉၄၀) ဦး |

- ယနေ့ သေဆုံးသူ (၂၃) ဦးမှာ ပြည်သူ့ဆေးရုံများ၊ COVID–19 ရောဂါ ကုသရေးဌာနများနှင့် တပ်မတော်ဆေးရုံများမှဖြစ်ပြီး ၎င်းတို့အနက် ရောဂါအခံရှိသူ(၂၀)ဦးပါဝင်ပါသည်။
- တိုင်းဒေသကြီး/ ပြည်နယ်များရှိ ဆေးရုံများနှင့် ရန်ကုန်မြို့ရှိ COVID–19 ရောဂါကုသရေးဌာနများမှ ဆေးရုံဆင်းခွင့်ရရှိသူ စုစုပေါင်း (၁,၂၄၆) ဦးတွင်–
  - ပြည်သူ့ဆေးရုံများ – (၄၀၅) ဦး
  - COVID–19 ရောဂါကုသရေးဌာနများ (ရန်ကုန်မြို့) – (၈၄၁) ဦး ပါဝင်ပါသည်။
- ရန်ကုန်တိုင်းဒေသကြီးအတွင်း အသွားအလာကန့်သတ်ထားရှိရာ နေရာများမှ ဓာတ်ခွဲအတည်ပြုလူနာများနှင့် အနီးကပ်ထိတွေ့ခဲ့သူများအနက် Negative အဖြေထွက်ရှိခဲ့ပြီး နေအိမ်များတွင် အသွားအလာကန့်သတ်ထားရှိသူ စုစုပေါင်း (၁,၃၃၆) ဦးတွင်–
  - Hotel Quarantine – (၁၁၂) ဦး
  - Facility Quarantine – (၃၀၇) ဦး
  - Community Based Facility Quarantine – (၈၈၅) ဦး
  - Anosmia Center – (၃၂) ဦး

  ပါဝင်ပြီး ၎င်းတို့အား နေအိမ်များတွင် အသွားအလာ ဆက်လက်ကန့်သတ်ထားရှိပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်–၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၁၃၇၅၁၃၃၇ | ၈၁၀၈၃၈၃ | ၂၇၃၁၀၁ |
| ၂။ | အိန္ဒိယ | ၉၄၃၃၁၄၃ | ၈၈၄၇၆၀၀ | ၁၃၇၁၈၅ |
| ၃။ | ဘရာဇီး | ၆၃၁၄၇၄၀ | ၅၅၇၈၁၁၈ | ၁၇၂၈၄၈ |
| ၄။ | ရုရှား | ၂၂၉၅၆၅၄ | ၁၇၇၈၇၀၄ | ၃၉၈၉၅ |
| ၅။ | ပြင်သစ် | ၂၂၁၈၄၈၃ | ၁၆၁၄၂၇ | ၅၂၃၂၅ |
| ၆။ | စပိန် | ၁၆၄၆၁၉၂ | စိစစ်ဆဲ | ၄၄၆၆၈ |
| ၇။ | ဗြိတိန် | ၁၆၁၇၃၂၇ | စိစစ်ဆဲ | ၅၈၂၄၅ |
| ၈။ | အီတလီ | ၁၅၈၅၁၇၈ | ၇၃၄၅၀၃ | ၅၄၉၀၄ |
| ၉။ | အာဂျင်တီးနား | ၁၄၁၈၈၀၇ | ၁၂၄၉၈၄၃ | ၃၈၄၇၃ |
| ၁၀။ | ကိုလံဘီယာ | ၁၃၀၈၃၇၆ | ၁၂၀၄၄၅၂ | ၃၆၅၈၄ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်–၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၅၃၈၈၈၃ | ၄၅၀၅၁၈ | ၁၆၉၄၅ |
| ၂။ | ဖိလစ်ပိုင် | ၄၃၁၆၃၀ | ၃၉၈၆၅၈ | ၈၃၉၂ |
| ၃။ | မြန်မာ | ၉၀၇၁၃ | ၇၀၁၅၆ | ၁၉၄၀ |
| ၄။ | မလေးရှား | ၆၅၆၉၇ | ၅၄၇၅၉ | ၃၆၀ |
| ၅။ | စင်ကာပူ | ၅၈၂၁၈ | ၅၈၁၂၄ | ၂၉ |
| ၆။ | ထိုင်း | ၃၉၉၈ | ၃၈၀၃ | ၆၀ |
| ၇။ | ဗီယက်နမ် | ၁၃၄၆ | ၁၁၇၉ | ၃၅ |
| ၈။ | ကမ္ဘောဒီးယား | ၃၂၃ | ၃၀၁ | ၀ |
| ၉။ | ဘရူနိုင်း | ၁၅၀ | ၁၄၅ | ၃ |
| ၁၀။ | လာအို | ၃၉ | ၂၆ | ၀ |



# အမေရိကန်ပြည်ထောင်စု၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်

**နေပြည်တော် နိုဝင်ဘာ ၃၀**

နိုင်ငံတကာခရီးသည်တင်လေယာဉ်များ ပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် အမေရိကန်ပြည်ထောင်စု၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ဝါရှင်တန်မြို့ရှိ မြန်မာသံရုံးနှင့် ဆိုးလ်မြို့ရှိ မြန်မာသံရုံးတို့မှ ပူးပေါင်းစီစဉ်သည့် မြန်မာအပြည်ပြည်ဆိုင်ရာ လေကြောင်း (MAI) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ကိုရီးယားသမ္မတနိုင်ငံ အင်ချွန်းအပြည်ပြည်ဆိုင်ရာ လေဆိပ်မှတစ်ဆင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ညနေ ၆ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။ အဆိုပါ ကယ်ဆယ်ရေးလေယာဉ်တွင် အမေရိကန်ပြည်ထောင်စုမှ ၆၁ ဦး၊ မက္ကဆီကိုမှ ၁၂ ဦး၊ ကိုရီးယားသမ္မတနိုင်ငံမှ ၄၀၊ ပနားမားမှ ခုနစ်ဦး မြန်မာနိုင်ငံသား စုစုပေါင်း ၁၂၀ လိုက်ပါခဲ့ကြသည်။

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစစ်ဆေးရေး၊ သီးသန့်စီစဉ်ပေးသည့်နေရာ သတ်မှတ် ဟိုတယ်များ၌ အသွားအလာကန့်သတ်မှု ခုနစ်ရက်နှင့် နေအိမ်တွင်အသွားအလာကန့်သတ်မှု ခုနစ်ရက် နေထိုင်စေရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့က သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့ကြသည်။

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019(COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေး ဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိရာ ယနေ့အထိ အမေရိကန်ပြည်ထောင်စုရောက် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအတွက် ရည်ရွယ်လျက် ကိုရီးယားသမ္မတနိုင်ငံ အင်ချွန်းအပြည်ပြည်ဆိုင်ရာလေဆိပ်မှတစ်ဆင့် ကယ်ဆယ်ရေးလေယာဉ် (၈)ကြိမ်တိုင် ပျံသန်းပြေးဆွဲပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**





## အားတင်းထားပါ၊ ဂရုစိုက်ပါ



**ကာကွယ်ဆေးတွေ သိုလှောင်ဖို့၊ ဖြန့်ဖြူးဖို့၊ ထိုးပေးဖို့ အစီအစဉ်တွေလည်း စပြီးလုပ်နေပါတယ်။ ဒါကြောင့် ပြည်သူတွေက ဒီကြားထဲမှာ ရောဂါမရအောင်နေပါ။ ကာကွယ်ဆေး ပေါ်ခါနီးမှ ရောဂါရတယ်ဆိုရင် မကောင်းပါဘူး။ ဒါကြောင့် အားတင်းထားပါ။ ဂရုစိုက်ပါ။ တတ်နိုင်သမျှ ခရစ္စမတ်အချိန်၊ နှစ်သစ်ကူးအချိန်မှာ အပြင်မထွက်ကြပါနဲ့။ လူစုလူဝေးဖြစ်အောင် မနေကြပါနဲ့။ မလွှဲမရှောင်သာလို့ အပြင်ထွက်ရမယ်ဆိုရင်** Mask **တပ်ပါ။ ဖြစ်နိုင်ရင်** Mask **အပေါ်ကနေ ပလတ်စတစ်အကာ၊** Face Shield **လို အကာတပ်စေချင်ပါတယ်။**

(Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၂၀-၁၁-၂၀၂၀ ရက်နေ့တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု နောက်ဆုံးအခြေအနေနှင့်စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၃၀-၁၁-၂၀၂၀) ရက်နေ့၊ ညနေ (၄:၀၀)နာရီ**

(၂၉-၁၁-၂၀၂၀) ရက်နေ့အတွက် **ဓာတ်ခွဲအတည်ပြုလူနာ (၁,၅၀၉) ဦး**၏ မြို့နယ်အလိုက် တွေ့ရှိရမှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ နေပြည်တော် | မြို့နယ် | အတည်ပြုလူနာ (ဦးရေ) |
|---|---|---|---|
| ၁။ | ရန်ကုန်တိုင်းဒေသကြီး | မင်္ဂလာဒုံ | ၆၀ |
| | | လှိုင်သာယာ | ၆၈ |
| | | ဒဂုံမြို့သစ် (အရှေ့ပိုင်း) | ၅၃ |
| | | အင်းစိန် | ၃၆ |
| | | ဒဂုံမြို့သစ် (တောင်ပိုင်း) | ၅၃ |
| | | မြောက်ဥက္ကလာပ | ၃၂ |
| | | ရွှေပြည်သာ | ၄၃ |
| | | သင်္ဃန်းကျွန်း | ၄၄ |
| | | တာမွေ | ၃၇ |
| | | ကမာရွတ် | ၃၄ |
| | | ဒဂုံမြို့သစ် (မြောက်ပိုင်း) | ၃၀ |
| | | တောင်ဥက္ကလာပ | ၂၆ |
| | | ဒဂုံ | ၂၉ |
| | | လှိုင် | ၂၀ |
| | | [illegible] | ၁၉ |
| | | သန်လျင် | ၁၇ |
| | | စမ်းချောင်း | ၁၆ |
| | | ဒဂုံမြို့သစ် (ဆိပ်ကမ်း) | ၁၅ |
| | | [illegible] | ၁၈ |
| | | [illegible] | ၁၄ |
| | | [illegible] | ၁၃ |
| | | ကျောက်တံတား | ၁၃ |
| | | ဗဟန်း | ၁၄ |
| | | ကြည့်မြင်တိုင် | ၁၂ |
| | | [illegible] | ၁၂ |
| | | မင်္ဂလာတောင်ညွန့် | ၁၂ |
| | | [illegible] | ၁၀ |
| | | [illegible] | ၁၀ |
| | | မရမ်းကုန်း | ၈ |
| | | အလုံ | ၈ |
| | | [illegible] | ၇ |
| | | [illegible] | ၆ |
| | | [illegible] | ၅ |
| | | သုံးခွ | ၄ |
| | | [illegible] | ၄ |
| | | ပုဇွန်တောင် | ၄ |
| | | ကွမ်းခြံကုန်း | ၄ |
| | | [illegible] | ၃ |
| | | [illegible] | ၂ |
| | | [illegible] | ၂ |
| | | စုစုပေါင်း | ၉၁၂ |
| ၂။ | မန္တလေးတိုင်းဒေသကြီး | မဟာအောင်မြေ | ၇၄ |
| | | ချမ်းအေးသာစံ | ၅၇ |
| | | [illegible] | ၅၁ |
| | | ချမ်းမြသာစည် | ၄၄ |
| | | အမရပူရ | ၃၇ |
| | | ပြည်ကြီးတံခွန် | ၂၇ |
| | | ပုသိမ်ကြီး | ၆ |
| | | မတ္တရာ | ၆ |
| | | [illegible] | ၄ |
| | | [illegible] | ၃ |
| | | [illegible] | ၂ |
| | | [illegible] | ၂ |
| | | [illegible] | ၁ |
| | | [illegible] | ၁ |
| | | [illegible] | ၁ |
| | | စုစုပေါင်း | ၃၀၀ |
| ၃။ | ပဲခူးတိုင်းဒေသကြီး | ပဲခူး | ၄၆ |
| | | [illegible] | ၁၀ |
| | | လက်ပံတန်း | ၁၈ |
| | | [illegible] | ၈ |
| | | [illegible] | ၅ |
| | | ကဝ | ၄ |
| | | ဝေါ | ၄ |
| | | [illegible] | ၁ |
| | | [illegible] | ၁ |
| | | [illegible] | ၁ |
| | | စုစုပေါင်း | ၉၁ |
| ၄။ | ဧရာဝတီတိုင်းဒေသကြီး | [illegible] | ၂၇ |
| | | [illegible] | ၁၃ |
| | | ပုသိမ် | ၈ |
| | | ကျိုက်လတ် | ၅ |
| | | [illegible] | ၃ |
| | | ဖျာပုံ | ၃ |
| | | [illegible] | ၂ |
| | | [illegible] | ၂ |
| | | [illegible] | ၂ |
| | | [illegible] | ၁ |
| | | [illegible] | ၁ |
| | | [illegible] | ၁ |
| | | [illegible] | ၁ |
| | | [illegible] | ၁ |
| | | [illegible] | ၁ |
| | | [illegible] | ၁ |
| | | စုစုပေါင်း | ၈၄ |
| ၅။ | ရှမ်းပြည်နယ် | [illegible] | ၂၀ |
| | | တာချီလိတ် | ၁၈ |
| | | ရွာငံ | ၃ |
| | | [illegible] | ၁ |
| | | [illegible] | ၁ |
| | | [illegible] | ၁ |
| | | [illegible] | ၁ |
| | | စုစုပေါင်း | ၃၇ |
| ၆။ | ရခိုင်ပြည်နယ် | [illegible] | ၇ |
| | | [illegible] | ၅ |
| | | စစ်တွေ | ၄ |
| | | [illegible] | ၂ |
| | | [illegible] | ၂ |
| | | အမ်း | ၁ |
| | | စုစုပေါင်း | ၂၀ |
| ၇။ | မကွေးတိုင်းဒေသကြီး | မကွေး | ၄ |
| | | [illegible] | ၃ |
| | | တောင်တွင်းကြီး | ၂ |
| | | [illegible] | ၂ |
| | | [illegible] | ၂ |
| | | [illegible] | ၂ |
| | | စုစုပေါင်း | ၁၅ |
| ၈။ | မွန်ပြည်နယ် | သထုံ | ၇ |
| | | [illegible] | ၄ |
| | | [illegible] | ၃ |
| | | ကျိုက်ထို | ၁ |
| | | [illegible] | ၁ |
| | | စုစုပေါင်း | ၁၆ |
| ၉။ | စစ်ကိုင်းတိုင်းဒေသကြီး | [illegible] | ၇ |
| | | [illegible] | ၃ |
| | | [illegible] | ၁ |
| | | ကသာ | ၁ |
| | | စုစုပေါင်း | ၁၂ |
| ၁၀။ | ကရင်ပြည်နယ် | [illegible] | ၅ |
| | | မြဝတီ | ၂ |
| | | စုစုပေါင်း | ၇ |
| ၁၁။ | တနင်္သာရီတိုင်းဒေသကြီး | မြိတ် | ၇ |
| | | စုစုပေါင်း | ၇ |
| ၁၂။ | နေပြည်တော် | [illegible] | ၃ |
| | | [illegible] | ၁ |
| | | [illegible] | ၁ |
| | | [illegible] | ၁ |
| | | စုစုပေါင်း | ၆ |
| ၁၃။ | ကယားပြည်နယ် | လွိုင်ကော် | ၁ |
| | | စုစုပေါင်း | ၁ |
| ၁၄။ | ကချင်ပြည်နယ် | [illegible] | ၁ |
| | | စုစုပေါင်း | ၁ |
| | (၂၉-၁၁-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | | (၁,၅၀၉) ဦး |

မှတ်ချက်။ (၂၉-၁၁-၂၀၂၀)ရက်နေ့တွင် စစ်ဆေးတွေ့ရှိခဲ့သော ဓာတ်ခွဲအတည်ပြုလူနာ (၁,၅၀၉)ဦးတွင် အနံ့မရရှိသူ (၃၇၈) ဦး ပါရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့ မိမိကစ၍ စည်းကမ်းများကို လိုက်နာစို့

# ရာပြည့်တက္ကသိုလ်ကြီးနှင့် ဘဝမှတ်တမ်း

ဒေါက်တာနွဲ့နွဲ့ရီ

**ရန်ကုန်တက္ကသိုလ် ရာပြည့်အခါသမယမှာ အမိတက္ကသိုလ်ရဲ့ အမှတ်တရပုံရိပ်များကို ပြန်လည်တွေးမြင်မိတိုင်း အမှတ်ထင်ထင်ဖြစ်ရတဲ့ အကြောင်းတရား များစွာရှိခဲ့ပါတယ်။ ရန်ကုန်တက္ကသိုလ်ဟာ ကျွန်မဘဝအတွက် မှတ်တိုင်လေးဖြစ်ခဲ့ပါတယ်။ တက္ကသိုလ်ဆရာမဘဝ နည်းပြမှ ပါမောက္ခဌာနမှူးအထိ နှစ်ပေါင်း ၃၀ ကျော် တက္ကသိုလ်ကောလိပ်အသီးသီးမှာ တာဝန်ထမ်းဆောင်ခဲ့ရပေမယ့် ရန်ကုန်တက္ကသိုလ်မှာ တာဝန်ယူဆောင်ရွက်ခဲ့ရတဲ့အချိန်က ပိုများနေလို့ပါ။**

**မြကျွန်းညိုညို ကွန်းခိုရာ တက္ကသိုလ်ကြီးမှာ လုပ်သက်ရဲ့ တစ်ဝက်ကျော် အေးချမ်းစွာခိုလှုံခွင့်ရခဲ့ပြီး ကိုယ် စိတ်ဝင်စားတဲ့ သုတေသနနဲ့ သင်ကြားရေးကို စိတ်ရောကိုယ်ပါ လုပ်ဆောင်ခွင့်ရခဲ့တဲ့အတွက် လွန်စွာကျေနပ်ရပါတယ်။ ဌာနတွင်းသုတေသန Pet Project ၊ The Asia Research Centre နဲ့ ပူးပေါင်းသုတေသန၊ ပါရဂူ ကျမ်းပြုများရဲ့ ကျမ်းကြီးကြပ်စတဲ့ ခေါင်းစဉ်အမျိုးမျိုးနဲ့ မှတ်တမ်းတင်ခွင့်ရခဲ့ပါတယ်။**

ကျောင်းသူဘဝကစလို့ ပြန်ပြောရရင် တက္ကသိုလ်စတက်ရတဲ့အချိန်မှာ ကိုယ်တိုင်နှစ်သက်လို့ အရှေ့တိုင်းပညာဘာသာရပ်ကို ရွေးချယ်တက်ရောက်ခဲ့တာပါ။ စပြီးတက်တဲ့အချိန်မှာတော့ သူငယ်ချင်းတွေအများကြီးပါ တက်ရင်းနဲ့ ကောင်းနိုးရာရာ ရွေးချယ်ပြောင်းရွှေ့သွားလိုက်ကြတာ နောက်ဆုံး လူနည်းနည်းပဲ ကျန်ပါတော့တယ်။ ငယ်ရွယ်သူတို့ ဓလေ့အတိုင်း ကျွန်မလည်း ဘယ်ဘာသာရပ်ပြောင်းရမလဲပေါ့ ။ လောကီ၊ လောကုတ္တရာနှစ်ဖြာ ကောင်းကျိုးပြုတဲ့ဘာသာရပ်ဖြစ်သလို သင်ကြားသင်ယူနေစဉ်မှာလည်း ကုသိုလ်တရားများရနေတဲ့အတွက်ကြောင့် ဘာသာရပ်ရဲ့တန်ဖိုး ပိုနားလည်ပြီး သင်ယူလာလိုက်တာ B.A (Hons), M.A, Ph.D ရတဲ့အထိ တန်ဖိုးထားသင်ကြားခဲ့ပါတော့တယ်။ ဒီလိုနဲ့ အဆင့်ဆင့်ရာထူးများတိုးလာပြီး ပါမောက္ခ/ဌာနမှူးဖြစ်လာပါတယ်။ မြကျွန်းညိုညိုတက္ကသိုလ်ကြီးမှာ ပါမောက္ခဘဝနဲ့ ဆယ်စုနှစ်ကို ကျော်လွန်သွားခဲ့ပါတယ်။

### မှတ်သားနာယူခဲ့

ပါမောက္ခ /ဌာနမှူးတာဝန်ထမ်းဆောင်စဉ်ကာလမှာ အသက် ၄၀ ကျော်ပဲ ရှိပါသေးတယ်။ အဲဒီအချိန်က ရန်ကုန်တက္ကသိုလ်ရဲ့ ဦးစီးဦးဆောင် ပါမောက္ခချုပ်ဆရာကြီးက ဒေါက်တာစိုးရင်ဖြစ်ပါတယ်။ အင်မတန်လေးစားကြည်ညိုရပါတယ်။ ပါမောက္ခ/ဌာနမှူးများကတော့ ရူပဗေဒဌာနဆရာကြီး ဒေါက်တာစိန်ထွန်း၊ ဓာတုဗေဒဌာန ဆရာကြီး ဒေါက်တာမောင်မောင်ဌေး၊ သတ္တဗေဒဌာန ဆရာမကြီး ဒေါက်တာဒေါ်တင်နွယ်၊ ဘူမိဗေဒဌာန ဆရာကြီး ဒေါက်တာတင်သိန်း၊ ဝိဇ္ဇာဘာသာရပ်မှာ မြန်မာစာဌာန ဆရာကြီး ဒေါက်တာဦးခင်အေး၊ အင်္ဂလိပ်စာဌာန ဒေါ်ခင်လေးမြင့်၊ ပထဝီဝင်ဌာန ဒေါက်တာမိမိကြည်၊ ဥပဒေဌာန ဒေါက်တာဒေါ်သန်းနွဲ့ အစရှိတဲ့ ဆရာကြီး ဆရာမကြီးများဖြစ်တဲ့အတွက် ဆရာကြီး ဆရာမကြီးများကြားမှာ အသက်အရရော ဝါအရပါ အတော်ငယ်နေပါသေးတယ်။ မိဘသဖွယ်ဖြစ်တဲ့ ဆရာကြီး ဆရာမကြီးများရဲ့ ပညာများကို အမြဲလေ့လာသင်ယူရပါတယ်။ အပတ်စဉ် တနင်္လာနေ့တိုင်း ဘွဲ့နှင်းသဘင်ရဲ့ အစည်းအဝေးခန်းမမှာ အစည်းအဝေးတက်ရင်း ပါမောက္ခချုပ် ဆရာကြီး ဒေါက်တာစိုးရင်ရဲ့ ညွှန်ကြားလမ်းညွှန်မှုများကို တန်ဖိုးရှိစွာ လေ့လာမှတ်သားရပါတယ်။ မိဘသဖွယ်ဖြစ်တဲ့ ပါမောက္ခ/ဌာနမှူး ဆရာကြီး ဆရာမကြီးများရဲ့ ပြောဆို ဆွေးနွေးတင်ပြပုံတွေကို မှတ်သားနည်းနာယူခဲ့ရပါတယ်။ အားလုံးရဲ့ ကျေးဇူးတရားများကို အောက်မေ့လျက် ဂါရဝပြုပါတယ်။

ပါမောက္ခချုပ် ဆရာကြီး ဒေါက်တာစိုးရင် တာဝန်ယူပြီးနောက်မှာတော့ ပါမောက္ခချုပ် ဆရာကြီး ဒေါက်တာထွန်းခင်ရဲ့ လမ်းညွှန်မှုအောက်မှာ စည်းလုံးညီညာပျော်ပါးစွာနဲ့ တာဝန်များထမ်းဆောင်ခွင့်ရခဲ့ ပြန်ပါတယ်။ အစည်းအဝေးမှာ ဆရာကြီးက ပြောပါတယ်။ “ဆရာကြီး ဆရာမကြီးတို့ ကိုယ်ရထားတဲ့ ပါမောက္ခ/ဌာနမှူးဆိုတဲ့ ရာထူးတာဝန်က အလွန်ကြီးပါတယ်။ တန်ဖိုးထား လေးစားလုပ်ကိုင်ဆောင်ရွက်ကြပါ”လို့ အမြဲပြောလေ့ရှိတာကို ခုချိန်ထိ အမှတ်ရလျက် ဂါရဝပြုပါတယ်။ ဆရာကြီး ဒေါက်တာထွန်းခင်ရဲ့ နွေးထွေးမှုပြီးပြန်တော့ ပါမောက္ခချုပ် ဆရာကြီး ဒေါက်တာဖိုးကောင်းနဲ့ မောင်နှမရင်းကဲ့သို့ ပွင့်လင်းစွာ ပြောဆိုဆက်ဆံ လုပ်ကိုင်ခွင့်ရခဲ့ပြန်ပါတယ်။ ခေါင်းဆောင်ကောင်းများရဲ့ လမ်းညွှန်မှုအောက်မှာ တာဝန်ထမ်းဆောင်ခွင့်ရခဲ့တဲ့အတွက် ဝန်ထမ်းဘဝတစ်လျှောက် ကျေနပ်ကြည်နူးစရာများနဲ့ မေ့မရနိုင်တဲ့ဘဝလေးဖြစ်ခဲ့ရပါတယ်။




ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာခန်းမ၌ အောက်စဖို့ဒ်ဆရာတော် ဒေါက်တာ အရှင်ဓမ္မသာမိ ဟောပြောပွဲကျင်းပစဉ်။

### သုတေသနကို အချိန်ပေးဆောင်ရွက်နိုင်ခဲ့

ကျွန်မ ရန်ကုန်တက္ကသိုလ်မှာ တာဝန်ထမ်းရတဲ့အချိန်က သင်ကြားရေးအနေနဲ့ မဟာဝိဇ္ဇာနဲ့ ပါရဂူသင်တန်းများသာရှိခဲ့တဲ့အတွက်ကြောင့် သုတေသနကို အချိန်ပေးဆောင်ရွက်နိုင်ခဲ့ပါတယ်။ ပါရဂူသင်တန်းသား ၁၀၀ ကျော်ကို ပါရဂူဘွဲ့အပ်နှင်းနိုင်ခဲ့ပါတယ်။ ပါရဂူသင်တန်းဦးစီးကော်မတီ ဆရာတော်ကြီးများ၊ ဆရာ ဆရာမကြီးများဝန်းရံအားဖြည့်ကြပါတယ်။ ကိုရီးယား ပါရဂူသင်တန်းသားတစ်ဦးကိုလည်း မွေးထုတ်နိုင်ခဲ့ပါတယ်။ လူ့စွမ်းအားအရင်းအမြစ်မှ တာဝန်ယူဖွင့်လှစ်သင်ကြားတဲ့ ဒီပလိုမာသင်တန်းတွေကိုလည်း ၂၀၀၂-၂၀၀၃ ပညာသင်နှစ်မှစ၍ စဉ်ဆက်မပြတ် ဖွင့်လှစ်သင်ကြားပေးပြီး စာပေအမွေကို လက်ဆင့်ကမ်းပေးနိုင်ခဲ့ပါတယ်။ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှာတော့ ထူးချွန်ကျောင်းသား ကျောင်းသူ (COB) များကို စတင် လက်ခံသင်ကြားပေးပြီး ရန်ကုန်တက္ကသိုလ်ကြီးလည်း ပြန်လည်စည်ကားလာပါတော့တယ်။

### တက်ရောက်ခွင့်ရ

ရန်ကုန်တက္ကသိုလ်ကြီးမှာ ဘာသာရပ်မျိုးစုံ၊ သင်တန်းမျိုးစုံတက်ရောက်ခွင့်တွေ ပေးခဲ့ပါတယ်။ ဟိုတယ်နှင့်ခရီးသွားဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းဖွင့်လှစ်ခဲ့တဲ့ Diploma in Tourism Studies and Management သင်တန်းကို ၂၀၀၄ ခုနှစ်မှာ ဖွင့်လှစ်တဲ့အတွက် ကျွန်မအနေနဲ့ စာပေသင်ကြားပို့ချရင်း တက်ရောက်ခွင့်ရခဲ့ပြန်ပါသေးတယ်။ B.A Tourism ဆိုတဲ့ ဘွဲ့လေးတစ်ခု ထပ်တိုးရလိုက်ပါတယ်။ အဲဒီအချိန်မှာပဲ MeKong Institute Foundation JICA and DTEC မှ စေလွှတ်တဲ့ “Tourism A Regional Approach for Economic Cooperation Strategy Black and East West Corridor Countries” သင်တန်းကို ထိုင်းနိုင်ငံမှာ တက်ရောက်ခွင့်ရခဲ့ပါတယ်။ တက်ရောက်ခဲ့တဲ့သင်တန်းများမှ ဆည်းပူးရရှိခဲ့တဲ့ ပညာရပ်များဖြင့် ၂၀၀၅ ခုနှစ်မှ စတင်ပြီး Tourism ဘာသာရပ်ကို ပြန်လည်သင်ကြားပို့ချပေးနိုင်ခဲ့ပါတယ်။ အခုလို လေ့လာဆည်းပူး ပြန်လည်သင်ကြားပို့ချပေးရခဲ့မှုများကို တွေးလိုက်တိုင်း ပီတိဖြစ်ရပါတယ်။

အမိ တက္ကသိုလ်ကြီး၏ အရိပ်အာဝါသအောက်မှာ သင်ယူမှု သင်ကြားမှုတွေ မျိုးစုံအောင်ပြုလုပ်နိုင်ခဲ့ခြင်းမှာ “ပတိရူပ ဒေသဝါသောစ ၊ ပုဗ္ဗေစ ကတပုညတာ၊

အတ္တသမ္မာ ပဏိဓိစ ၊ ဧတံမင်္ဂလမုတ္တမံ ” ဆိုသည့် ဘုရားရှင်မြတ်ဗုဒ္ဓ ဟောကြားခဲ့တဲ့ မင်္ဂလသုတ်လာအတိုင်း မင်္ဂလာရှိတဲ့အကြောင်းတရားများ ပြည့်စုံပြီး မင်္ဂလာတစ်ပါးဖြစ်တဲ့ တက္ကသိုလ်ကြီးလည်းဖြစ်ပါတယ်။ ပညာရည်နို့သောက်စို့ဖို့ဆိုတာ အကြောင်းတရားတွေ ပြည့်စုံဖို့ လိုပြန်ပါတယ်။ ပညာပေးချင်သူရှိနေပေမယ့် ခံယူသူ-ခံယူနိုင်သူရှိဦးမှ၊ ပညာပေးသူ ခံယူမယ့်သူရှိနေတဲ့တိုင် ပညာသင်ကြားပေးနိုင်မယ့် သင့်လျော်တဲ့နေရာ၊ ဒေသရှိဦးမှ။ ဒီလိုအကြောင်းတရားတွေပြည့်စုံမှ ပညာအကျိုးတရားရကြမှာ ဖြစ်ပါတယ်။ အခုတော့ ပညာတွေ ဖြန့်ဝေပေးနိုင်တဲ့ ရှေးကတည်းက အမိတက္ကသိုလ်ကြီး ရှိနေတာရယ်၊ သင်ကြားပေးနိုင်မယ့် ဆရာ ဆရာမ ပြည့်စုံစွာရှိနေတာရယ်၊ သင်ယူလက်ခံမယ့်သူများရှိနေတာတွေအတွက်ကြောင့် အကြောင်းတရားများ ပေါင်းစုံ၊ အကျိုးတရားများစွာရရှိကြရတာဖြစ်ပါတယ်။ ဒါကြောင့် အမိတက္ကသိုလ်ကြီးရဲ့ ကြီးမားလှတဲ့ကျေးဇူးတရားများက ပြောမကုန်နိုင်ပါ။

အမိရန်ကုန်တက္ကသိုလ်ကြီးက အသိပညာ အတတ်ပညာများစွာပေးနိုင်တဲ့အပြင် ကုသိုလ်တရားများပွားများရာ အစဉ်အလာမပျက် ဘာသာတရားများဆောင်ရွက်ရာ တက္ကသိုလ်ကြီးလည်း ဖြစ်ပါတယ်။ ၁၂၉၉ ခုနှစ် တန်ဆောင်မုန်းလပြည့် (၁၇-၁၁-၁၉၃၇) တွင် ရန်ကုန်တက္ကသိုလ် ဓမ္မာရုံကြီးကို ခမ်းနားစွာဖွင့်လှစ်ခဲ့ပြီး တက္ကသိုလ်များ ဓမ္မာရုံကြီးအဖြစ် ၁၉၆၅ ခုနှစ်တွင် ပြောင်းလဲသတ်မှတ်လိုက်ကြပါတယ်။

စာမျက်နှာ ၁၉ သို့ ❍

**ပညာရည်နို့သောက်စို့ဖို့ဆိုတာ အကြောင်းတရားတွေ ပြည့်စုံဖို့ လိုပြန်ပါတယ်။ ပညာပေးချင်သူရှိနေပေမယ့် ခံယူသူ-ခံယူနိုင်သူရှိဦးမှ၊ ပညာပေးသူ ခံယူမယ့်သူရှိနေတဲ့တိုင် ပညာသင်ကြားပေးနိုင်မယ့် သင့်လျော်တဲ့နေရာ၊ ဒေသရှိဦးမှ။ ဒီလိုအကြောင်းတရားတွေပြည့်စုံမှ ပညာအကျိုးတရားရကြမှာ ဖြစ်ပါတယ်။ အခုတော့ ပညာတွေ ဖြန့်ဝေပေးနိုင်တဲ့ ရှေးကတည်းက အမိတက္ကသိုလ်ကြီး ရှိနေတာရယ်၊ သင်ကြားပေးနိုင်မယ့် ဆရာ ဆရာမ ပြည့်စုံစွာရှိနေတာရယ်၊ သင်ယူလက်ခံမယ့်သူများရှိနေတာတွေအတွက်ကြောင့် အကြောင်းတရားများ ပေါင်းစုံ၊ အကျိုးတရားများစွာ ရရှိကြရတာ ဖြစ်ပါတယ်။**



ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်။ ဓာတ်ပုံ-ဇော်မင်းလတ်

❍ စာမျက်နှာ ၁၈ မှ

တက္ကသိုလ်များ ဓမ္မာရုံကြီး၏ သက်တမ်းပင် နှစ် ၈၀ ကျော်ခဲ့ပါပြီ။ ဝါဆိုသင်္ကန်းများ ကပ်လှူပူဇော်ပြီး အပတ်စဉ် ဥပုသ်နေ့တိုင်း သီလခံယူဥပုသ်ဆောက်တည်ကြရာ နေရာ၊ တက္ကသိုလ်ပေါင်းစုံ ပဒေသာပင်များနဲ့ စဉ်လာမပျက် ကထိန်သင်္ကန်းကပ်ကြရတာ မမေ့နိုင်စရာပါ။ အာဂုံဆောင်ပွဲများ၊ နေ့ထူးနေ့မြတ်များမှာ ပဋ္ဌာန်း၊ ဓမ္မစကြာများ ရွတ်ဖတ်ပူဇော် ကုသိုလ်တရားများကိုလည်း ပွားများစေနိုင်တဲ့ အမိတက္ကသိုလ်ကြီးဖြစ်ပါတယ်။ ထိုကုသိုလ်တရားများအပြင် အမိတက္ကသိုလ်ကြီးမှာ ဆရာတော်ကြီးများရဲ့ Special Lecture များ၊ ကျောင်းသား ကျောင်းသူတွေအတွက် လိမ္မာရေးခြားရှိရန် ဟောပြောဆွေးနွေးပွဲများ အလျဉ်းသင့်သလို ပြုလုပ်ပေးခဲ့ရတာတွေ ပြန်တွေးရင်း ပီတိဝေဖြာခဲ့ရသည်မှာလည်း အကြိမ်ကြိမ်ဖြစ်ရပါတယ်။

**ပညာဗဟုသုတများ ဖလှယ်ရင်း**

ရန်ကုန်တက္ကသိုလ်ကြီးရဲ့ ရာပြည့်ပွဲအကြို (၉၆)နှစ်ပြည့်အထိမ်းအမှတ် 1st International Conference ကြီးကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့တွင် “Awakening Words Translated: The Pali Tipitaka Translation in Myanmar and Beyond” ခေါင်းစဉ်ဖြင့် ကမ္ဘာ့ဗုဒ္ဓသာသနာပြုအကျော် Oxford ဆရာတော် အရှင်ဒေါက်တာဓမ္မသာမိ ဦးဆောင်ပြီး အာရှနိုင်ငံအသီးသီးမှ သုတေသနပညာရှင်များနဲ့ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့ပါတယ်။ စာတမ်းရှင်များ ဖတ်ကြားပြီး ဆွေးနွေးကြ၊ မေးမြန်းကြဖြင့် ပညာဗဟုသုတများ ဖလှယ်ရင်း များစွာအကျိုးရလဒ်ကောင်းများ ရကြပါတယ်။ ၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၁၉ ရက်နေ့မှာ ဝိဇ္ဇာခန်းမတွင် Truth and Life in Buddhist Philosophy ခေါင်းစဉ်ဖြင့် Oxford ဆရာတော် ဒေါက်တာအရှင်ဓမ္မသာမိက Special Lecture အဖြစ် ဟောပြောပြီး ဆရာ ဆရာမ၊ ကျောင်းသူကျောင်းသားများက မေးခွန်းများမေး၊ ဆရာတော်က ဆရာ ဆရာမ၊ သားသမီးများ မေးမြန်းသမျှ ဖြေကြားပေးပြီး ဝိဇ္ဇာခန်းမတစ်ခုလုံးပြည့်လျှံအောင် နာယူခဲ့ကြသည်မှာ နှစ်ထောင်းအားရဖြစ်ရပါတယ်။ ဆရာတော်ရဲ့ ကျေးဇူးတရားကြီးမားလှပါတယ်။ ပံ့ပိုးကူညီသူအားလုံးကိုလည်း အမြဲကျေးဇူးတင်အောက်မေ့သာခုခေါ်နေရပါတယ်။

၂၀၁၈ ခုနှစ် ဇွန်လမှာလည်း “Buddhist Psychology and EQ Enhancement” ခေါင်းစဉ်ဖြင့် Oxford ဆရာတော် အရှင်ဒေါက်တာဓမ္မသာမိက ဟောပြောခဲ့ပါတယ်။ ပညာတွေ အများကြီးရခဲ့ကြတဲ့အပြင် တရားထိုင်ကြရပါတယ်။ ဆရာတော်ရဲ့ လမ်းညွှန်သင်ကြားပြသမှုအောက်မှာ ဟောပြောပေးတဲ့အတွက် ပညာများရတဲ့အပြင် ဝိပဿနာတရား အားထုတ်မှုပါ လုပ်ဆောင်ရတဲ့အတွက် ကုသိုလ်ပညာရခဲ့တဲ့နေ့လေးတစ်နေ့ဖြစ်ခဲ့ရပါတယ်။ ဆရာတော်ရဲ့ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်များကို အထူးအောက်မေ့သတိရလျက် ဦးတင်လိုက်ပါတယ်။

**တစ်သက်တာ မေ့မရနိုင်**

အမိရန်ကုန်တက္ကသိုလ်ကြီးသည် အသိပညာ အတတ်ပညာများဖြန့်ဝေရာနေရာ၊ လူတော်လူကောင်းများ မွေးထုတ်ပေးရာ တက္ကသိုလ်ဖြစ်သည့်အပြင် လူသားအားလုံးအတွက် လိုအပ်သည့်ပညာ၊ ကုသိုလ်ပြည့်စုံအောင်ဖြည့်ဆည်းပေးတဲ့ တက္ကသိုလ်ကြီးဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ဆယ်စုနှစ်ကျော် ဌာနတစ်ခုရဲ့ ဦးစီးဦးဆောင်တာဝန်များ ထမ်းဆောင်ခဲ့ရတဲ့အပြင် ဂန္ထဝင်အဓိပတိလမ်းမှာ ၁၃ နှစ်တာကာလ နေခွင့်ရခဲ့တဲ့အတွက် သုတဖုံဖုံ ရသစုံခဲ့တဲ့ အမိတက္ကသိုလ်ကြီးကို ကျွန်မတစ်သက်တာ မေ့မရနိုင်တဲ့ မှတ်တိုင်လေးအဖြစ် တင်စားရပါတယ်။

ကျွန်မတို့အလွန်တန်ဖိုးထားမြတ်နိုးရသော၊ စံပြုရသော၊ အစဉ်အလာကြီးမားလှသော အမိတက္ကသိုလ်ကြီး ရေရှည်တည်တံ့ခိုင်မြဲတိုးတက်စေရန် ကျွန်မတို့အားလုံး အစဉ်ကြိုးစားနေရမည်ဖြစ်ကြောင်း ရာပြည့်ဂုဏ်ပြုရေးသားတင်ပြလိုက်ရပါတယ်။



## ဆောင်းပါးရှင်၏ ကိုယ်ရေးအကျဉ်း

အမည်ရင်း ဒေါက်တာနွဲ့နွဲ့ရီ၊ ပါမောက္ခဌာနမှူး(ငြိမ်း)၊ အရှေ့တိုင်းပညာဌာန၊ ရန်ကုန်တက္ကသိုလ်

အဖ ဦးထွန်းရှိန်၊ အမိ ဒေါ်သိန်းမေတို့က ၁၉၅၈ ခုနှစ်တွင် မွေးဖွားခဲ့သည်။

-BA (၁၉၇၈) Hons (၁၉၈၀) MA (၁၉၈၇)

-DTSM Tourism Diploma (2004-2005)

-Ph.D ပါရဂူဘွဲ့ (၂၀၀၆-၂၀၀၇) ပညာသင်နှစ်များတွင် ရရှိသည်။

၁၉၈၅ မှ ၂၀၁၈ ခုနှစ်အတွင်း မန္တလေးတက္ကသိုလ်၊ ရေနံချောင်းကောလိပ်၊ ကလေးကောလိပ်၊ ဒဂုံတက္ကသိုလ်၊ ကြည့်မြင်တိုင်ကောလိပ်၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ ပုသိမ်တက္ကသိုလ်များတွင် အမှုထမ်းခဲ့ရသည်။ ၂၀၀၃ ခုနှစ်တွင် ပုသိမ်တက္ကသိုလ်မှ ရန်ကုန်တက္ကသိုလ်သို့ တွဲဖက်ပါမောက္ခရာထူးတိုးဖြင့် ပြောင်းရွှေ့တာဝန်ထမ်းဆောင်သည်။

၂၀၀၄-၂၀၀၅ မှစ၍ ရန်ကုန်တက္ကသိုလ်တွင် ပါမောက္ခ ဌာနမှူးတာဝန်ဝတ္တရားများ ထမ်းဆောင်ပြီး ၂၀၁၈ ခုနှစ်တွင် အငြိမ်းစားယူသည်။

ရေးသားပြုစုခဲ့သော သုတေသနများ - A General Survey on Pali and Sanskrit words which were found in Bagan Inscription.

-The Activities of religious king Dhammacetion Kalyani Inscription.

-Indian Influence on Bagan Culture.

-The History and Development of Monastic Education.

## ရာပြည့်တက္ကသိုလ်

❖ မြကျွန်းညိုကား၊ ကြီးမားစဉ်လာ
ဂုဏ်တင့်စွာနှင့်၊ မင်္ဂလာသတင်း
သံစုံညင်းလို့၊ ဝေနီးနှံ့စွာ
ပျံ့သင်းပါသည်
ရာပြည့်တက္ကသိုလ်မြကျွန်းညို။

❖ ကျွန်းညိုမြေဟု၊ တင်စားခေါ်ကြ
ကုံကော်လှနှင့်၊ တင့်စွညာကြေ
စိန်ပန်းတွေတို့၊ ရောထွေပေါင်းယှက်
ကောင်းခြင်းလက်နှင့်၊ ဖန်တီးပေးကြ
လှဆင်ကြသည်
သီလာတက္က၊ ကျွန်းညိုမြေ။

❖ အထင်ကရ၊ တင်စားကြကာ
ရင်မှဆွဲထုတ်၊ ပင်သစ်ပုပ်ဟု
သိမ်းထုပ်သေချာ၊ မြတ်နိုးပါသည်
သစ်ပုပ်ပင်လှ၊ ထင်ကရ။

❖ ဘွဲ့နှင်းသဘင်၊ ဆေးမလွင်လည်း
မြန်ပြည်အလုံး၊ သူသိမ်းကျုံး၍
ရောက်လာသူများ၊ အံ့ဩသွားအောင်
စကားချိုစွာ၊ သူပြောပါသည်
ရင်မှာစွဲကျန်၊ ဘွဲ့နှင်းဟန်။

❖ အသက်တစ်ရာ၊ မနေပါလည်း
တစ်ရာကြုံရ၊ ပြည်တက္က၏
ပွဲရသဘင်၊ ရာပြည့်ခွင်ကို
ဂုဏ်ယူလိုက်ရ၊ ရေးလိုက်ရ၏
ရာပြည့်တက္ကသိုလ်မြကျွန်းညို။

သော်(မြန်မာစာ)

## မြန်မာ့ပင်လယ်ပြင်

**နေပြည်တော် နိုဝင်ဘာ ၃၀**

မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်စဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ကိုးပေခန့်နှင့် မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့်ရှိနိုင်သည်။

မိုး/ဇလ

# အမိတက္ကသိုလ်နှင့် ရင်သို့တိုးငှေ့ဆဲ အမှတ်တရများစွာ ...

**ရန်ကုန်တက္ကသိုလ် ရာပြည့်အထိမ်းအမှတ် ဆောင်းပါးများ နိုင်ငံပိုင်သတင်းစာများတွင် နေ့စဉ်ရက်ဆက် ပါရှိနေသည်။ အများစု ရေးသားကြသူများမှာ တက္ကသိုလ်အသိုင်းအဝိုင်းတွင် ကျင်လည်ခဲ့သော အငြိမ်းစားနှင့် တာဝန်ထမ်းဆောင်ဆဲ တက္ကသိုလ် ဆရာ၊ ဆရာမကြီးများဖြစ်ကြသည်မို့ အမိတက္ကသိုလ်၏ ရင်ခွင်တွင် အချိန်ကြာမြင့်စွာ နားခိုရခဲ့သူများဖြစ်ကာ ပိုမိုရေးသားနိုင်စွမ်းလည်း ရှိကြပါပေသည်ဟု မှဒိတာပွားမိပါသည်။**

ရွှေယဉ်ငြိမ်းချမ်း

အဆိုပါဆောင်းပါးများကို ဒိုင်ခံအားပေးဖတ်ရှုသူမှာ အသက် ၈၇ နှစ်အရွယ်ရှိပြီဖြစ်သည့် ကျွန်မ၏မိခင်ကြီးပင် ဖြစ်ပါသည်။ ဟိုတစ်နေ့ဆီကတော့ ဆရာမ ပုညခင် ရေးသားသည့် "အိမ်မက်တက္ကသိုလ်"ဆိုသည့် ဆောင်းပါးလေးကို မိခင်ကြီး၏ ညွှန်းဆိုမှုကြောင့် ဖတ်ရှုမိရာ တက္ကသိုလ်ကျောင်းတော်ကြီးနှင့် ဆရာမ၏ ပညာရှာမှီးခဲ့ရမှုများအပေါ် ရသဆန်စွာ ရေးသားထားမှုများအား ဖတ်ရှုရတော့ အမိတက္ကသိုလ်ကို ပြန်လည်လွမ်းဆွတ်လာမိပါသည်။

မြန်မာ့ရုပ်မြင်သံကြားကလည်း ၁၆-၁၀-၂၀၂၀ ရက်နေ့မှစ၍ ညတိုင်းအပတ်စဉ်တိုင်းလိုလို ဖြေဖျော်နေသည့် ရန်ကုန်တက္ကသိုလ်နှစ်(၁၀၀)ပြည့်၊ တက္ကသိုလ်ဖွဲ့ တေးသီချင်း အပုဒ် ၁၀၀ ပွဲစဉ်များကိုလည်း ပွဲစဉ်(၁)မှစ၍ အားပေးခဲ့ရာ ဂန္ထဝင်တေးသီချင်းများစွာကို နားဆင်ခဲ့ရသည်။ "တက္ကသိုလ်နန်း၊ မြကျွန်းညိုညိုတက္ကသိုလ်၊ ပုဂံလမ်းက ခရီးသည်၊ တက္ကသိုလ်မှာ ဝေတဲ့နှင်း၊ တက္ကသိုလ်ကျောင်းက ငွေလမင်း၊ ချစ်ရက်ရှည်ရှည်အင်းလျားမြေ" အစရှိသည့် သီချင်းတွေတုန်းကလည်း စိတ်အာဟာရအဖြစ်၊ ပီတိဖြစ်ကာ ကျေနပ်နှစ်သိမ့်ခဲ့ရသည်။

**စိတ်ထဲမှာ အလိုလိုပင် ပျော်ရွှင်လန်းဆန်း**

ပြီးခဲ့သည့် ပွဲစဉ် (၆)တွင်တော့ တေးသံရှင်ကိုင်ဇာ ဦးဆောင်၍ တေးသံရှင်မေဆွိ၊ မေခလာ၊ ဟေမာနေဝင်းတို့ ပါဝင်သီဆိုဖျော်ဖြေသည့် သီချင်းများက ကျွန်မတို့ ရန်ကုန်တက္ကသိုလ်ကြီးသို့ တက်ရောက်ခဲ့ရစဉ် မတိမ်းမယိမ်းကာလများတွင် ခေတ်စားခဲ့သည့် (ယခုခေတ်အခေါ် "ပေါက်" ခဲ့သည့်) တေးသီချင်းများဖြစ်ပြီး အဆိုပါ တေးသံရှင်များသည်လည်း ဟေမာနေဝင်းမှလွဲ၍ သက်တမ်းအရ ကိုယ်တွေနှင့် အရွယ်တူပိုင်းတွေပင် ဖြစ်သည်မို့ စိတ်ထဲမှာ အလိုလိုပင် ပျော်ရွှင်လန်းဆန်းလာမိပါသည်။ နောက်တစ်နေ့ ဖေ့စ်ဘွတ်စာမျက်နှာများတွင် ကျွန်မနည်းတူ ကြိုက်နှစ်သက်သူ များပြားခဲ့ကြောင်း မှတ်ချက် ( Comment ) များအရ တွေ့ရှိရပြီး ရင်းနှီးသူ အချင်းချင်းလည်း အဆိုပါပွဲစဉ်အကြောင်း ပြောဆိုမိကြပါသည်။ မြူးကြွသောတေးသံစဉ်တို့အောက်တွင် ကျွန်မတို့သည် ပြန်လည်နုပျိုသွားကြရ၍ တေးသံရှင် (ကို)ကိုင်ဇာနှင့် ပါဝင်သူ Success တေးဂီတအဖွဲ့သားအားလုံးကို ကျေးဇူးတင်မိပါသည်။

ဆရာမ ပုညခင်နှင့် တေးသံရှင်ကိုင်ဇာတို့က ကိုင်လှုပ်ခဲ့သော အနုပညာစွမ်းအားကြောင့်ပင်လားမသိ၊ ကျွန်မ၏ နှလုံးသားများ ပြန်လည်နိုးကြားလာခဲ့သည်။ လွန်ခဲ့သောနှစ်ပေါင်း ၃၀ ကျော် အမိတက္ကသိုလ်၏ ရင်ခွင်တွင် ခိုနားစဉ်ကာလများဆီသို့ စိတ်အတွေးများက ပျံ့လွင့်လျက် တက္ကသိုလ်ကြီးနှင့်အတူ ယှဉ်တွဲသက်ဝင်ခဲ့သော လှုပ်ရှားမှုအချို့မှာ ကိုယ်တိုင်ပါဝင်ခဲ့ပြီး အချို့မှာ ကိုယ်တိုင်မပါဝင်ခဲ့ရသော်လည်း ဖြတ်သန်းခဲ့ရသော လှုပ်ရှားမှုမြင်ကွင်းများက အတိတ်၏ အရိပ်ပန်းချီကားများသဖွယ် တရေးရေးပြန်လည်မြင်ယောင်လာစေမိပါသည်။

၁၉၇၈ ခုနှစ် မတ်လ၏ ပူပြင်းခြောက်သွေ့သော နွေလများကို ကျော်လွန်ပြီးနောက် ဆယ်ကျော်သက်ဘဝ လူငယ်အများစု၏ အကြောက်လန့်ဆုံးသော အခြေခံပညာ အထက်တန်း စာမေးပွဲကို သင်္ချာဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ပါသည်။ ထိုစဉ်က အထက်တန်း စာမေးပွဲ အောင်မြင်သည်နှင့် တက္ကသိုလ်သို့ တိုက်ရိုက်တက်ရောက်ခွင့်ရသည် မဟုတ်သေးဘဲ ဒေသကောလိပ်တွင် နှစ်နှစ်ထပ်မံတက်ရောက်ပြီးမှ သုံးနှစ်ပေါင်းရရှိသည့် အမှတ်စာရင်းပေါ်မူတည်၍ အမှတ်မီသည့် တက္ကသိုလ်သို့ တက်ရောက်ခွင့်ရမည်ဖြစ်ပါသည်။ ထို့အပြင် သင်္ချာဘာသာတွဲနှင့် ဇီဝဗေဒဘာသာတွဲဟု ပထမနှစ်မှာပင် ခွဲခြားတက်ရောက်စေပြီး သင်္ချာတွဲယူသည့်သူက အမှတ်အမြင့်ဆုံးရပါက စက်မှုတက္ကသိုလ်သို့ တက်ရောက်ခွင့်ရရှိမည်ဖြစ်ကာ ဇီဝဗေဒဘာသာတွဲယူသည့်သူက အမှတ်အမြင့်ဆုံးရပါက ဆေးတက္ကသိုလ်သို့ တက်ရောက်ခွင့်ရရှိမည်ဖြစ်ပါသည်။



မာလာဆောင်။ ဓာတ်ပုံ - တင်စိုး

**တကယ်တော့ ရန်ကုန်တက္ကသိုလ်နယ်မြေသည် ကျွန်မအတွက် အလယ်တန်းပညာသင်အရွယ်ကပင် မစိမ်းခဲ့ပါ။ စာဖတ်ဝါသနာပါသူ မိခင်၏စာပေအမွေကြောင့် ရင်းနှီးဖတ်ရှုခဲ့ရသည့် တက္ကသိုလ်နောက်ခံ ဝတ္ထုများကပေးသော စာတွေ့အသိဖြင့် ငယ်စဉ်အရွယ်ကပင် တက္ကသိုလ်မြကျွန်းသာဆိုသည်ကို ရောက်ဖူးချင်ခဲ့သည်။ မိခင်ဖြစ်သူက မြန်မာစာဘာသာသင်ကြားသူမို့ အခြေခံပညာ အထက်တန်း စာမေးပွဲတွင် စာစစ်ဝင်ရောက်သည့်အခါ နွေရာသီရောက်တိုင်း ရန်ကုန်တက္ကသိုလ်သို့ ဖခင်က ကားဖြင့်လိုက်ပို့တတ်သည်။**

**အမှတ်တရဖြစ်သည့် အချက်များ**

ကျွန်မအနေဖြင့် ငယ်စဉ်ကပင် ဗိသုကာပညာရပ်ကို ဝါသနာပါသူမို့ စက်မှုတက္ကသိုလ်သို့ တက်ရောက်ခွင့်ရရှိရန် ရည်မှန်း၍ သင်္ချာဘာသာတွဲကို ယူခဲ့သည်။ သို့ရာတွင် ကံကြမ္မာက ကျွန်မအား ရန်ကုန်တက္ကသိုလ်ကြီးနှင့် ဆုံတွေ့ခွင့်ကိုပင် ဖန်တီးပေးခဲ့သည်။ ဒေသကောလိပ် ပထမနှစ်တွင် အတန်းတင်စာမေးပွဲနီးချိန်မှ အူရောင်ငန်းဖျား(တိုက်ဖွိုက်) ဖြစ်ပြီး တစ်လခန့် ကျောင်းပျက်၍ စာမေးပွဲကို အနိုင်နိုင် ဖြေဆိုခဲ့ရသည်။ အမှတ်များလည်း မကောင်းခဲ့ပါ။ ဤအချက်ကို ကုစားနိုင်ရန် ဒုတိယနှစ်တွင် လုပ်ငန်းဘာသာရပ်များ ယူရသည့်အခါ ချည်မျှင်လုပ်ငန်း ဘာသာရပ်ကို ကြိုးစားသင်ယူခဲ့ပါသည်။ ဒေသကောလိပ်တက်ရောက်ရသည့် နှစ်များတွင် ကျွန်မအတွက် အမှတ်တရဖြစ်သည့် အချက်များကို ပြောပါဟုဆိုလျှင် နိုင်ငံရေးသိပ္ပံဘာသာရပ်ကို စိတ်ဝင်စားဖွယ် ပို့ချခဲ့သည့် ဆရာကြီး ဒေါက်တာ ကျော်သိန်း၊ စာရေးဆရာမ မစန္ဒာ၏အစ်မ ဆရာမ ဒေါ်သီသီတင် (ဆရာမ၏ ကယားပြည်နယ် စာတတ်မြောက်ရေး အတွေ့အကြုံမျှဝေမှုကို ယနေ့တိုင် မမေ့နိုင်ပါ) ပထမနှစ်တွင် ကျောင်းပျက်၍ မလိုက်နိုင်သည့် ရူပဗေဒ၊ သင်္ချာဘာသာရပ်တို့ကို မိခင်အပေါ် ခင်မင်မှုဖြင့် အိမ်သို့လာရောက်သင်ကြားပေးခဲ့သည့် ဆရာဦးတင့်လွင် (နောင်တွင် ရူပဗေဒဌာနပါမောက္ခ(ငြိမ်း)) တို့သည်လည်းကောင်း၊ ဒုတိယနှစ်တွင် သမိုင်းချည်မျှင်နှင့် အထည်စက်ရုံသို့ လက်တွေ့ကွင်းဆင်းရသည့်အချိန်အချို့နှင့် သော်မဆင်လမ်းထိပ်ရှိ လက်တွေ့ခန်းတွင် ဆေးဆိုးပန်းရိုက်ဘာသာရပ်ကို သင်ကြားရသည့် အချိန်များ၊ ကျောင်းပိတ်ခါနီး ဘာသာရပ်အလိုက် ဆရာကန်တော့ပွဲနှင့် နှုတ်ဆက်ပွဲများ ပြုလုပ်ရန် အီဒင်လမ်းနှင့် လမ်း ၅၀ တစ်ဝိုက် Fun Fair ပွဲလက်မှတ်တွေ လိုက်ရောင်းခဲ့ရသည့် အတွေ့အကြုံများကိုပင် ညွှန်းဆိုရမည်ဖြစ်ပါသည်။

ကျွန်မသည် ဗိုလ်တထောင်မြို့နယ်တွင် နေထိုင်သူမို့ ဒေသကောလိပ် သုံးခုအနက် အမှတ်(၁) ဒေသကောလိပ် (Regional-1) တွင် တက်ရောက်ခဲ့ရသည်။ ကိုင်ဇာက သူတို့တက်ခဲ့ရသည့် (Rc-2) ကို "လိမ္မော်ရောင်တက္ကသိုလ်" ဟု တင်စားသီချင်းစပ်ဆိုမှုကို ကြားရပြန်တော့ ငါတို့ကျောင်းရဲ့အမှတ်တရ သင်္ကေတရော ဘာပါလိမ့်ဟု ပြန်စဉ်းစားမိပါသည်။ ဗာဒံပင်များ ပတ်လည်ဝိုင်းကာ ကျွန်မတို့၏ဖခင်များခေတ်က သက်ကြီးတက္ကသိုလ် (နောင်သော် လုပ်သားများကောလိပ်)ဟု ခေါ်ဝေါ်ခဲ့သည်။ ကျောင်းအဆောက်အဦ၏ ရှေ့ဘက်မျက်နှာစာတွင် ထိုစဉ်ကာလများက ကျောင်းအုပ်ဆရာကြီး ဦးစံရွှေ၏ ရုပ်တုကို အမှတ်တရ ထုလုပ်ထားရှိသည်ကိုသာ အမှတ်ရမိပါသည်။ ဒုတိယနှစ်တွင် ဂုဏ်ထူးလေးဘာသာရရှိသော်လည်း သုံးနှစ်ပေါင်း ရမှတ်ကား မူလရည်မှန်းခဲ့သည့် စက်မှုတက္ကသိုလ်သို့ တက်ရောက်ရန် အခွင့်မသာခဲ့ပေ။ ဒါကြောင့် အဓိပတိလမ်းမကို လျှောက်လှမ်း၍ နာမည်ကျော် ရန်ကုန်တက္ကသိုလ်၏ ရင်ခွင်သို့ ခိုလှုံခွင့်ရခဲ့သည်မှာ ကံကောင်းခြင်းတစ်ခုပင်မဟုတ်ပါလားဟု တွေးမိပါသည်။

တကယ်တော့ ရန်ကုန်တက္ကသိုလ်နယ်မြေသည် ကျွန်မအတွက် အလယ်တန်းပညာသင်အရွယ်ကပင် မစိမ်းခဲ့ပါ။ စာဖတ်ဝါသနာပါသူမိခင်၏ စာပေအမွေကြောင့် ရင်းနှီးဖတ်ရှုခဲ့ရသည့် တက္ကသိုလ်နောက်ခံဝတ္ထုများက ပေးသော စာတွေ့အသိဖြင့် ငယ်စဉ်အရွယ်ကပင် တက္ကသိုလ်မြကျွန်းသာ ဆိုသည်ကို ရောက်ဖူးချင်ခဲ့သည်။ မိခင်ဖြစ်သူက မြန်မာစာဘာသာသင်ကြားသူမို့ အခြေခံပညာအထက်တန်းစာမေးပွဲတွင် စာစစ်ဝင်ရောက်သည့်အခါ နွေရာသီရောက်တိုင်း ရန်ကုန်တက္ကသိုလ်သို့ ဖခင်က ကားဖြင့်လိုက်ပို့တတ်သည်။ ကျွန်မတို့ ညီအစ်မများက အပျော် ကားလိုက်စီးကြသည်။ အမေ့ကို တောင်ငူဆောင်တွင် ချပေးပြီးလျှင် တက္ကသိုလ်ပရဝဏ်ကို အဖေက ကားတစ်ပတ်မောင်း၍ လိုက်ပြတတ်သည်။ ထိုစဉ်က တက္ကသိုလ်ရိပ်သာလမ်းတစ်လျှောက် နွေရာသီကျောင်းပိတ်ရက် လုပ်အားပေး လမ်းစဉ်လူငယ်များအတွက် ပြုလုပ်ပေးသည့် သကြ်န်မဏ္ဍပ်မြင်ကွင်းများကို ပြန်လည်အမှတ်ရမိသည်။ တစ်ခါတစ်ရံ မဏ္ဍပ်များရှေ့ ကားတန်းတွင် ဝင်ရောက်စီတန်းလျက် ရေပက်ခံကြသည်။ အမိတက္ကသိုလ်နှင့်သကြ်န်မဏ္ဍပ်များ၏ပုံရိပ်က "တည်ငြိမ်ခံ့ညားမှုနှင့် ပျော်ရွှင်လွတ်လပ်မှု ရသနှစ်မျိုးကို ပေါင်းစပ်" ပေးထားသည်မို့ မေ့မရနိုင်ပါ။

**နှစ်နှစ်တာ ဖြတ်သန်းမှု**

တက္ကသိုလ်နယ်မြေတွင် ရူပဗေဒဘာသာအဓိက နေ့ကျောင်းသူအဖြစ် နှစ်နှစ်တာ ဖြတ်သန်းမှုက အများသူငါတွေလိုပင် ဖြစ်ပေမယ့် ကိုင်ဇာသီချင်းထဲကလိုပင် သံဆန်ခါခြားထားသည့် လိုင်းကားလည်း စီးခဲ့ဖူးကာ စံရိပ်ငြိမ်ရပ်ကွက်ကို ဖြတ်သန်းလမ်းလျှောက်ပြီးမှ တက္ကသိုလ်ပရဝဏ်ထဲရောက်၊ ထိုမှတစ်ဆင့် ဂျပ်ဆင်၊ အနုပညာခန်းမ၊ အားကစားရုံ၊ RC အပန်းဖြေရိပ်သာ၊ တက္ကသိုလ်စာကြည့်တိုက်တို့ကို တစ်ဆင့်စီကျော်ဖြတ်ပြီးမှ အင်းလျားကန်နှင့် အနီးဆုံး ရူပဗေဒစာသင်ခန်းမများဆီသို့ ရောက်ရှိတာမို့ ယခုပြန်တွေးကြည့်တော့ သူ့အလိုလိုပင် လမ်းလျှောက်လေ့ကျင့်ခန်း (Walking Exercise) ယူခဲ့သည့်အလား ထင်မှတ်မိပါသည်။ **စာမျက်နှာ ၂၁ သို့** ❖

❖ စာမျက်နှာ ၂၀ မှ

ဒေသကောလိပ်(၁)မှ တွဲလာသည့် သူငယ်ချင်းတွေနှင့် ယှဉ်သည့်ဘာသာရပ်တူသူရှိသလို ကွဲပြားသူများလည်းရှိသည်မို့ ကျွန်မတို့ခေတ်က ပညာရေးစနစ်သည် သူငယ်ချင်း အများအပြားရရှိစေခဲ့သလားဟု စေ့ငုမိပါသည်။ သို့ရာတွင် လေးနှစ်တာတက်ခဲ့ရသော သူများလောက် ရင်းနှီးသက်တမ်းရှည်ကြာမှုကို မရခဲ့သည်တော့ အမှန်ပါ။ ရန်ကုန်တက္ကသိုလ် အပါအဝင် ထိုစဉ်ကာလများက အဆင့်မြင့်ပညာ ဆည်းပူးသူအားလုံးနီးပါး ပါဝင်ခဲ့သော လှုပ်ရှားမှုတစ်ခုမှာတော့ နိုင်ငံတော်အစီစဉ်ဖြင့် ဆောင်ရွက်ခဲ့သည့် "စာတတ်မြောက်ရေး' လုပ်အားပေးခရီးစဉ် ဖြစ်ပါသည်။

**လိုက်ပါခွင့်ရရှိ**

တက္ကသိုလ် နောက်ဆုံးနှစ် ရောက်ချိန်တွင် ကျွန်မလည်း အဆိုပါလှုပ်ရှားမှုတွင် ပါဝင်ခွင့်ရရန် မိဘများကို ပူဆာရပါသည်။ ပထမတော့ ခွင့်ပြုချက်မရသေးပါ။ ဘယ်သူတွေပါမလဲ၊ ဘယ်ကိုသွားမှာလဲ စသဖြင့် စိုးရိမ်စိတ်ဖြင့် မေးမြန်းနေသော မိဘတို့အား ဩဇာညောင်းသူ ဘကြီးဖြစ်သူက "မင်းတို့သမီး တစ်ယောက်တည်း အသက်ပါတာမဟုတ်ဘူး၊ လွှတ်လိုက်" ဟု ခွင့်ပြုချက်ရသည့်အခါ စာရင်းသွားပေးတော့ "ရေး" မြို့နယ်သို့ လိုက်ပါခွင့်ရရှိပါသည်။ ရေးမြို့နယ်သည် မွန်ပြည်နယ်အတွင်း မီးရထားလမ်းဆုံး မြို့တစ်မြို့ဖြစ်ကာ ထိုစဉ်ကာလက လုံခြုံရေးအဆင့် (အညိုရောင်နယ်မြေ) ဟု သတ်မှတ်ထားရသေးသည့် အချိန်ဖြစ်ပါသည်။

ကျွန်မတို့ လူငယ်တွေအတွက်တော့ ဒါတွေကိုမသိ၊ မိဘရင်ခွင်မှဝေးရာဒေသသို့ ခွဲခွာကာ စွန့်စားခရီးထွက်ခွင့်ရရှိမှုသည် ထီပေါက်သလို ခံစားမှုဖြစ်ခဲ့သည်။ ရန်ကုန်မှ တစ်ဆင့် မော်လမြိုင်၊ မော်လမြိုင်မှ ရေးသို့ မီးရထား၊ သဘော်၊ မော်တော်ယာဉ်ကြီးများ စီးလျက် ခရီးအဆင့်ဆင့် သွားခဲ့ရသော်လည်း မောပန်းသည်ဟု မထင်၊ လွတ်လပ်ပျော်ရွှင်ခဲ့ရသည်။ ဒေသခံတွေနှင့် ရင်းနှီးခင်မင်စွာ အလိုက်သင့်နေထိုင်တတ်သည့် အတွေ့အကြုံရခဲ့သည်။ သူတို့၏ ပွင့်လင်းသော တုံ့ပြန်မှုများအောက်တွင် တစ်လကြာကာလကို ခဏတာသာ မှတ်ထင်ခဲ့ရသည်။ မြို့ပေါ်ရပ်ကွက်များတွင် မိန်းကလေးများနေရာချထား၍ ယောကျ်ားလေးများက ရွာလေးများသို့ တာဝန်ကျခဲ့ကြသည်။ သကြ်ံန်ပိတ်ရက်နှင့်တိုက်ဆိုင်သဖြင့် "ထော်လာဂျီကား" ကိုစီး၍ ရွှံ့ရေနောက်နောက်ဖြင့် ရေပက်ခံထွက်ခဲ့ရခြင်းနှင့်အတူ မွန်ရိုးရာ ဖယောင်းတိုင်နံ့သင်းသည့် ရေဆမ်းထမင်းနှင့် ငါးခြောက်ထောင်း၊ စင်ပြွမ်းသီးသုပ်တို့၏ လိုက်ဖက်လှသော အတွဲအဖက်က စားမြိန်လှသည်။ ဇီးဖြူသောင်၊ မေ့ကနင် အစရှိသည့် ကျေးရွာများသို့ ဒေသန္တရခရီးထွက်ခြင်းဖြင့်လည်း ဒေသန္တရဗဟုသုတများကိုရရှိစေပြီး စာသင်သား အဒေါ်ကြီးများ၏ " ဝ၊ ထ၊ က၊ လ၊ သ" ဟူသော စာအံသံနှင့် "ကြိုက်မှ ကြိုက်။ ချမ်းမှချမ်း" အစရှိသည့် မွန်စကားအသုံးအနှုန်းအချို့ကို သင်ကြားပေး၍ ဘာသန္တရဗဟုသုတကိုလည်း ရရှိ စေပါသည်။ ဒူးရင်းသီးပေါသော အရပ်ဒေသမို့ ဧည့်ခံသည့်အခါ "နင်အောင်စားပါ (ဝအောင်စားပါ)" ဟူသော ဖော်ရွေမှုက ကျွန်မတို့ တက္ကသိုလ်ကျောင်းသူဘဝရရှိခဲ့သည့် ဘဝအတွေ့အကြုံများဖြစ်ပါသည်။ စာတတ်မြောက်ရေး လုပ်အားပေးကာလပြီးဆုံးချိန်တွင် ရရှိခဲ့သည့် ဂုဏ်ပြုလက်မှတ်လေးသည်လည်း လူငယ်ဘဝတွင် စတင်ခြေလှမ်းခဲ့ရသည့် လူမှုရေးအကျိုးပြုလုပ်ငန်း၏ မှတ်ကျောက်သဖွယ် ယခုတိုင်မြတ်နိုးစွာ သိမ်းဆည်းထားရဆဲဖြစ်ပါသည်။

ရန်ကုန်တက္ကသိုလ်တွင် ကျောင်းသားကျောင်းသူတို့ ပါဝင်လှုပ်ရှားခွင့် ရရှိခဲ့သည့် နောက်ထပ် အသင်းအဖွဲ့များမှာ အနုပညာအသင်း၊ ခြေလျင်တောင်တက်အသင်းနှင့် တက္ကသိုလ်အရန်တပ်ရင်းတို့ဖြစ်ပါသည်။ ကျွန်မတို့ကိုယ်တိုင် ပါဝင်လှုပ်ရှားမှုမရှိခဲ့သော်လည်း အစ်ကိုဝမ်းကွဲများက ထိုထိုသောလှုပ်ရှားမှုများတွင် ပါဝင်သည်မို့ သူတို့မှတစ်ဆင့် အားကျ နားဆင်ခဲ့ရသည်။ ရန်ကုန်တက္ကသိုလ်၏ နှစ်စဉ်ထုတ်ဝေသော နှစ်ပတ်လည်မဂ္ဂဇင်းကလည်း တက္ကသိုလ်ကျောင်းတော်သူကျောင်းတော်သားတို့၏ အနုပညာအရည်အသွေးကို မြေစမ်းခရမ်းပျိုးခွင့်ရသည့် လေ့ကျင့်ရေးကွင်း ဖြစ်ခဲ့သည်။ တစ်ခါတစ်ရံသော နှစ်များတွင် မဂ္ဂဇင်းစာအုပ်မျက်နှာဖုံးသရုပ်ဖော်ပုံများ၏ အနက်အဓိပ္ပာယ်ကို ပဟေဠိဆန်ဆန် ဖွင့်ဆိုခဲ့ကြရသည်မှာလည်း ရင်ခုန်စရာ အတွေ့အကြုံတစ်မျိုးဖြစ်ပါသည်။

**လက်တစ်ကမ်းမှာပင် ရှိနေခဲ့**

၁၉၈၂ခုနှစ် နှစ်ကုန်ချိန်တွင်တော့ ကျွန်မ၏ တက္ကသိုလ်ကျောင်းသူဘဝ "ပထမအကြိမ်" ပြီးဆုံးခဲ့ပါသည်။ သို့ရာတွင် ရန်ကုန်တက္ကသိုလ်နယ်မြေနှင့် ဝေးရာဆီကိုတော့ ကံကြမ္မာက ပို့မပစ်သေးပါ။ ၁၉၈၃ ခုနှစ် အလုပ်ရသည့်အခါ ကမာရွတ်နယ်မြေ ဟံသာဝတီအဝိုင်းတွင် ရုံးတည်ရှိသည့် နိုင်ငံတော်ကောင်စီရုံးတွင် စာရေးဝန်ထမ်းအဖြစ် စတင်ဝင်ရောက်ရ၍ ဖြစ်ပါသည်။ ရုံးခြံဝင်းနှင့် ကပ်လျက်လည်း ပညာရေးတက္ကသိုလ်၊ အဆင့်မြင့် ပညာဦးစီးဌာန၊ လိပ်ခုံး ဆေးတက္ကသိုလ်၊ ပြည်၊ တကောင်း အစရှိသည့် တက္ကသိုလ်အဆောင်များ၊ တက္ကသိုလ်ဆေးရုံစသဖြင့် မလှမ်းမကမ်းစီတွင် အစီအရီတည်ရှိနေရာ တက္ကသိုလ်၏ အငွေ့အသက်သည် လက်တစ်ကမ်းမှာပင်ရှိနေခဲ့ပါသည်။

ရုံးအဆင်း ညနေဘက်များတွင် လှည်းတန်း၌ ဖွင့်လှစ်ထားသော ဆရာကြီး ဦးခင်မောင်လတ်၊ ဆရာမကြီး ဒေါ်ခင်မျိုးချစ်မောင်နံ့၏ အင်္ဂလိပ်စာသင်တန်း၊ နောင်တွင် ဆရာ ဦးမြကြိုင်၏ အင်္ဂလိပ်စာသင်တန်းတို့ကို ဆက်လက်ဆည်းပူးခွင့်ရခဲ့သည်။ ထိုစဉ်က ဘွဲ့ရပြီး လူငယ်များသည် ရာထူးဝန်မှ ခေါ်ယူသော အလုပ်စာမေးပွဲများကို ဖြေဆိုခြင်းနှင့် စာရင်းကိုင် ဒီပလိုမာ(DA)၊ မှတ်ပုံတင်ရှေ့နေ(RL) သင်တန်းတို့ကိုလည်း တက်ရောက်လေ့ရှိရာ ပညာရေးတက္ကသိုလ်အဆောင်များတွင် နံနက်ပိုင်းဖွင့်လှစ်သည့် RL သင်တန်းကိုလည်း တက်ရောက်ခဲ့၍ ကျွန်မအတွက် တက္ကသိုလ်နယ်မြေသည် "ဝေးမသွားနဲ့ .... အချစ်ဆုံး" ဆိုသည့် နယ်ဖြစ်ခဲ့ပါသည်။ သို့ရာတွင် ၁၉၈၈ ခုနှစ် အရေးအခင်းဖြစ်ပွားပြီးနောက် သင်တန်းများ ထပ်မံမဖွင့်လှစ်၍ RL ပညာရေးသည် ပထမနှစ်သာ အောင်မြင်ပြီး တစ်ပိုင်းတစ်စရပ်တန့်ခဲ့ရပြန်ပါသည်။

**ကြိုးစားတက်ရောက်ခဲ့**

၁၉၉၁ ခုနှစ်တွင် အရာရှိငယ်ဘဝသို့ ရောက်ရှိချိန်မှစ၍ အမိတက္ကသိုလ်နှင့် ခပ်စိမ်းစိမ်းရှိခဲ့ရာမှ ၂၀၀၅ ခုနှစ်ဦးတွင် ဒုတိယအကြိမ်မြောက် ပြန်လည်ခြေချခွင့်ရရှိခဲ့ပါသည်။ ရုံးမှ လုပ်ဖော်ကိုင်ဖက်တစ်ဦးက ရန်ကုန်တက္ကသိုလ် မာလာဆောင်တွင် ပညာရေးဝန်ကြီးဌာနမှ ဖွင့်လှစ်သော အင်္ဂလိပ်စာဒီပလိုမာသင်တန်းသို့ တက်ရောက်ရန် လျှောက်လွှာများ ယူလာပြီး အတူတက်ရောက်ရန် စည်းရုံးသောကြောင့် ဖြစ်ပါသည်။ သင်တန်းကာလမှာ Basic မှသည် Advanced အထိ သုံးလစီ ငါးပိုင်းတက်ရောက်ရမည်ဖြစ်ရာ မိမိ၏ အသက်အရွယ်နှင့် တာဝန်အရ သင်တန်းပြီးဆုံးအောင် တက်နိုင်ပါ့မလားဟု စိုးရိမ်မိသော်လည်း စနေ၊ တနင်္ဂနွေအချိန်ကို ရွေးချယ်ကာ ကြိုးစားတက်ရောက်ခဲ့ပါသည်။

ရန်ကုန်တက္ကသိုလ်နယ်မြေသို့ နှစ်ပေါင်း ၂၀ ကျော်မှ ပြန်လည်ရောက်ရှိသော အရသာကား ဆယ်ကျော်သက်အရွယ်နှင့် ခံစားချက်ချင်း မတူတော့သော်လည်း စိတ်အားဖြင့် နုပျိုဆဲ ဖြစ်ပါသည်။ တက်ရောက်ကြသည့် သင်တန်းသားအများစုမှာ ဝန်ထမ်းများမို့ ဌာနဆိုင်ရာ မိတ်ဆွေအပေါင်းအသင်းများ ထပ်မံရရှိကာ ပေါင်းသင်းဆက်ဆံရေးလူမှုကွန်ရက် ကျယ်ပြန့်စေပါသည်။ သင်တန်းကို Pre Intermediate Level တက်ရောက်နေဆဲ နိုင်ငံတော်၏ အစီအစဉ်အရ အစိုးရရုံးများ နေပြည်တော်သို့ ပြောင်းရွှေ့ရုံးဖွင့်လှစ်ကြရသည်။ ကျွန်မဘဝ၌ ဖြစ်တတ်သော သဘောတရားအရ ဒီတစ်ခါလည်း ပညာရေးဆုံးခန်းတိုင် မသင်ယူနိုင်ဖြစ်ဦးမည်လားဟု အားငယ်ခဲ့ရပါသည်။ သို့သော် ရဟန်းကြီး ဦးကျည်ပွေ့ထုံးနှလုံးမူကာ နေပြည်တော်မှ ရန်ကုန်မြို့သို့ အပတ်စဉ် သောကြာနေ့တိုင်း မန္တလေးမှ ထွက်ခွာလာသော 6 down အမြန်ရထားကြီးကို စုန်ဆန်စီး၍ ဖွဲမာန်တင်း တက်ရောက်ခဲ့ရာ ၂၀၀၆ ခုနှစ်ကုန်တွင် သင်တန်းအောင်မြင်စွာပြီးဆုံးခဲ့ပါသည်။ ထိုစဉ်က အဆိုပါသင်တန်းကို ဒီပလိုမာဘွဲ့ပေးအပ်နိုင်သည်အထိ ဦးဆောင်စီမံပေးခဲ့ပါသော ကျောင်းအုပ်ကြီးဒေါက်တာဦးမျိုးမြင့် (ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန) (ကွယ်လွန်)ကိုလည်း ဤစာစုရေးသားနေချိန်တွင် သတိရကျေးဇူးတင်နေမိပါသည်။

ကျွန်မတို့ အသက်၂၀ ကျော် ပထမအကြိမ် ဘွဲ့ယူစဉ်ကာလက ၁၉၈၄ခုနှစ် နွေနှောင်း မိုးဦးကာလဖြစ်ပါသည်။ ဘွဲ့နှင်းသဘင်ခန်းမထဲသို့ မဝင်မီ မိုးရိပ်ဆင်သည့် ရာသီဥတုအောက်ဝယ် ဟိုမှသည်သို့ ကူးလူးကာ မိဘမောင်ဘွား၊ သူငယ်ချင်းများနှင့်အတူ ဓာတ်ပုံရိုက်ကြ၊ စကားတွေဖောင်ဖွဲ့ဖြင့် ကျောင်းအပြီး တစ်နှစ်ကျော်ခွဲခွာနေရသောကာလအတွက် အတိုးချကာ အလွမ်းသယ်ခဲ့ကြသည်။ ဘွဲ့နှင်းသဘင်ခန်းမအတွင်း ပါမောက္ခချုပ်၏ မောင်တို့မယ်တို့ အစချီသော ဆုံးမစကားကို နာယူလျက် ဘွဲ့အပ်နှင်းပွဲပြီးချိန်တွင် အားအင်သစ်တို့ဖြင့် လောကအပြင်သို့ ရောက်ရှိခဲ့ကြသည်။ မိုးဦးကာလ ကြဲဖြန့်လိုက်သော မိုးရေစက်တို့သဖွယ် လောကကို ကိုယ်စီနေရာအသီးသီးမှ အလှဆင်ခဲ့ကြပါသည်။

**ယခုထက်တိုင် တိုးဝှေ့နေရာယူဆဲ**

နှစ် ၂၀ ကျော် ကြာမြင့်ပြီးချိန် ဒုတိယအကြိမ်အမိတက္ကသိုလ်၏ ရင်ခွင်သို့ ဖွဲမာန်တင်း၍ ဝင်ရောက်ခဲ့ပြီး ထပ်မံဘွဲ့ယူရသည့်ကာလမှာ ဆောင်းရာသီဖြစ်ပါသည်။ ငွေနှင်းမှုန်မှုန်တို့အောက်တွင် ဒီတစ်ခါဘွဲ့ယူချိန်၌ မိဘမောင်ဘွားတို့အစား ခင်ပွန်း၊ ဇနီး၊ သားသမီးနှင့် ကိုယ်စီရှိခဲ့သူကရှိသလို တွဲဖက်ဓာတ်ပုံရိုက်ကြပြန်သည်။ မိတ်ဆွေသူငယ်ချင်းများ အချင်းချင်းလည်း အုပ်စုဖွဲ့ကာ ဓာတ်ပုံရိုက်ကြသည်။ ရာသီတွေမည်သို့ပင်ပြောင်းစေကာမူ ရန်ကုန်တက္ကသိုလ် ပရဝဏ်နယ်မြေတွင် ဤသည်သော မြင်ကွင်းတို့ကား ပြောင်းလဲသွားမည်မဟုတ်ပါ။ ရန်ကုန်တက္ကသိုလ် ကျောင်းတော်ကြီး၏ သက်တမ်းသည် နှစ်တစ်ရာသို့ တိုင်ခဲ့ပြီဖြစ်ပါသည်။ ပါဝင်သရုပ်ဆောင်သည့်သူများသာ အလဲလဲအဖန်ဖန် ပြောင်းလဲသွားသော်လည်း မပြောင်းလဲသော အမိတက္ကသိုလ်၏ အမှတ်တရများကား ကျွန်မ၏ ရင်သို့ ယခုထက်တိုင် တိုးဝှေ့နေရာယူဆဲ ဖြစ်ပါတော့သည်။



ရန်ကုန်တက္ကသိုလ် ခြေလျင်တောင်တက်အဖွဲ့များ၏ မှတ်တမ်းဓာတ်ပုံ။



## ဆောင်းပါးရှင်၏ အတ္ထုပ္ပတ္တိအကျဉ်း

အမည်ရင်းမှာ ဆွေဆွေနိုင် ဖြစ်သည်။

၁၉၆၂ ခုနှစ်တွင် မွေးဖွား၍ ရန်ကုန်ဇာတိ ဖြစ်သည်။ ငယ်စဉ်က အထက(၄) ပုဇွန်တောင်တွင် ပညာဆည်းပူးခဲ့၍ ၁၉၇၈ခုနှစ်တွင် အထက(၅) ဗိုလ်တထောင်မှ အခြေခံပညာအထက်တန်း အောင်မြင်သည်။

ရန်ကုန်တက္ကသိုလ်မှ ၁၉၈၂ ခုနှစ်တွင် ရူပဗေဒ အဓိကဖြင့် ဘွဲ့ရသည်။ ၂၀၀၅ ခုနှစ်တွင် ပညာရေးဝန်ကြီးဌာန လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးဦးစီးဌာန၏ အစီအစဉ်ဖြင့် ဖွင့်လှစ်သော အင်္ဂလိပ်စာဒီပလိုမာသင်တန်းသို့ တက်ရောက်၍ ဒီပလိုမာဘွဲ့ရရှိသည်။ ၁၉၈၃ ခုနှစ်မှစ၍ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ရာ လက်ရှိတွင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် ဒုတိယညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိပါသည်။

## ဆွာချောင်းအတွင်း နစ်မြုပ်လျက်ရှိသော ဒုတိယကမ္ဘာစစ်လက်ကျန်ရထားတွဲကို တူးဖော်ထိန်းသိမ်းသင့်

**ရေတာရှည် နိုဝင်ဘာ ၃၀**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာမင်းလမ်းကျေးရွာအုပ်စု တံတားကြီးကျေးရွာမြောက်ဘက် ရန်ကုန်-မန္တလေးရထားလမ်း ဆွာချောင်းဖြတ်



တံတားနှစ်စင်း၏ အရှေ့ဘက်၌ ဒုတိယကမ္ဘာစစ်ကာလ ရထားလမ်းတံတားကြီးကို လေယာဉ်ဖြင့် ဗုံးကြဲဖျက်ဆီးစဉ်က ချောင်းအတွင်းနစ်မြုပ်ခဲ့ရသော ရထားတွဲပျက်ကြီးမှာ နှောင်းလူငယ်များနှင့် စိတ်ဝင်စားသူများ ကြည့်ရှုလေ့လာနိုင်ရန် တူးဖော်ပြသထားသင့်ကြောင်း သုံးသပ်ပြောကြားမှုများ ရှိနေသည်။

ရထားတွဲမှာ ကုန်တင်တွဲအမျိုးအစားဖြစ်ကာ လက်ရှိ ချောင်းရေနည်းပါးချိန် ပေါ်နေသည့်အနေအထားအရ ရထားတွဲဘေးအကာများတွင် ကျည်သင့်ထားသောနေရာ ၁၀ နေရာမက တွေ့ရှိပြီး ယခုနှစ်တွင် ရထားဘီးပင်ပေါ်နေသည်ကို တွေ့ရှိရခြင်းဖြစ်သည်။

"ဟိုးအရင်က မီးရထားဘက်က လာကြည့်ကြတာရှိတယ်၊ တူးဖော်ရင် တံတားအုတ်တိုင်ဧရိယာနဲ့ မလွတ်ဘူးဆိုပြီး ဒီအတိုင်းပဲထားလိုက်ကြတယ်၊ တကယ်တမ်းမှာတော့ အုတ်တိုင်နဲ့ အဝေးကြီးပါ၊ ကြည့်မယ်ဆိုရင်သိသာပါတယ်၊ ဒီလို စစ်ကျန်ပစ္စည်းတွေဆိုတာ သမိုင်းဝင်ပါပဲ၊ တူးဖော်ပြသသင့်ပါတယ်" ဟု တံတားကြီးကျေးရွာနေ ဒေသခံတစ်ဦးက ပြောကြားသည်။

**ကိုလွင်(ဆွာ)**



## မတ္တရာမြို့ မြို့မဈေး မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

**မတ္တရာ နိုဝင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် မြို့မဈေးကြီး မီးဘေးကြိုတင်ကာကွယ်ရေးနှင့် မီးဘေးလုံခြုံရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်မီးသတ်တပ်ဖွဲ့တို့ ပူးပေါင်းဇာတ်တိုက်လေ့ကျင့်ခြင်းကို နိုဝင်ဘာ ၂၉ ရက် နံနက် ၉ နာရီက အဆိုပါဈေးအတွင်း၌ ဆောင်ရွက်ခဲ့ကြသည်။

မြို့နယ်မီးသတ်တပ်ဖွဲ့မှ ဒုတိယဦးစီးမှူး ဦးမင်းမျိုးထွန်းက အရေးပေါ်မီးသတ်ဆေးဘူးအသုံးပြု၍ မီးငြိမ်းသတ်ခြင်းကို ရှင်းလင်းပြောကြားခဲ့ပြီး မြို့နယ်မီးသတ်တပ်ဖွဲ့နှင့် မြို့မဈေးတာဝန်ရှိသူများပူးပေါင်း၍ မီးသတ်ယာဉ်ဖြင့် မီးငြိမ်းသတ်ခြင်းများကို ဆောင်ရွက်ခဲ့ပြီး မြို့မဈေးအတွင်း၌ မီးသတ်ရေကန်ထားရှိမှု အခြေအနေများကို စစ်ဆေးခဲ့ကြသည်။

အဆိုပါ မီးဘေးကြိုတင်ကာကွယ်ရေး ပူးပေါင်းဇာတ်တိုက်လေ့ကျင့်မှုတွင် မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဈေးအကျိုးတော်ဆောင်များနှင့် မြို့မဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**စိုးကျော်သူထွေး(မတ္တရာ)**

## ကော့သောင်းမြို့တွင် တစ်ပိုင်တစ်နိုင် ငါးခြောက်လုပ်ငန်းလုပ်ကိုင်သူများ စီးပွားရေးအဆင်ပြေ

**ကော့သောင်း နိုဝင်ဘာ ၃၀**

ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်မှုကာလအတွင်း ကော့သောင်းမြို့တွင် ငါးခြောက်လုပ်ငန်းလုပ်ကိုင်သူဒေသခံများ ဝင်ငွေကောင်းကာ စီးပွားရေးအထိုက်အလျောက်အဆင်ပြေလျက်ရှိကြောင်း နိုဝင်ဘာ ၃၀ ရက်က သိရသည်။

ကော့သောင်းမြို့နေ ဒေသခံအခြေခံလူတန်းစားထက်ဝက်ကျော်သည် ပင်လယ်ရေလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသူအများစုဖြစ်ကြပြီး ရောဂါထိန်းချုပ်မှုကာလအတွင်း ကမ်းဝေးငါးဖမ်းလှေတချို့ ရပ်နားထားသော်လည်း မြို့နေပြည်သူများ နေ့စဉ်စားသုံးရန် လိုအပ်သည့် ပင်လယ်ငါးများကို ကမ်းနီးငါးဖမ်းလှေငယ်များက လုပ်ကိုင်ဖြည့်ဆည်းပေးလျက်ရှိသည်။



ကမ်းနီးငါးဖမ်းလုပ်ငန်းသည် ယခင်ကာလများက မြို့နေပြည်သူစားသုံးမှု လိုအပ်ချက်ထက်ပိုလျှံသဖြင့် ထိုင်းနိုင်ငံငါးဈေးကွက်သို့ တင်ပို့ရောင်းချမှုဖြင့် စီးပွားရေးအဆင်ပြေခဲ့ကြသော်လည်း ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်မှုလုပ်ငန်းများကြောင့် ထိုင်း-မြန်မာ နယ်စပ်ရေထွက်ကုန်များ တင်ပို့ရောင်းချခွင့်ရပ်နားထားရာ ကမ်းနီးငါးဖမ်းလုပ်ငန်းလုပ်ကိုင်သူများ စီးပွားရေးအခက်အခဲတချို့ ဖြစ်ပေါ်မှုများရှိသော်လည်း ပြည်ပသို့တင်ပို့ခွင့်မရသည့် ငါးများအား မြို့နေပြည်သူများ နေ့စဉ်စားသုံးမှုမှ ပိုလျှံသည့် ပင်လယ်ငါးများကို အခြောက်လှမ်းကာ ငါးခြောက်လုပ်ငန်းအဖြစ် လုပ်ကိုင်ရောင်းဝယ်မှုကြောင့် ရေလုပ်ငန်းလုပ်ကိုင်သူ အခြေခံလူတန်းစားများ ဝင်ငွေအထိုက်အလျောက်ရရှိကာ စီးပွားရေးအဆင်ပြေလျက်ရှိသည်။

ကမ်းနီးငါးဖမ်းလှေများမှ ဖမ်းယူရရှိသည့် ပင်လယ်ငါးတစ်မျိုးဖြစ်သည့် ဒေသအခေါ် အရိုးစိမ်းငါးခြောက်တစ်ပိဿာလျှင် ပေါက်ဈေးကျပ် ၁၅၀၀၀ ကျော်ခန့်ရှိပြီး ပိုမိုကောင်းမွန်သည့် ဇလုံးငါးခြောက်တစ်ပိဿာလျှင် ကျပ် ၂၀၀၀၀ကျော်အထိ ရောင်းချရကြောင်း၊ ရောင်းချသူများအနေဖြင့်လည်း ငါးအစိုရောင်းချရာတွင် ရက်ကြာပါက ပုပ်သိုးဆုံးရှုံးမှုများကြုံရပြီး ငါးခြောက်မှာ တာရှည်အထားခံရောင်းချနိုင်သဖြင့် ဆုံးရှုံးမှုနည်းပါးကာ ငါးအစိုထက် ငါးခြောက်က ရက်ကြာစွာထားရှိစားသုံးနိုင်သဖြင့် အခြေခံလူတန်းစားမိသားစုများအတွက်လည်း ပိုမိုအဆင်ပြေကြောင်းသိရသည်။

**ကျော်စိုး**
**(ကော့သောင်း)**

## ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းကျေးရွာများရွေးချယ်

**ဖောင်းပြင် နိုဝင်ဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ဖောင်းပြင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ကျေးရွာများ ရွေးချယ်ခြင်းကို နိုဝင်ဘာနောက်ဆုံးပတ်က မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပသည်။

မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအွမ်တမ်ဟုန်းက ဌာနအနေဖြင့် မြို့နယ်အတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိသောကျေးရွာများနှင့် VDP စီမံကိန်းကျေးရွာများရွေးချယ်ရာတွင် ပါဝင်ရမည့်အချက်များကို ရှင်းလင်းပြောကြားပြီး ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်၊ အမှတ်(၁)တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ စိစစ်ရွေးချယ်ပေးခဲ့ကြသည်။

အဆိုပါစီမံကိန်းအတွက် ကျေးရွာတစ်ရွာလျှင် နိုင်ငံတော်ကငွေကျပ်သိန်း ၁၀၀ ထောက်ပံ့ပေးပြီး ကျေးရွာနေပြည်သူများက ဖွံ့ဖြိုးရေးလုပ်ငန်းကို ပိုမိုဆောင်ရွက်နိုင်ရန် ငွေအားသော်လည်းကောင်း၊ လုပ်အားသော်လည်းကောင်း ဖြည့်စွက်လုပ်ဆောင်ရမည့်စီမံကိန်းဖြစ်ကြောင်း အဆိုပါဌာနမှ သိရသည်။

**ကိုထွန်း (ဖောင်းပြင်)**

## ဘောလခဲမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နိုင်ရေး ကြည့်ရှုစစ်ဆေး

**ဘောလခဲ နိုဝင်ဘာ ၃၀**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် နယ်စပ်ဒေသဖွံ့ဖြိုးရေးအတွက် အခြေခံအကျဆုံးဖြစ်သည့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍကောင်းမွန်စေရေးကိုအဓိကထားဆောင်ရွက်လျက်ရှိရာ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး (ပြည်ထောင်စု) ရန်ပုံငွေကျပ် ၂၁၅ ဒသမ ၇၇၈ သန်းဖြင့် ဘောလခဲမြို့နယ်အတွင်းရှိ စွပ်ပိုင်-ဟွေအော့-ဟွေအွန်-ဟွေပုံလောင်း ကျေးရွာချင်းဆက် မြေသားလမ်း အကျယ်ချဲ့ခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို နိုဝင်ဘာနောက်ဆုံးပတ်က ဘောလခဲခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးကိုကိုနိုင်နှင့်အဖွဲ့က ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

စွပ်ပိုင်-ဟွေအော့-ဟွေအွန်-ဟွေပုံလောင်းကျေးရွာချင်းဆက်လမ်းသည် အရှည် ၂၄ မိုင်ရှိပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် နယ်စပ်ဒေသဖွံ့ဖြိုးရေး (ပြည်ထောင်စု) ရန်ပုံငွေဖြင့် မြေသားလမ်းအရှည် ၇ မိုင် ၃ ဖာလုံဖောက်လုပ်ခြင်း၊ ကျောက်လမ်း သုံးဖာလုံနှင့် မြေသားလမ်း အရှည်တစ်မိုင် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်ခြင်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင်ဘေလီတံတား ပေ ၅၀ နှစ်စင်းနှင့် Box Culvert ခြောက်စင်းတည်ဆောက်ခြင်းလုပ်ငန်းများဆောင်ရွက်ပြီးစီးခဲ့ပြီး ယခုဘဏ္ဍာနှစ်တွင် မြေသားလမ်း အရှည်ငါးမိုင် ချဲ့ခြင်းလုပ်ငန်း၊ ကျောက်တောင်မိုင်းခွဲခြင်း နှစ်ဖာလုံနှင့် မြေထိန်းနံရံ ပေ ၃၀၀ တည်ဆောက်ခြင်းလုပ်ငန်းများဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေကို ဒုတိယညွှန်ကြားရေးမှူး ဦးကိုကိုနိုင်နှင့်အဖွဲ့က ကွင်းဆင်းစစ်ဆေးခြင်းဖြစ်သည်။

အဆိုပါ ကျေးရွာချင်းဆက်လမ်းသည် ဘောလခဲမြို့နယ် နယ်စပ်အစွန်အဖျားတွင်ရှိကာ ရှားတောမြို့နယ်၊ မယ်စဲ့မြို့နယ်တို့နှင့် နယ်နိမိတ်ထိစပ်လျက်ရှိပြီး ထိုင်းနိုင်ငံ ဘီပီ (၁၀) ဟွေလွေကျေးရွာမှတစ်ဆင့် မယ်ဟောင်ဆောင်မြို့သို့ သွားရောက်နိုင်မည်ဖြစ်ရာ ယင်းလမ်းပြီးစီးပါက ခရီးသွားလုပ်ငန်းနှင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်းဖြင့် နယ်စပ်အစွန်အဖျားရှိ တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်**
**(ပြန်/ဆက်)**



## မြောက်ဦးမြို့၌ တန်ဆောင်မုန်းလပြည့်နေ့ ဆီမီးထွန်းပူဇော်ပွဲနှင့် သင်ပုန်းဆွမ်းကပ်လှူပွဲ ကျင်းပ

**မြောက်ဦး နိုဝင်ဘာ ၃၀**

ရခိုင်ပြည်နယ် မြောက်ဦးမြို့တွင် တန်ဆောင်မုန်းလပြည့်နေ့အခါသမယအတွင်း မြို့ပေါ်နေပြည်သူများမှ ဆီမီးထွန်းပူဇော်ခြင်းနှင့် သင်ပုန်းဆွမ်းကပ်လှူပူဇော်ပွဲတို့ကို နိုဝင်ဘာ ၂၉ ရက်က မြို့နယ်အတွင်းရှိ အထင်ကရရှေးဟောင်းဘုရားများသို့သွားရောက်ဆောင်ရွက်ခဲ့ကြသည်။

တန်ဆောင်မုန်းလပြည့်နေ့အခါသမယတွင် ဗုဒ္ဓဘုရားရှင်ကိုရည်မှန်းပူဇော်၍ မြောက်ဦးမြို့ပေါ်ရပ်ကွက်များမှပြည်သူများက ရှေးဟောင်းသမိုင်းဝင် အထင်ကရနေရာများဖြစ်သည့် သျှစ်သောင်းပုထိုးတော်ကြီးတွင်လည်းကောင်း၊ ထုက္ကန်သိမ်ပုထိုးတော်ကြီးတွင်လည်းကောင်း၊ မြောက်ဦးမြို့တည် ပုထိုးတော်ဖြစ်သော လေးမျက်နှာပုထိုးတော်ကြီးတွင်လည်းကောင်း စသည့် ရှေးဟောင်းသမိုင်းဝင် အထင်ကရဘုရားစေတီပုထိုးများတွင် ဆီမီး ၁၀၀၀၊ ပန်း ၁၀၀၀ ထွန်းညှိပူဇော်ခြင်းနှင့် သင်ပုန်းဆွမ်း ကပ်လှူပူဇော်ခြင်းများ၊ မီးပုံးပျံလွှတ်တင်ခြင်း၊ မီးရှူးမီးပန်းများ ပစ်လွှတ်ပူဇော်ခြင်းတို့ကို ဗုဒ္ဓဘုရားရှင်အားရည်မှန်းပူဇော်ကာ ကောင်းမှုကုသိုလ်များ ပြုလုပ်ခဲ့ကြသည်။

ဆက်လက်၍ မြို့ပေါ်ရပ်ကွက်များရှိ လူနေအိမ်များ၊ အများပြည်သူ သွားလာရာလမ်းများ စသည့်နေရာများ၌ ဆီမီးထွန်းညှိပူဇော်ခြင်းများကို ဆောက်ရွက်ခဲ့ကြပြီး ရှေးဟောင်းစေတီပုထိုးများ၌ ပြည်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**ခင်မောင်ထွန်း (ပြန်/ဆက်)**





## ကျောင်းကုန်းမြို့ အမတရောင်ခြည်ဘုရားဖြူကျောင်းတိုက်၌ တန်ဆောင်မုန်းလပြည့်နေ့ည မီးပုံးပျံပွဲဆင်နွှဲ

**ကျောင်းကုန်း နိုဝင်ဘာ ၃၀**

တန်ဆောင်မုန်းလပြည့်နေ့(သာမညဖလအခါတော်နေ့) တွင် ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် အမှတ်(၄) ရပ်ကွက် အမတရောင်ခြည်ဘုရားဖြူကျောင်းတိုက်၌ နိုဝင်ဘာ ၂၉ ရက် ည ၈ နာရီက မီးပုံးပျံလွှတ်တင်ပူဇော်ပွဲကို ပျော်ရွှင်စွာဆင်နွှဲခဲ့ကြသည်။

လေးကျွန်းထိပ်တင် ဘုရားဖြူစေတီတော်၌ ဆီမီးပူဇော်ကြခြင်း၊ မီးပုံးပျံလွှတ်တင်ပွဲသို့ လာရောက်ကြသူများအား ကြာဆံကြော်ဖြင့် ဧည့်ခံကျွေးမွေးခြင်းတို့ဖြင့် ပျော်ရွှင်စွာကျင်းပခဲ့ကြပြီး မျက်ရှင်တော်ပြည်လုံးချမ်းသာဘုရားကြီး၊ မိုဃ်းကောင်းဘုရားကြီး၊ ရွှေဘုန်းပွင့်စေတီတော်ကြီး၊ မြို့ဦးရွှေမြနန္ဒာစေတီတော်ကြီးတို့တွင် ဆီမီးထွန်းညှိပူဇော်ကြပြီး နေအိမ်များ၌လည်း ဆီမီးများထွန်းကြကြောင်း သိရသည်။

ယခုနှစ် ကိုဗစ်-၁၉ ရောဂါကာလဖြစ်သည့်အတွက် ယမန်နှစ်များကဲ့သို့ စည်ကားမှုမရှိသော်လည်း မြန်မာတို့၏ ယဉ်ကျေးမှုဓလေ့ထုံးစံအရ မြတ်စွာဘုရားရှင်အား ဆီမီးပူဇော်ကြကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

## ပါးစပ်နှင့် နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှားမှုများ မြို့နယ်အသီးသီးတွင်ဆောင်ရွက်

**မိုးနဲ**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ်တွင်ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်နိုင်ရေးအတွက် စာသင်တိုက်ရှိ ဘုန်းတော်ကြီးကျောင်းများသို့ ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှလှူဒါန်းသော နှာခေါင်းစည်းနှင့် မျက်နှာအကာအကွယ်များကို နိုဝင်ဘာ ၂၉ ရက် နံနက် ၈ နာရီက အဆိုပါဘုန်းတော်ကြီးကျောင်းများသို့ သွားရောက်လှူဒါန်းခဲ့သည်။

ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မျိုးထက်နှင့် ဝန်ထမ်းများ၊ မြို့နယ်ကျန်းမာရေးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်ရဲတပ်ဖွဲ့မှ တာဝန်ရှိသူများ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့မှ တာဝန်ရှိသူများ၊ စေတနာ့ဝန်ထမ်းများက မြို့ပေါ်ဘုန်းတော်ကြီးကျောင်း စာသင်တိုက်ရှိသော ဝိဇ္ဇာရိယဘုန်းတော်ကြီးကျောင်းတိုက်၊ ချမ်းသာကြီးကျောင်းတိုက်၊ သာသနာ့ပါလကျောင်းတိုက်၊ ဆုတောင်းပြည့်ကျောင်းတိုက်နှင့် နမ့်မော်ဆွမ့်ကျေးရွာ စိန်တောင်ဘုန်းတော်ကြီးကျောင်းတိုက်များသို့ နှာခေါင်းစည်း ၅၀၀၊ မျက်နှာအကာအကွယ် ၅၀၀ တို့ကို သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။ **မျိုးညွန့်ရွှေ (ပြန်/ဆက်)**



**သရက်**

မကွေးတိုင်းဒေသကြီး သရက်မြို့ရှိ မင်းတုန်းလမ်း ပြည်တော်အေးရပ်ကွက် အနောက်ဈေးကလေးတွင် ဈေးရောင်း၊ ဈေးဝယ်များ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုကာကွယ်ရေးစည်းကမ်းများကိုသိရှိလိုက်နာစေရန်နှင့် မိမိကိုယ်ကို ကာကွယ်နိုင်စေရန်ရည်ရွယ်၍ နိုဝင်ဘာ ၃၀ ရက် နံနက် ၈ နာရီက နှာခေါင်းစည်းနှင့် မျက်နှာအကာအကွယ်တပ်ဆင်ရေးလူထုလှုပ်ရှားမှုပြုလုပ်ခဲ့သည်။

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ဈေးရောင်း၊ ဈေးဝယ်များအား ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ အသိပညာပေးနှိုးဆော်ခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေပေးခြင်း၊ နှာခေါင်းစည်းနှင့် မျက်နှာအကာအကွယ်များကို အခမဲ့ဖြန့်ဝေပြီး စနစ်တကျတပ်ဆင်စေခြင်း၊ မလိုအပ်ဘဲ နေအိမ်ပြင်ပသွားလာခြင်းမပြုလုပ်ရေးနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာရေးတို့ကို အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့သည်။

**ဇော်ဝမ်းထွန်း(အောင်လံ)**

**မယ်စဲ့**

ကယားပြည်နယ် မယ်စဲ့မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ပြည်သူများအား နေအိမ်အပြင်ထွက်ပါက မျက်နှာနှင့် နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှားမှုပြုလုပ်ခြင်းကို နိုဝင်ဘာ ၂၉ ရက် နံနက်ပိုင်းက မြို့တွင်းရှိ လူစည်ကားရာနေရာများ၊ စားသောက်ဆိုင်နှင့် ကုန်စုံဆိုင်များ၌ လိုက်လံဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအောင်ဇော်ထွန်းဦးဆောင်၍ ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များပူးပေါင်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ကြေညာချက်များ၊ စည်းမျဉ်းစည်းကမ်းများနှင့် ဥပဒေများကိုလိုက်နာရင်း အိမ်တွင်းနေ၊ လက်ဆေး၊ နှာခေါင်းစည်းတပ်ဆိုသည့် အခြေခံကာကွယ်ရေးနည်းလမ်းများကို မဖြစ်မနေ လိုက်နာကြရန် အသိပညာပေးခဲ့ပြီး နှာခေါင်းစည်းတပ်ဆင်မှုမရှိသော လမ်းသွားလမ်းလာများအား နှာခေါင်းစည်းများဝေငှခြင်းနှင့် စားသောက်ဆိုင်၊ ကုန်စုံဆိုင်များအား နှာခေါင်းစည်းနှင့် မျက်နှာအကာအကွယ်တို့ကို ပေးဝေခဲ့ကြောင်း သိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**



**လွိုင်းဘွဲ့**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှု ကြိုတင်ကာကွယ်ထိန်းချုပ်ရေးအတွက် စည်ပင်သာယာမြို့မဈေး၊ ယာယီပျံကျဈေးနှင့် လူစည်ကားရာနေရာများတွင် နှာခေါင်းစည်းတပ်ဆင်ရေး ဆောင်ရွက်ခြင်းကို နိုဝင်ဘာ ၃၀ ရက် နံနက်ပိုင်းက ဆောင်ရွက်ခဲ့ကြသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်ချို၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးကျော်ကျော်လွင်၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး လက်ထောက်ကျန်းမာရေးမှူး ဒေါ်ချိုချိုဝင်းနှင့် ကျန်းမာရေးဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့နှင့် ကြက်ခြေနီတပ်ဖွဲ့တို့က စည်ပင်သာယာမြို့မဈေး၊ ယာယီပျံကျဈေးနှင့် လူစည်ကားရာနေရာများတွင် ပြည်သူများအပြင်သွားရာတွင် နှာခေါင်းစည်းတပ်ဆင်ခြင်းမရှိသူများအား နှာခေါင်းစည်းအခမဲ့ဖြန့်ဝေခြင်း၊ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ လူစုလူဝေးရှောင်ကြဉ်ခြင်းနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ညောင်လေးပင်မြို့နယ်တွင် ဆောင်းသီးနှံပဲတီစိမ်းကို မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုး

**ညောင်လေးပင် နိုဝင်ဘာ ၃၀**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်တွင် ဆောင်းသီးနှံ ပဲတီစိမ်းကို မျိုးစေ့ချကိရိယာဖြင့် စမ်းသပ်စိုက်ပျိုးလျက်ရှိကြောင်း မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှ သိရသည်။

အဆိုပါ မျိုးစေ့ချကိရိယာအား လယ်ထွန်စက်မြင်းကောင်ရေ ၄၇ ကောင်မှမြင်းကောင်ရေ ၉၀ အထိ တွဲသုံး၍ရကြောင်း၊ မြေအနေအထားပေါ်မူတည်ကာ ထယ်နှစ်ပြန် (သို့မဟုတ်) သုံးပြန်ထွန်ပြီး မျိုးစေ့ချကိရိယာဖြင့်စိုက်ပျိုးနိုင်ကြောင်း၊ ၎င်းကိရိယာတွင် မျိုးစေ့ချ ၁၀ တန်းပါရှိကာ စက်သွားနှုန်းပေါ်မူတည်၍ မျိုးစေ့ကိုလည်း အနည်းအများချိန်ညှိပေးကြောင်း၊ တစ်ဧကလျှင် ပဲမျိုး ၁၂ ပြည်နှုန်းဖြင့် ချိန်ညှိပေးထားကြောင်း၊ မည်သည့်ပဲမျိုးမဆို အသုံးပြု၍ရကြောင်း၊ တောင်သူများ တိုက်ရိုက်မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးလိုပါက စက်မှုလယ်ယာဦးစီးဌာနမှ စမ်းသပ်စိုက်ပျိုးသည့်ကာလဖြစ်သောကြောင့် တောင်သူမှ စက်ဆီဖိုးကျခံစေကာ မျိုးစေ့ချကိရိယာ၊ ထွန်စက်နှင့် မောင်းသူအသုံးပြု၍ ဝန်ဆောင်မှုပေးလျက်ရှိကြောင်း စက်မှုလယ်ယာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရားကိုင်ထန်းက ပြောကြားသည်။

"မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးတဲ့အတွက် ပင်ခြား လေးလက်မ၊ တန်းခြား ၁၀ လက်မနဲ့ အပင်ပေါက်ကျဲခြင်းစိတ်ခြင်း မရှိတော့ဘဲ အပေါက်ညီတယ်၊ အပင်တွေက အတန်းလိုက်ဖြစ်တာကြောင့် အသီးခြွေလို့လည်းအဆင်ပြေတယ်၊ ရိတ်သိမ်းမယ်ဆိုလည်း အဆင်ပြေတယ်၊ အပင်လေဝင်လေထွက်ကောင်းတာကြောင့် ပိုးမွှားကျမှုနည်းပြီး ဆေးဖိုးကုန်ကျစရိတ် သက်သာတယ်၊ တစ်ဧက ကုန်ကျစရိတ်လျှော့ချနိုင်မယ်၊ လုပ်သားရှားပါးတဲ့အချိန်မှာ မျိုးစေ့ချကိရိယာကို အသုံးပြုစိုက်တာကြောင့် တစ်နာရီကို သုံးဧကလောက်ပြီးလို့ လုပ်ငန်းမြန်ဆန်ပါတယ်" ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဒုဦးစီးမှူး ဦးမြတ်ဇော်မင်းက ပြောကြားသည်။

ညောင်လေးပင်မြို့နယ်တွင် ပဲမျိုးစုံစိုက်ဧက ၁၂၀၀၀၀ ကျော်တွင် လက်ရှိ၅၀ ရာခိုင်နှုန်းကျော် စိုက်ပျိုးပြီးဖြစ်ကာ မြို့နယ်စက်မှုလယ်ယာဦးစီးဌာန၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ရွှေလယ်ယာဝန်ဆောင်မှုအသင်းတို့ ပူးပေါင်း၍ မျိုးစေ့ချကိရိယာဖြင့်စမ်းသပ်စိုက်ပျိုးထားသော ပဲတီစိမ်းစိုက်ဧက ၂၅၀ ကျော်ရှိပြီဖြစ်ကြောင်း သိရသည်။

**သက်လွင် (ညောင်လေးပင်)**

## အပူပိုင်းဇုန်အတွင်းကျရောက်လျက်ရှိသော မြို့နယ် ၁၀ မြို့နယ်တွင် ကျေးရွာသုံးထင်းစိုက်ခင်းဧက ၄၀၀ စိုက်ပျိုးသွားမည်

**မုံရွာ နိုဝင်ဘာ ၃၀**

အပူပိုင်းဇုန်အတွင်း ကျရောက်လျက်ရှိသော စစ်ကိုင်းတိုင်းဒေသကြီးရှိ ခရိုင်လေးခုအတွင်း ပါဝင်သော မြို့နယ် ၁၀ မြို့နယ်၌ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာသုံးထင်းစိုက်ခင်း ဧက ၄၀၀ ကို အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ဦးစီးဌာနမှ စိုက်ပျိုးပေးသွားမည်ဖြစ်သည်။

သစ်တောသစ်ပင်များမှ ရရှိမည့် အကျိုးကျေးဇူးများကို ကျေးလက်ဒေသနေပြည်သူများ နားလည်သိရှိစေပြီး သဘာဝပတ်ဝန်းကျင်ကို ဝိုင်းဝန်းထိန်းသိမ်းတတ်သည့် အလေ့အကျင့်ကောင်းများရရှိစေရန်၊ မိမိတို့စိုက်ပျိုးသော သစ်တောသစ်ပင်များမှထွက်ရှိသည့် သစ်နှင့် ထင်းများကို စနစ်တကျအသုံးပြုတတ်စေရန် ကျေးရွာသုံး ထင်းစိုက်ခင်းများကို စိုက်ပျိုးပေးခြင်းဖြစ်သည်။

"အပူပိုင်းဒေသမှာ ပေါက်ရောက်နေတဲ့ သစ်ပင်တစ်ပင်က ရှင်သန်ဖို့ဆိုတာ နှစ်အများကြီးကြာတယ်၊ စိုက်ပျိုးမှုမရှိဘဲ ခုတ်ယူမှုသာရှိနေမယ်ဆိုရင် ရေရှည်မှာ အပူပိုင်းဇုန်အတွင်းက ရုန်းထွက်ဖို့ မလွယ်ကူပါဘူး၊ အဲဒီအတွက် ကျွန်တော်တို့ဌာနကဦးစီးပြီး ကျေးရွာသုံး ထင်းစိုက်ခင်းတွေကို တည်ထောင်စိုက်ပျိုးပေးတာပါ၊ ကျေးရွာတစ်ရွာကို တစ်ဧကစိုက်ပေးတယ်၊ အဲဒီမှာ ဌာနကဝန်ထမ်းတွေဦးစီးပြီး စိုက်ခင်းကို ဖော်ဆောင်ပေးမယ်၊ အပင်ရှင်သန်ဖို့ကို လုပ်ဆောင်ပေးပြီး စိုက်ခင်းစနစ်တကျပေါ်လာပြီဆိုရင် ကျေးရွာကအုပ်ချုပ်ရေးအဖွဲ့ကို စာရွက်စာတမ်းနဲ့ စနစ်တကျလွှဲပြောင်းပေးသွားမှာဖြစ်ပါတယ်" ဟု စစ်ကိုင်းတိုင်းဒေသကြီး အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဘလွင်ဦးက ပြောကြားသည်။

ကျေးရွာသုံး ထင်းစိုက်ခင်းစိုက်ပျိုးမည့် အစီအစဉ်အဖြစ် အပူပိုင်းဇုန်အတွင်းကျရောက်လျက်ရှိသော ရွှေဘိုခရိုင်အတွင်းရှိ မြို့နယ်လေးမြို့နယ်တွင် ၁၆၅ ဧကအားလည်းကောင်း၊ မုံရွာခရိုင်အတွင်းရှိ မြို့နယ်သုံးမြို့နယ်တွင် ဧက ၁၁၀ အားလည်းကောင်း၊ ယင်းမာပင်ခရိုင်အတွင်းရှိ မြို့နယ်နှစ်မြို့နယ်တွင် ၇၅ ဧကအားလည်းကောင်း၊ စစ်ကိုင်းခရိုင်အတွင်းရှိ မြင်းမူမြို့နယ်တွင် ဧက ၅၀ အားလည်းကောင်း လာမည့်မိုးရာသီတွင် စိုက်ပျိုးပေးသွားမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ သိရသည်။

**ဝင်းဦး**
**(ဧယျာတိုင်း)**



## မြေပဲပေါင်းပေါက်ရာတွင် ဒေသထွက် ပေါင်းတွန်းကိရိယာကို တွင်ကျယ်စွာအသုံးပြုလာ

**မန္တလေး နိုဝင်ဘာ ၃၀**

မန္တလေးမြို့ အမရပူရမြို့နယ် ဧရာဝတီမြစ်ဘေးရှိ ကျွန်းမြေများတွင်စိုက်ပျိုးသော မြေပဲများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။ လက်ရှိကာလ မြေပဲစိုက်ပျိုးမှုတွင် မြေတစ်ဧကလျှင် မြေပဲနှစ်တင်းခွဲခန့် စိုက်ပျိုးကြရသည်။ များသောအားဖြင့် ကျွန်းမြေများတွင် မြေပဲတစ်သီးကို အားထားစိုက်ပျိုးကြသည်။

လက်ရှိကာလတွင် အစောစိုက်မြေပဲများမှာ မြေပဲပင်တစ်လသားအရွယ်ရောက်သည့်အတွက် မြေပဲပေါင်းပေါက်ခြင်းများ ပြုလုပ်လာကြသည်။ မြေပဲပေါင်းပေါက်ရာတွင် ပေါင်းတွန်းလှည်းဟုခေါ်သည့် ဒေသတွင်းပြုလုပ်သည့် လက်တွန်း ပေါင်းသင်သည့်ကိရိယာကို အသုံးပြုမှုများလာကြသည်။ လက်တွန်းပေါင်းသင်သည့်ကိရိယာကိုအမရပူရမြို့နယ် ရှမ်းကလေးကျွန်းရွာတွင် ပြုလုပ်လျက်ရှိသည်။ ပေါင်းတွန်းသည့် ကိရိယာတစ်ခုလျှင် ငွေကျပ် ၄၅၀၀၀ ကျော်ရှိပြီး ပေါင်းတွန်းသည့်ထယ်သွားနှင့် ပေါင်ဖို့သည့် ထယ်သွားများ ပါဝင်သည်။

ပေါက်ပြားဖြင့် မြေပဲခင်းပေါင်းပေါက်ပါက တစ်ဧကလျှင် လူငါးယောက် ပေါင်းပေါက်ရသည်။ ပေါင်းတွန်းကိရိယာဖြင့် ပေါင်းပေါက် ပေါင်းတွန်းပါက တစ်ဧကလျှင် လူနှစ်ယောက်ဖြင့်ပြီးစီးသည်။ ပေါင်းတွန်းခြင်းလုပ်ငန်း၊ ပေါင်းပေါက်ခြင်းလုပ်ငန်း အငှားလိုက်သူများမှာ နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ အလုပ်လုပ်ပါက ငွေကျပ် ၆၀၀၀ ရရှိသည်။ လက်ရှိကာလ မြေပဲပေါင်းပေါက်ချိန်တွင် ပေါင်းတွန်းသည့် ကိရိယာကိုသာ တွင်ကျယ်စွာအသုံးပြုလျက်ရှိကြောင်း သိရသည်။

**နွေနဒီ (မြစ်ငယ်)**

## မိုးရေကြောင့် ထိခိုက်ပျက်စီးသွားသည့်သီးနှံစိုက်ခင်းများ ပြန်လည်စိုက်ပျိုးထား

**ဂန့်ဂေါ နိုဝင်ဘာ ၃၀**

ဂန့်ဂေါမြို့နယ်အတွင်း မြစ်ချောင်းများ ရေလျှံသဖြင့် ဆောင်းသီးနှံစိုက်ခင်း အချို့ ရေဝင်နစ်မြုပ်မှုရှိခဲ့ရာ ထိခိုက်ပျက်စီးသော သီးနှံများအား ပြန်လည်စိုက်ပျိုးထားကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရေကြီးနစ်မြုပ်မှုကြောင့် မိုးစပါး အပါအဝင် ထောပတ်ပဲ၊ ပဲတီစိမ်း၊ စွန်တာနီ၊ ပဲယင်း၊ ပဲနောက် စသည့် ဆောင်းသီးနှံများ၊ စုစုပေါင်း သီးနှံ ၁၀ မျိုး စိုက်ဧက ၁၀၅၃ ဧက ထိခိုက်ပျက်စီးခဲ့ရာ မိုးစပါး ပျက်စီးဧက ၃၂ ဧကနေရာတွင် စားတော်ပဲ ၂၂ ဧကနှင့် ကုလားပဲ ၁၀ ဧကကိုလည်းကောင်း၊ အခြားဆောင်းသီးနှံ စိုက်ခင်းနေရာများတွင် မူလသီးနှံကို ပြန်လည်၍လည်းကောင်း၊ စားတော်ပဲနှင့် ပဲယင်းကိုအစားထိုး၍လည်းကောင်းပြန်လည်စိုက်ပျိုးခဲ့ကြကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပြန်လည်စိုက်ပျိုးထားသည့် သီးနှံစိုက်ခင်းများတွင် ပိုးမွှားရောဂါကျရောက်မှု အခြေအနေကို သိရှိနိုင်ရန်နှင့် ကြိုတင်ကာကွယ်နှိမ်နင်းနိုင်ရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှသီးနှံကာကွယ်ရေးတာဝန်ခံ ဦးသူရဇော်နှင့် ဝန်ထမ်းများသည် နိုဝင်ဘာ ၂၈ ရက်တွင် တောင်ယာပြင်ကျေးရွာနှင့် ကျွန်းဒတ်ကျေးရွာများသို့ ကွင်းဆင်းစစ်ဆေးခဲ့ကြပြီး ရေကြီးနစ်မြုပ်သဖြင့် ပြန်စိုက်သည့် ပဲနှင့် မြေပဲသီးနှံများတွင် ပင်ရင်းပုပ်ရောဂါကျရောက်တတ်သဖြင့် စနစ်တကျကာကွယ်နှိမ်နင်းတတ်စေရန် တောင်သူများနှင့် ပညာပေးဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **စိန်ကျော်**





## ငဖဲမြို့နယ်တွင် ကော်ဖီနှင့် အခြားအရိပ်ရပျိုးပင် ၈၉၀၀၀ ပျိုးထောင်

**ငဖဲ နိုဝင်ဘာ ၃၀**

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ကော်ဖီရာသီ သီးနှံဌာနခွဲ ကော်ဖီနည်းပညာဖွံ့ဖြိုးရေးခြံ (နတ်ရေကန်) တွင် တောင်ပေါ်ဒေသ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ စိမ်းလန်းစိုပြည်ရေးနှင့် ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးရေးတို့အတွက် တောင်သူများ ကော်ဖီနှင့်တွဲဖက်စိုက်ပျိုးနိုင်ရန်အတွက် ကော်ဖီခြံပျိုးဥယျာဉ်တွင် ကော်ဖီနှင့် အခြားအရိပ်ရပျိုးပင် ၈၉၀၀၀ ကို ပျိုးထောင်ထားရှိသည်။

ငဖဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ကော်ဖီရာသီ သီးနှံဌာနခွဲမှ ကော်ဖီခြံတာဝန်ခံ ဦးဇော်သိန်းနှင့် ဝန်ထမ်းများက ကော်ဖီပျိုးပင် ၈၀၀၀၀၊ ထောပတ် ၂၀၀၀၊ မက္ကတေးမီးယား ၂၀၀၀ နှင့် မျောက်ငို ၅၀၀၀ စုစုပေါင်းပျိုးပင် ၈၉၀၀၀ ကို ပျိုးထောင်ထားရှိပြီး ၂၀၂၁ ခုနှစ် မိုးရာသီတွင် တောင်ပေါ်ဒေသခံ ကော်ဖီစိုက်တောင်သူများအား ဖြန့်ဝေသွားမည်ဖြစ်ကြောင်းနှင့် ငဖဲမြို့နယ် တောင်ပေါ်ဒေသအနေဖြင့် ကော်ဖီစိုက်ဧက ၁၀၃၆ ဧကရှိကြောင်း သိရသည်။

**မယု**
**(ငဖဲ)**

# မဒေါက်မြို့၌ (၄၈) ကြိမ်မြောက် မီးမျှောပူဇော်ပွဲ ရိုးရာမပျက် ကျင်းပ

**မဒေါက် နိုဝင်ဘာ ၃၀**

(၄၈) ကြိမ်မြောက် မဒေါက်ဒေသတန်ဆောင်တိုင် မီးမျှောပူဇော်ပွဲကို ယနေ့ ညနေ ၆နာရီက ညောင်လေးပင်မြို့နယ် မဒေါက်မြို့ စစ်တောင်းမြစ်ကမ်းနံဘေး၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး စည်းကမ်းချက်များနှင့်အညီ ရိုးရာမပျက် မီးမျှောပူဇော်ခဲ့ကြောင်း ပွဲတော်ကျင်းပရေး ကော်မတီထံမှ သိရသည်။

" (၄၈) ကြိမ်မြောက် တန်ဆောင်တိုင် မီးမျှောပူဇော်ပွဲတော်ကို ရိုးရာမပျက် အကြိမ်ရေမပျက်စေရန် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏စည်းကမ်းနှင့်အညီ အကျဉ်းချုံးပြီးတော့ ရှင်ဥပဂုတ္တမထေရ်မြတ်ကြီးကို မီးကြာခွက် ၄၅၀၀ နဲ့ ပူဇော်ပါတယ်။ မနှစ်က (၄၇) ကြိမ်မြောက်တုန်းကတော့ ပျော်ပွဲရွှင်ပွဲတွေနဲ့ တက်ခုတ်တက်ပျံယိမ်း၊ မြန်မာ့ရိုးရာလှေပြိုင်ပွဲ၊ လက်ဝှေ့ပွဲ၊ ခြင်းအလှခတ်ပွဲ၊ ဇာတ်ပွဲတွေနဲ့ မီးကြာခွက်ပေါင်း ၄၅၀၀၀ ရေမျှောပူဇော်ခဲ့တယ်။ ဒီနှစ်ကတော့ ကိုဗစ်ကပ်ရောဂါ ရှိနေတဲ့အတွက် ပျော်ပွဲရွှင်ပွဲတွေ မထည့်တော့ဘဲ ရိုးရာမပျက် မီးမျှောပူဇော်ခဲ့ပါတယ်" ဟု ပွဲတော်ကျင်းပရေး ကော်မတီဥက္ကဋ္ဌ ဦးမျိုးကျော်က ပြောသည်။

အဆိုပါ တန်ဆောင်တိုင်မီးမျှောပူဇော်ပွဲတော်သည် နှစ်စဉ် တန်ဆောင်မုန်းလဆန်း ၁၄ ရက်မှ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိသော ရိုးရာပွဲတော်တစ်ခုဖြစ်ကြောင်း သိရသည်။

**သက်လွင် (ညောင်လေးပင်)**





# ပျဉ်းမနားမြို့ ဆုတောင်းပြည့်လောကမာရဇိန်စေတီတော်၌ (၃၁)ကြိမ်မြောက် ပန်းစေတီနှင့် ဆီမီး၊ ပန်း၊ နံ့သာ၊ ရေချမ်း ငါးထောင်တို့ဖြင့် ပူဇော်

**ပျဉ်းမနား နိုဝင်ဘာ ၃၀**

နေပြည်တော် ပျဉ်းမနားမြို့နယ် ရန်အောင်(၂)ရပ်ကွက်တွင် တည်ထားကိုးကွယ်လျက်ရှိသည့် ဆုတောင်းပြည့် လောကမာရဇိန်စေတီတော်မြတ်ကြီးတွင် (၃၁)ကြိမ်မြောက် ပန်းစေတီနှင့် ဆီမီးငါးထောင်၊ ပန်းပေါင်းစုံငါးထောင်၊ နံ့သာငါးထောင်နှင့် ရေချမ်း ငါးထောင် ကပ်လှူပူဇော်ပွဲကို ယမန်နေ့ ည ၇ နာရီတွင် ဆုတောင်းပြည့် လောကမာရဇိန်စေတီတော် ရင်ပြင်တော်ပေါ်၌ ကျင်းပသည်။

ပန်းစေတီနှင့် ဆီမီး ငါးထောင်၊ ပန်းပေါင်းစုံ ငါးထောင်၊ နံ့သာငါးထောင်နှင့် ရေချမ်းငါးထောင် ကပ်လှူပူဇော်ပွဲနှင့် ပတ်သက်၍ ယခင်နှစ်တွေက ယခုလိုကပ်လှူပူဇော်ပွဲကို ဘုရားဖူးများဖြင့် စည်စည်ကားကား ကျင်းပနိုင်ခဲ့ကြောင်း၊ ယခုနှစ်မှာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ကိုဗစ်-၁၉ရောဂါနှင့်ပတ်သက်သည့် ထုတ်ပြန်ထားသော စည်းကမ်းချက်များနှင့်အညီ အစဉ်အလာမပျက် ကျင်းပခြင်းဖြစ်ပြီး ထူးခြားမှုအနေဖြင့် ပန်းစေတီပါ ပူဇော်နိုင်ခဲ့ကြောင်း ပျဉ်းမနားမြို့ ဆုတောင်းပြည့် လောကမာရဇိန်စေတီတော် ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးသိန်းဝင်းက ပြောသည်။

အဆိုပါ ဆုတောင်းပြည့် လောကမာရဇိန်စေတီတော်သည် ပျဉ်းမနားမြို့တွင် ကောဇာသက္ကရာဇ် ၁၂၃၄ ခုနှစ်တွင် ရတနာပုံနေပြည်တော် သင်္ဂါယနာတင်ဘဝရှင် မင်းတုန်းမင်းကြီး အမိန့်အရ ဆင်ဝန် ဦးဖိုးမောင်းက ကြီးကြပ်တည်ခဲ့ပြီး မင်းတုန်းမင်းကြီးကိုယ်တိုင် ထီးတော်တင်လှူ အောင်မြင်တော်မူသည့် စေတီတော်ဖြစ်ကာ ဆီမီး ငါးထောင်၊ ပန်းပေါင်းစုံ ငါးထောင်၊ နံ့သာ ငါးထောင်နှင့် ရေချမ်း ငါးထောင် ကပ်လှူပူဇော်ပွဲကို နှစ်စဉ် တန်ဆောင်မုန်းလပြည့်နေ့တိုင်း ကျင်းပလာသည်မှာ (၃၁)ကြိမ်မြောက်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

**စိုးမိုး(ပြန်/ဆက်)**

# နမ္မတူမြို့နယ် အသွားအလာကန့်သတ်စောင့်ကြည့်ရေးစခန်း၌ တစ်ကိုယ်ရေသုံးပစ္စည်းများ ထောက်ပံ့

**နမ္မတူ နိုဝင်ဘာ ၃၀**

စိမ်းလန်းဘဝလူမှုဖွံ့ဖြိုးမှုအဖွဲ့ (Glad)မှ ကန့်သတ်စောင့်ကြည့်စခန်း ဝင်ရောက်နေသူများအား တစ်ကိုယ်ရေသုံးပစ္စည်း ၂၀ ပါ Hygiene Kit များ ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့ နံနက် ၁၁ နာရီခန့်က ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ္မတူမြို့နယ် သတ္တုတွင်းဝန်ကြီးဌာန အခြေခံသတ္တုတွင်း လုပ်ငန်းခွင်သင်တန်းကျောင်းရှိ အသွားအလာ ကန့်သတ်စောင့်ကြည့်ရေးစခန်း၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ ထောက်ပံ့ပေးအပ်ရာတွင် နမ္မတူမြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးကော်မတီမှ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ မြို့နယ် မီးသတ်တပ်ဖွဲ့၊ စိမ်းလန်းဘဝ လူမှုဖွံ့ဖြိုးမှုအဖွဲ့ (Glad)၊ Women's Lead အဖွဲ့နှင့် မိတ်ဆွေကောင်းလူမှုကူညီရေးအသင်းတို့က ကန့်သတ်စောင့်ကြည့်ရေးစခန်းရှိ ကန့်သတ်စောင့်ကြည့်ထားသူ အမျိုးသား ၁၅ ဦး၊ အမျိုးသမီး လေးဦး စုစုပေါင်း ၁၉ ဦးတို့အား တစ်ဦးလျှင် တစ်ကိုယ်ရေသုံးပစ္စည်း ၂၀ ပါ ရောဂါကာကွယ်ရေးဝတ်စုံတစ်စုံနှုန်း ထောက်ပံ့ပေးအပ်ခဲ့သည်။

ဆက်လက်၍ စိမ်းလန်းဘဝ လူမှုဖွံ့ဖြိုးမှုအဖွဲ့ (Glad)က ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် နမ္မတူမြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီသို့ တစ်ကိုယ်ရေသုံး ကာကွယ်ရေးဝတ်စုံ ငါးစုံ၊ နှာခေါင်းစည်း တစ်ဘူး၊ လက်အိတ် တစ်ဘူးနှင့် ခေါင်းစွပ် တစ်ဘူးကိုလည်းကောင်း၊ မိတ်ဆွေကောင်းလူမှုကူညီရေးအသင်းသို့ တစ်ကိုယ်ရေသုံး ကာကွယ်ရေးဝတ်စုံ ငါးစုံကိုလည်းကောင်း အသီးသီး ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**လူမော် (ပြန်/ဆက်)**





# နိုဝင်ဘာ ၂၀ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၁၂၂၇ ဦး တွေ့ရှိ

**COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**
**(၂၀-၁၁-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ**

(၁၉-၁၁-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၀-၁၁-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁၅,၉၃၅) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၂၂၇) ဦး တွေ့ရှိရပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၂၀-၁၁-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) | (၁,၄၆၀) ခု | (၁၂၇) ဦး |
| ဆေးသုတေသနဦးစီးဌာန (ရန်ကုန်) | (၄၉၄) ခု | (၆၄) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) | (၅၂၀) ခု | (၆၃) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မုဆယ်) | (၃၁၂) ခု | - |
| ရန်ကုန်မြို့ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၈၇) ခု | (၂၆) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၄၂) ခု | (၂၁) ဦး |
| စစ်တွေမြို့ အမှတ် (၁၇) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၃၀) ခု | (၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် Gene Xpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၂) ခု | (၃၀) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၇၀၀) ခု | (၂၃၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၁,၅၈၆) ခု | (၆၀၀) ဦး |
| စုစုပေါင်း | (၁၅,၉၃၅) ခု | (၁၂၂၇) ဦး |

စာမျက်နှာ ၁၆ ကော်လံ ၁ သို့ ❍

## မုဒုံမြို့နယ်၌ ရွှေ့ပြောင်းအလုပ်သမားများအား နှာခေါင်းနှင့် အာခေါင်တို့ဖတ် နမူနာရယူ



**မုဒုံ နိုဝင်ဘာ ၂၀**
မွန်ပြည်နယ် မုဒုံမြို့နယ် မြို့မ(၂) ရပ်ကွက် အုတ်ဖိုကွင်း၌ ရွှေ့ပြောင်းအလုပ်သမားများအား ယနေ့နံနက် ၉ နာရီက Rapid Test Kit ဖြင့် နှာခေါင်းနှင့် အာခေါင်တို့ဖတ် နမူနာရယူ၍ ကိုဗစ်-၁၉ ရောဂါပိုး ရှိ၊ မရှိ စစ်ဆေးကြောင်း သိရသည်။

**နမူနာရယူစစ်ဆေး**

ထိုသို့ စစ်ဆေးရာတွင် မုဒုံမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးမှူး ဒေါ်အိအိချိုနှင့် ကျန်းမာရေးဝန်ထမ်းများက မြို့မ(၂) ရပ်ကွက် အုတ်ဖိုသို့ အနယ်နယ်အရပ်ရပ်မှ ရောက်ရှိလာကြသော အုတ်လုပ်ငန်းလုပ်ကိုင်ကြသည့် ရွှေ့ပြောင်းအလုပ်သမား စုစုပေါင်း ၉၅ ဦးအား Rapid Test Kit ဖြင့် နှာခေါင်းနှင့် အာခေါင်တို့ဖတ် နမူနာရယူစစ်ဆေးခဲ့ကြသည်။ အဆိုပါ ရွှေ့ပြောင်းအလုပ်သမားများမှာ နေအိမ်တွင် အသွားအလာကန့်သတ်စောင့်ကြည့်ထားရှိသူများဖြစ်ကြောင်း သိရသည်။

အောင်မျိုးသူ(ပြန်/ဆက်)



## ထန်းတပင်၌ မြို့ဝင်၊ မြို့ထွက် အသွားအလာများအား စစ်ဆေးကြပ်မတ်

**ထန်းတပင် နိုဝင်ဘာ ၂၀**
ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ်အတွင်းသို့ ဝင်ရောက်လာကြသူများနှင့် မြို့တွင်းမှပြင်ပသို့ ထွက်ခွာသွားလာသူများအား အသွားအလာများ စိစစ်ကာ စစ်ဆေးဆောင်ရွက်ခြင်းများကို ယနေ့မွန်းလွဲပိုင်းတွင် မြို့နယ်တာဝန်ရှိသူများက ထန်းတပင်မြို့အဝင်၌ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စစ်ဆေးကြပ်မတ်**

"ထန်းတပင်မြို့နယ်က နေအိမ်တွင်နေထိုင်ရေးကာလဖြစ်တဲ့အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ ညွှန်ကြားချက်တွေနဲ့အညီ နေအိမ်ပြင်ပကို သွားလာခွင့်ရှိသူများမှအပ ကျန်သူတွေ မလိုအပ်ဘဲ နေအိမ်ပြင်ပကို ထွက်ခွာမှုမရှိစေရေးဆိုပြီးတော့ လူဝင်၊ လူထွက်များတဲ့ နေရာတွေမှာ စစ်ဆေးကြပ်မတ်တာကို ဆောင်ရွက်နေတာပါ။ ဒီလိုစစ်ဆေးမှုကိုလည်း နေအိမ်တွင်နေထိုင်ရေးကာလမှာ တောက်လျှောက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်"ဟု မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဇော်လင်းက ရှင်းပြသည်။

မြို့ဝင်၊ မြို့ထွက် အသွားအလာ စစ်ဆေးကြပ်မတ်မှုများ ဆောင်ရွက်ရာတွင် မြို့တွင်းသို့ တခြားဒေသမှ လာရောက်လည်ပတ်သူများအား ပြန်လည်စေလွှတ်ခြင်း၊ မြို့တွင်းသို့ ကျန်းမာရေးကိစ္စရပ်နှင့် ကုန်စည်စီးဆင်းနိုင်စေရေးတို့အတွက် ဝင်ရောက်ပါကလည်း သက်ဆိုင်ရာ ထောက်ခံချက်များအား စိစစ်၍ မြို့နယ်အတွင်းသို့ ဝင်ရောက်ခွင့်ပြုခြင်းနှင့် မလိုအပ်ဘဲ နေအိမ်ပြင်ပသို့ မထွက်ခွာစေရေးတို့ဖြင့် အသွားအလာများကို စိစစ်ကြပ်မတ်ဆောင်ရွက်လျက်ရှိသကဲ့သို့ နှာခေါင်းစည်း ဝတ်ဆင်ထားခြင်းမရှိပါကလည်း နှာခေါင်းစည်းများ(အခမဲ့) ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ဇင်မင်းထိုက်(ပြန်/ဆက်)

**ကြေးမုံ ယနေ့ဖတ်စရာ**

တိုကျိုအိုလံပစ်ပြိုင်ပွဲတွင် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ဆောင်ရွက်မှုအတွက် ကန်ဒေါ်လာ သန်း ၉၆၀ ကျော် ကုန်ကျမည်ဟု ခန့်မှန်း

စာမျက်နှာ » ၁၃

ရာပြည့်တက္ကသိုလ်ကြီးနှင့် ဘဝမှတ်တမ်း

စာမျက်နှာ » ၁၈

၂၀၂၁ ဆီးဂိမ်းပြိုင်ပွဲအတွက် မြန်မာ့လက်ရွေးစင် အမျိုးသမီးဖူဆယ်အသင်း ဖွဲ့စည်းရန် ဆောင်ရွက်နေ

စာမျက်နှာ » ၂၆